ဓမ္မစရိယာစ ဧတံ မင်္ဂလ မုတ္တမံ၊ ကောင်းမြတ်သော သုစရိုက်တရားတို့ကို ကျင့်ခြင်းသည် မြတ်သောမင်္ဂလာမည်၏။

မြန်မာ့အလင်း

၁၂၇၅ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၇ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၄ ရက်၊ ၂၀၀၆ ခုနှစ်၊ ဖေဖော်ဝါရီ ၉ ရက်၊ တနင်္လာနေ့၊ အတွဲ(၄၁)၊ အမှတ်(၁၃၂)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ဇနီးဒေါ်မြမြစန်း မဟာရွှေစည်းကြီးစေတီတော် ဗုဒ္ဓပူဇနိယပွဲတော်ကြည်ညို

ရန်ကုန် ဖေဖော်ဝါရီ ၈

စစ်ကိုင်းတိုင်း ရွှေဘိုခရိုင် ကန့်ဘလူမြို့နယ် ကန့်ဘလူမြို့ မဟာကမ္မဗလကုန်းတော်ပြင်၌တည်ထားသည့် မဟာရွှေစည်းကြီးစေတီတော်၏ စတုတ္ထအကြိမ် ဗုဒ္ဓပူဇနိယပွဲတော်ကို ဖေဖော်ဝါရီ ၆ ရက် နံနက်ပိုင်းတွင် မဟာရွှေစည်းကြီးစေတီတော်၌ ကျင်းပရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့်ဇနီး ဒေါ်မြမြစန်းတို့ တက်ရောက်ကြည်ညိုကြပြီး သံဃာတော်၊ အရှင်သူမြတ်များအား ဆွမ်းဆန်စိမ်းနှင့်လှူဖွယ်ပစ္စည်းများလောင်းလှူကြသည်။ *စာမျက်နှာ ၃ ကော်လံ ၁* ■

ယနေ့ထုတ်
စောင်ရေ
၁၉၉၁၇၀

(၅၇)နှစ်မြောက် ပြည်ထောင်စုနေ့ဂုဏ်ပြုကြိုဆို

"ခက်ခက်ခဲခဲတည်ဆောက်ယူခဲ့ရသော ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီး အစွန့်ရှည်တည်တံ့ရေးအတွက် တိုင်းရင်းသားပြည်သူများက ပြည်ထောင်စုစိတ်ဓာတ်ဖြင့် ဝိုင်းဝန်းပူပေါင်းဆောင်ရွက်ကြရမည် ဖြစ်ပေသည်။"

မောင်မောင်စိုး၏ (၅၇)နှစ်မြောက် ပြည်ထောင်စုနေ့ အကြိုဂုဏ်ပြု ဆောင်းပါး **"တိုင်းရင်းသားများ စုပေါင်းအားဖြင့် နိုင်ငံတော်သစ် တည်ဆောက်မည်"**ကို စာမျက်နှာ (၈–၉)၊ စလင်းဘုန်းကျော်၏ **"ရဲမာန်ဝင့်ကြွား တို့ရွှေပြည်"**ကဗျာကို စာမျက်နှာ(၁၂)နှင့် **"စစ်ကိုင်းတိုင်း၏ ဖွံ့ဖြိုးတိုးတက်မှုမြင်ကွင်း"**တို့ကို စာမျက်နှာ(၇)တွင် ဝေဝေဆာဆာ ဖော်ပြထားပါသည်။

(မြန်မာ့အလင်း)

တိုင်းရင်းသားစည်းလုံးညီညွတ်ရေးနှင့် ပြည်ထောင်စုမပြိုကွဲရေးတို့ကိုထိန်းသိမ်းကာကွယ်လျက်ရှိသည်

နိုင်ငံတော်အစိုးရသည် တိုင်းရင်းသားအဖွဲ့အစည်းများကို ဥပဒေဘောင်အတွင်းပြန်လည်ဝင်ရောက်ကြရေးအတွက် စိတ်ရှည်လက်ရှည်ကြိုးစားဆောင်ရွက်ခဲ့ရာအောင်မြင်မှုများရရှိခဲ့ပြီးအမျိုးသား ပြန်လည် စည်းလုံးညီညွတ်ရေးကို တည်ဆောက်နိုင်ခဲ့ပြီ ဖြစ်ပါသည်။

ထိုသို့ အမျိုးသားပြန်လည်စည်းလုံးညီညွတ်မှုရရှိခဲ့၍ နိုင်ငံနှင့်အဝန်း တည်ငြိမ်အေးချမ်းလာသည့်အလျောက် ဝေးလံခေါင်းပါးပြီး ဖွံ့ဖြိုးမှုနောက်ကျသော နယ်စပ်ဒေသများအပါအဝင် ကျေးလက်ဒေသများတွင် လမ်းပန်းဆက်သွယ်ရေး၊ ရေရရှိရေး၊ စီးပွားရေး၊ ကျန်းမာရေး၊ ပညာရေး ဘက်ပေါင်းစုံ၌ ဖွံ့ဖြိုးတိုးတက်စေပြီး ကျေးလက်နှင့် မြို့ပြဖွံ့ဖြိုးမှုကွာဟချက်ကျဉ်းမြောင်းအောင် ဆောင်ရွက်ရင်း တိုင်းရင်းသား စည်းလုံးညီညွတ်ရေးနှင့် ပြည်ထောင်စု မပြိုကွဲရေးတို့ကို ထိန်းသိမ်းကာကွယ်လျက်ရှိပါသည်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ

(၅၇)နှစ်မြောက် ပြည်ထောင်စုနေ့သဝဏ်လွှာမှ–

ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး ရွှေဘိုရတနာမင်္ဂလာနန်းတော်စီမံကိန်းနှင့်ရေလှောင်တမံများစစ်ဆေး သဖန်းဆိပ်ရေလှောင်တမံဆည်ရေဖြင့် မိုးစပါးနှင့်နွေစပါး ဧကရှစ်သိန်းရှစ်သောင်းကျော်တိုးတက်စိုက်ပျိုးနိုင် ယခင်ကနွေနှမ်းစိုက်ပျိုးခြင်းလုံးဝမရှိခဲ့သည့်ဒေသ ယခုနွေနှမ်းဧက ၃၉၀၀၀ အထိစိုက်ပျိုးပြီ

ရန်ကုန် ဖေဖော်ဝါရီ ၈

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးသည် အဖွဲ့ဝင်များနှင့်အတူ ဖေဖော်ဝါရီ ၄ ရက် ညနေ ၅ နာရီတွင် ရဟတ်ယာဉ်ဖြင့် ရွှေဘိုမြို့သို့ရောက်ရှိကြရာ အမှတ်(၃၃)ခြေမြန်တပ်မဌာနချုပ် တပ်မမှူး ဗိုလ်မှူးချုပ် တင်ထွန်းအောင်နှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

စာမျက်နှာ ၄ ကော်လံ ၁ ●

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ကာကွယ်ရေး ဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးနှင့်အဖွဲ့ဝင်များ သဖန်းဆိပ်ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံ၏ တာဘိုင်များနှင့် ထိန်းချုပ်ခန်းတို့ကို ကြည့်ရှုစစ်ဆေးကြစဉ်။ (သတင်းစဉ်)

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း
အယ်ဒီတာ့ အာဘော်
(၂၀၀၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၉ ရက်)

တိုင်းရင်းသားလူမျိုးများအားလုံးဖွံ့ဖြိုးတိုးတက်ရေး ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများစေတနာထားကြိုးပမ်းဆောင်ရွက်

နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီသည် နိုင်ငံတော်ကို အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်အဖြစ်တည်ဆောက်လျက်ရှိရာ၌ ပြည်ထောင်စုကြီးတစ်ရပ်လုံး၊ ဒေသအားလုံး ကွက်လပ်မကျန် မျှမျှတတဖွံ့ဖြိုးတိုးတက်လာစေရန် ဦးတည်ဆောင်ရွက်လျက်ရှိသည်။

အကြောင်းအမျိုးမျိုးကြောင့် ခေတ်နောက်ကျကျန်ခဲ့ရသည့် နယ်စပ်ဒေသများအတွက် နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိရာ ယခုအခါ နယ်စပ်ဒေသများသည် ပြည်မရှိ မြို့ကြီးပြကြီးများကဲ့သို့ပင် ဖွံ့ဖြိုးစည်ပင်လာလျက်ရှိနေပြီဖြစ်သည်။ ထို့အပြင် အထူးဖွံ့ဖြိုးရေးဒေသကြီး ၂၄ခု စီမံကိန်းချမှတ်၍ပညာရေး၊ ကျန်းမာရေး၊ လူသားအရင်းအမြစ်ဖွံ့ဖြိုးရေးလုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

ထိုမျှမက နိုင်ငံတော်လူဦးရေ၏ ၇၀ရာခိုင်နှုန်းနေထိုင်သည့် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်လာရေးအတွက် ကျေးလက်ဒေသဖွံ့ဖြိုးရေးစီမံကိန်းလုပ်ငန်းစဉ်ငါးရပ်ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးသည် အဖွဲ့ဝင်များနှင့်အတူ ဖေဖော်ဝါရီလ ၄ ရက်နံနက်ပိုင်းတွင် မုံရွာမြို့ မြို့တော်ခန်းမ၌ ဌာနဆိုင်ရာများနှင့်တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာ၌ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးကအမှာစကားပြောကြားရာတွင်

"ဤကဲ့သို့ စီမံကိန်းကြီး သုံးမျိုးဖြင့် ပြည်ထောင်စုကြီးတစ်ရပ်လုံး ဖွံ့ဖြိုးတိုးတက်အောင် ကြိုးပမ်းဆောင်ရွက်နေခြင်း၏ အနှစ်သာရမှာ ပြည်ထောင်စုမပြိုကွဲရေး၊တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး ဟူသည့် ဒို့တာဝန်အရေးသုံးပါးအတွက်ပင်ဖြစ်ကြောင်း"

ပြောကြားသွားသည်။

မြန်မာနိုင်ငံ၌ တိုင်းရင်းသားလူမျိုးစု ၁၀၀ကျော်သည် ရှေးပဝေသဏီကတည်းကပင် ရေကြည်ရာ မြက်နုရာ လှည့်လည်သွားလာပြီး နိုင်ငံတော်၏ နေရာဒေသအနှံ့ အတူတကွရောနှော၍ ချစ်ကြည်ရင်းနှီးစွာ နေထိုင်လျက်ရှိကြသည်။

စစ်ကိုင်းတိုင်းကိုကြည့်လျှင် လူဦးရေ၅၇သိန်းကျော်ရှိပြီး ဗမာ၊ရှမ်း၊ ချင်း၊ နာဂ၊ ကဒူး၊ ကနန်း၊ လူရှိုင်းစသည်ဖြင့် တိုင်းရင်းသားလူမျိုးစု ၅၀ကျော်သည် တစည်းတလုံးတည်း အတူတကွ ရောနှောနေထိုင်လျက်ရှိကြရာ စစ်ကိုင်းတိုင်းသည် ပြည်ထောင်စုလေးသဖွယ် ဖြစ်တည်နေသည်။

အလားတူပင် အခြားပြည်နယ်၊တိုင်းများ၌လည်း စစ်ကိုင်းတိုင်းကဲ့သို့ပင် ပြည်ထောင်စုလေးများသဖွယ် တိုင်းရင်းသား လူမျိုး ညီအစ်ကိုမောင်နှမများသည် အတူတကွ ချစ်ချစ်ခင်ခင် ရောနှောနေထိုင်လျက်ရှိကြသည်။ ထို့ကြောင့် ပြည်နယ်၊တိုင်း၁၄ခုဖြင့်တည်ရှိသော ပြည်ထောင်စုနိုင်ငံတော်ကို ခေတ်မီဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရာတွင် ပြည်ထောင်စုစိတ်ဓာတ်၊တိုင်းရင်းသားစည်းလုံးညီညွတ်ရေးစိတ်ဓာတ်တို့ကိုအရင်းခံ၍ စည်းလုံးညီညွတ်စွာ လုပ်ကိုင်ဆောင်ရွက်သွားကြရန် အရေးကြီးပေသည်။

တိုင်းရင်းသားလူမျိုးများအားလုံး ဖွံ့ဖြိုးတိုးတက်ရေး၊နိုင်ငံတော်ကြီး ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်နယ်၊တိုင်းအားလုံး ဖွံ့ဖြိုးတိုးတက်ရမည်ဖြစ်သည်။ပြည်နယ်၊တိုင်းများဖွံ့ဖြိုးတိုးတက်ရန်မှာ ခရိုင်၊ မြို့နယ်နှင့် ကျေးလက်ဒေသများ ဖွံ့ဖြိုးတိုးတက်ရန်လိုအပ်သည်။

ထို့ကြောင့် တာဝန်ရှိသူအဆင့်ဆင့်သည် ကျေးလက်ဒေသအောက်ခြေအရောက် ကွင်းဆင်း၍ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို စေတနာထား ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်သည်။

ယင်းသို့ကြိုးပမ်းဆောင်ရွက်ရာတွင် ပြည်ထောင်စုစိတ်ဓာတ်၊တိုင်းရင်းသားစည်းလုံးညီညွတ်ရေး စိတ်ဓာတ်တို့ဖြင့် မိမိရောက်ရှိတာဝန်ကျရာဒေသများကို မိမိရပ်ရွာဒေသကဲ့သို့ သဘောထား၍ ဒေသခံပြည်သူများနှင့်ပူးပေါင်းပြီး ကြိုးပမ်းဆောင်ရွက်သွားကြရန်လိုပေသည်။

သို့ဖြစ်ရာ တိုင်းရင်းသားလူမျိုးများအားလုံး ဖွံ့ဖြိုးတိုးတက်ရေးအတွက် တာဝန်ရှိသူအသီးသီးက ကျေးလက်ဒေသ အောက်ခြေအထိရောက်အောင်ကွင်းဆင်း၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို စေတနာထားကြိုးပမ်းဆောင်ရွက်သွားကြရန် တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

- ✳ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✳ ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

✡ *ကျောဖုံးမှ*

ဖွင့်ပွဲအခမ်းအနားသို့ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန်၊ ဒုတိယဝန်ကြီးများ၊ (၅၇) နှစ်မြောက်ပြည်ထောင်စုနေ့ ကျင်းပရေးဗဟိုကော်မတီဝင်များ၊ စီမံခန့်ခွဲမှုကော်မတီဝင်များ၊ ပြပွဲခင်းကျင်းပြသရေး ဆပ်ကော်မတီဥက္ကဋ္ဌ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်းနှင့် ဆပ်ကော်မတီဝင်များ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ တိုင်းရင်းသား ရိုးရာယဉ်ကျေးမှုအဖွဲ့ဝင်များ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းဝင်များ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် အထူးဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဖဲကြိုးဖြတ်ဖွင့်

အစီအစဉ်အရ ပြပွဲခင်းကျင်း ပြသရေးဆပ်ကော်မတီဥက္ကဋ္ဌ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်းက ၂၀၀၄ ခုနှစ် (၅၇) နှစ်မြောက် ပြည်ထောင်စုနေ့ပြပွဲကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးသည်။

လှည့်လည်ကြည့်ရှု

ထို့နောက် (၅၇)နှစ်မြောက် ပြည်ထောင်စုနေ့ကျင်းပရေး ဗဟိုကော်မတီ ဒုတိယဥက္ကဋ္ဌများဖြစ်ကြသော နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း၊ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်နှင့် ဧည့်သည်တော်များသည် ပြည်ထောင်စုနေ့ပြပွဲတွင် ခင်းကျင်းပြသထားသည့် ပြည်ထောင်စုစိတ်ဓာတ် ရင့်သန်ခိုင်မာရေး ဗဟိုပြကွက်၊ မြန်မာအစ မြန်မာက ပြကွက်၊ ပြည်ထောင်စုဖွား တိုင်းရင်းသားတို့၏ ရိုးရာဓလေ့ ယဉ်ကျေးမှုပြကွက်၊ တိုင်းရင်းသား စည်းလုံးညီညွတ်ရေး ပင်လုံညီလာခံပြကွက်၊ ပြည်ထောင်စုစိတ်ဓာတ် ရင့်သန်ခိုင်မာရေးနှင့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေး ဖော်ဆောင်မှုများပြကွက်၊ နိုင်ငံတော်အကြီးအကဲ၏ နယ်စပ်ဒေသခရီးစဉ်၊ နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်ခုနစ်ရပ် အပေါ် ငြိမ်းချမ်းရေးအဖွဲ့အစည်းများက ကြိုဆိုထောက်ခံ ပြကွက်နှင့် ပြည်ထောင်စုတိုင်းရင်းသား ကျေးရွာပြကွက်၊ တိုင်းရင်းသားရိုးရာ ယဉ်ကျေးမှုပစ္စည်းများပြကွက်၊ ကွန်ပျူတာပြကွက်များနှင့် ဝန်ကြီးဌာနများ၏ ပြခန်းပြကွက်များကို လှည့်လည်ကြည့်ရှုကြပြီး ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ပြခန်းများ ခင်းကျင်းပြသ

အဆိုပါ (၅၇)နှစ်မြောက် ပြည်ထောင်စုနေ့ပြပွဲတွင် ပြည်ထောင်စုစိတ်ဓာတ်ရင့်သန်ခိုင်မာရေး ဗဟိုပြကွက်၊ ယဉ်ကျေးမှုဝန်ကြီးဌာန၏ မြန်မာအစ မြန်မာက ပြကွက်နှင့် ပြည်ထောင်စုဖွား တိုင်းရင်းသားတို့၏ ရိုးရာဓလေ့ယဉ်ကျေးမှုပြကွက်၊ ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၏ တိုင်းရင်းသားစည်းလုံးညီညွတ်ရေး ပင်လုံညီလာခံ၊ ပြည်ထောင်စုစိတ်ဓာတ် ရင့်သန်ခိုင်မာရေးနှင့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေး ဖော်ဆောင်မှုများပြကွက်၊ ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၏ စည်းလုံးချစ်ကြည် ရွှေပြည်သစ်ဆီသို့ပြခန်း၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာန၏ ပညာရေးဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးတည်ဆောက်အံ့ ပြခန်း၊သတ္တုတွင်းဝန်ကြီးဌာန၊ကျန်းမာရေးဝန်ကြီးဌာန၊ စွမ်းအင်ဝန်ကြီးဌာန၊ ဆောက်လုပ်ရေးဝန်ကြီးဌာန၊သစ်တောရေးရာဝန်ကြီးဌာန၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ အမှတ်(၁) စက်မှုဝန်ကြီးဌာနတို့၏ ပြခန်းများ၊ မူးယစ်ဗဟိုအဖွဲ့၏ မူးယစ်ဆေးဝါးပပျောက်ရေးပြခန်း၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၏ လျှပ်စစ်စွမ်းအားဖြင့် ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်ကြီး တည်ဆောက်အံ့ ပြခန်းနှင့် ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန၏ ပြခန်းများကို ခင်းကျင်းပြသထားသည်။

ခမ်းနားထည်ဝါ

ထို့ပြင် ကွန်ပျူတာပြကွက်ဖြစ်သော ဉာဏ်စမ်းပဟေဠိပြကွက်တွင် ကွန်ပျူတာတက္ကသိုလ် (ရန်ကုန်) မှ မာကင်တော့ရှ် ကွန်ပျူတာအလုံး ၃၀ဖြင့် မေးခွန်းပေါင်း ၂၅၀ ကို မြန်မာဘာသာဖြင့် မိနစ် ၂၀ အတွင်း ထုတ်ယူနိုင်သည့်ပြခန်း၊ Bagan Cybertech ၏ ပြပွဲလာပြည်သူများအား အင်တာနက်အကြောင်းနှင့် အင်တာနက်အသုံးဝင်ပုံတို့ကို ပြသထားသည့်ပြခန်း၊ Forever Group Co., Ltd.၏ဝန်ထမ်းများနှင့်ပတ်သက်၍ စနစ်တကျ စီမံခန့်ခွဲရာတွင် မြန်မာဘာသာဖြင့် အသုံးပြုနိုင်သည့် Staff Management System၊ အစိုးရနှင့် ပုဂ္ဂလိကအဖွဲ့အစည်းများ၏ မှတ်တမ်းဓာတ်ပုံများကို Digital Format စနစ်ဖြင့် သိမ်းဆည်း ဆောင်ရွက်နိုင်သော Photo Library Management System နှင့် ကျောင်းသားကျောင်းသူများ၏ အချက်အလက်များကို စနစ်တကျ စီမံခန့်ခွဲရာတွင် မြန်မာဘာသာဖြင့် အသုံးပြုနိုင်သော Student Registration System တို့ကို Software ° သုံးခု၏ ရက် ၉၀ စမ်းသပ်အသုံးပြုခွင့်နှင့် အခမဲ့ရယူခွင့်အစီအစဉ်ပြခန်းတို့ဖြင့် စိတ်ဝင်စားဖွယ်၊ လေ့လာမှတ်သားဖွယ်၊ ဗဟုသုတဖြစ်ဖွယ် ပြခန်းပြကွက်များဖြင့် ခမ်းနားထည်ဝါစွာ ခင်းကျင်းပြသထားသည်။

ပြပွဲကျင်းပရာခန်းမ၏ အဝင်တစ်ဖက်တစ်ချက်တို့တွင် ပြန်ကြားရေးဝန်ကြီးဌာန စာပေဗိမာန်စာအုပ်အရောင်းဆိုင်နှင့် သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း စာအုပ်အရောင်းဆိုင်များကိုဖွင့်လှစ်ကာ ပြပွဲလာရပ်ဟန်းရှင် လူ ပြည်သူများနှင့် ကျောင်းသားကျောင်းသူများအား စာအုပ်မျိုးစုံတို့ကို ဈေးနှုန်းချိုသာစွာဖြင့် ရောင်းချပေးလျက်ရှိသည်။

ယနေ့ဖွင့်လှစ်ပြသသော ပြည်ထောင်စုနေ့ပြပွဲသို့ ပြည်သူ ၆၀၁၆ ဦး လာရောက်ကြည့်ရှုလေ့လာကြသည်။

အခမဲ့ကြည့်ရှုလေ့လာနိုင်

(၅၇)နှစ်မြောက် ပြည်ထောင်စုနေ့ ပြပွဲကို ယနေ့မှစ၍ ဖေဖော်ဝါရီ ၁၆ ရက်အထိ နေ့စဉ်နံနက် ၉ နာရီမှ ညနေ ၅နာရီအတွင်း ဖွင့်လှစ်ပြသသွားမည်ဖြစ်ရာ မည်သူမဆို အခမဲ့ လာရောက်ကြည့်ရှု လေ့လာနိုင်သည်။

(သတင်းစဉ်)

တိုင်းရင်းသူလေးများ လှည့်လည်ကြည့်ရှု

(၅၇)နှစ်မြောက် ပြည်ထောင်စုနေ့ ပြခန်းများအတွင်း ပြည်ထောင်စုဖွား တိုင်းရင်းသူလေးများ လှည့်လည်ကြည့်ရှုစဉ်။

(မြန်မာ့အလင်း)

■ **နိုင်ငံတော်မှ**

မဟာရွှေစည်းကြီး စေတီတော် စတုတ္ထအကြိမ် ဗုဒ္ဓပူဇနိယပွဲတော်သို့ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင် ရွှေဘိုမြို့ ပုခန်းကျောင်းတိုက်ပဓာန နာယက ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ ဝိမလာဘိဝံသ၊ လားရှိုးမြို့ မြို့လယ် စာသင်တိုက် ပဓာန နာယက ဆရာတော်အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာ သဒ္ဓမ္မ ဇောတိကဓဇ ဘဒ္ဒန္တ စန္ဒိမာ၊ ကန့်ဘလူမြို့ မြို့ရှေ့ကျောင်းဆရာတော် အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ ဇဝန၊ ကန့်ဘလူမြို့ တောင်ကျောင်းကြီး ကျောင်း ဆရာတော် ဘဒ္ဒန္တ ဝိမလ၊ စစ်ကိုင်းတိုင်းသံဃနာယကအဖွဲ့ဥက္ကဋ္ဌ စစ်ကိုင်းမြို့ ထူပါရုံရွှေကျောင်း ဆရာ တော် အဂ္ဂမဟာပဏ္ဍိတအဂ္ဂမဟာသဒ္ဓမ္မ ဇောတိကဓဇ ဘဒ္ဒန္တ ဉာဏာဘာသ တို့အမှူးပြုသည့် ပင့်ဖိတ်တော်မူထားသော ဆရာတော်သံဃာတော်စုစုပေါင်း ၄၅ ပါး ကြွရောက်ချီးမြှင့်တော်မူကြပြီး နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့် နှင့်ဇနီး၊ နိုင်ငံတော်အေးချမ်းသာယာ ရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယ ဗိုလ်ချုပ်ကြီးတင်အေး၊ ကာကွယ်ရေး ဦးစီးချုပ်(ရေ) ဗိုလ်ချုပ်စိုးသိန်း၊ ကာကွယ်ရေး ဦးစီးချုပ်(လေ)ဗိုလ်ချုပ် မြတ်ဟိန်း၊ စစ်ကိုင်းတိုင်း အေးချမ်း သာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်မြောက်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သာအေးနှင့်ဇနီး၊ မန္တလေးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌအလယ်ပိုင်း တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ် ရဲမြင့်နှင့်ဇနီး၊ အစိုးရအဖွဲ့ အဖွဲ့ဝင် ဝန်ကြီးများ၊ ကျန်းမာရေးဝန်ကြီး ဌာန ဒုတိယဝန်ကြီး၊တရားရုံးချုပ်(မန္တလေး)မှ ဒုတိယတရားသူကြီးချုပ်၊ တပ်မတော် အရာရှိကြီးများ၊ နိုင်ငံတော်အေးချမ်းသာ ယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ စစ်ကိုင်းတိုင်းမှ တိုင်းအဆင့် ဌာနဆိုင်ရာ တာဝန် ရှိသူများ၊ ရွှေဘိုခရိုင်နှင့် ကန့်ဘလူ မြို့နယ်တို့မှ တာဝန်ရှိသူများ၊ ဗုဒ္ဓ ပူဇနိယပွဲတော် ကျင်းပရေးကော်မတီ ဝင်များ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်းဝင်များ၊ လူမှုရေး အသင်း အဖွဲ့ဝင်များ၊ ဘာသာရေး ဝတ်အသင်းအဖွဲ့ဝင်များ၊ အလှူရှင်များ၊ ဒေသခံပြည်သူများ တက်ရောက် ကြည်ညိုကြသည်။

ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး နှင့်ဇနီး ဒေါ်မြမြစန်းတို့သည် အဖွဲ့ဝင် များနှင့်အတူ နံနက် ၅ နာရီတွင် မဟာ ရွှေစည်းကြီးစေတီတော်သို့ ရောက်ရှိကြ ပြီး စေတီတော်အား ဆွမ်း၊ သစ်သီး၊ ဆီမီး၊ ပန်း၊ ရေချမ်းတို့ ဆက်ကပ် လှူဒါန်းကြသည်။

အနေကဇာတင်

ထို့နောက် သံဃာတော် အရှင် သူမြတ် ၄၅ပါးတို့က မဟာရွှေစည်းကြီး စေတီတော်အား ဗုဒ္ဓါဘိသေက အနေကဇာ တင်တော်မူကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေး၊ ဇနီး ဒေါ်မြမြစန်းနှင့် အဖွဲ့ဝင်များသည် နိုင်ငံတော် သံဃ မဟာနာယက အဖွဲ့ဝင်၊ ရွှေဘိုမြို့ ပုခန်းကျောင်းတိုက် ပဓာန နာယက ဆရာတော်အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ ဝိမလာ ဘိဝံသထံမှ သီလခံယူဆောက်တည် ကြပြီး သံဃာတော် အရှင်သူမြတ်များ ရွတ်ပွားချီးမြှင့်သည့် ပရိတ်တရားတော် များကို နာယူကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေး၊ ဇနီး ဒေါ်မြမြစန်းနှင့် အဖွဲ့ဝင်များသည် စေတီတော်၏ သာသနာ့ဗိမာန်တော်၌ သံဃာတော် အရှင်သူမြတ်များအား အရဏ်ဆွမ်း ဆက်ကပ်ကြသည်။

ဆွမ်းဆန်စိမ်းလောင်းလှူ

ထို့နောက် ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေး၊ ဇနီး ဒေါ်မြမြစန်းနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ အလှူ ရှင်များ၊ ဒေသခံပြည်သူများသည် သံဃာတော် အရှင်သူမြတ်များအား ဆွမ်းဆန်စိမ်းနှင့် လှူဖွယ်ဝတ္ထုအစုစုတို့ ကို လောင်းလှူကြသည်။

ဆွမ်းဆန်စိမ်း လောင်းလှူပွဲအပြီး တွင် မဟာရွှေစည်းကြီး စေတီတော် စတုတ္ထအကြိမ် ဗုဒ္ဓပူဇနိယပွဲတော် မင်္ဂလာ၊ ကေသဓွေဒနမင်္ဂလာနှင့် သာမဏေရ ပဗ္ဗဇ္ဇာဘိသေက အလှူတော် မင်္ဂလာ၊ ဆွမ်းဆန်စိမ်း လောင်းလှူပွဲ မင်္ဂလာအခမ်းအနားများ၏ ရေစက်ချ မင်္ဂလာအခမ်းအနားကို သာသနာ့ ဗိမာန်တော်၌ နံနက် ၉ နာရီတွင် ကျင်းပသည်။

အခမ်းအနားတွင် အခမ်းအနား မှူးအဖြစ် ကန့်ဘလူမြို့မှ ဦးထင်လင်း က ဆောင်ရွက်ပြီး အခမ်းအနား အစီအစဉ်များကို ဖတ်ကြားကြေညာ ထားတင်ပြသည်။

အစီအစဉ်အရ အခမ်းအနားကို နမောတဿသုံးကြိမ် ရွတ်ဆိုဘုရား ကန်တော့၍ ဖွင့်လှစ်သည်။

သီလဆောက်တည်

ထို့နောက် စစ်ကိုင်းတိုင်း သံဃ နာယကအဖွဲ့ဥက္ကဋ္ဌ စစ်ကိုင်းမြို့ ထူပါရုံရွှေကျောင်း ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မ ဇောတိကဓဇ ဘဒ္ဒန္တ ဉာဏာဘာသ ထံမှ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး၊ ဇနီး ဒေါ်မြမြစန်းနှင့် အဖွဲ့ဝင်များ၊ ပရိသတ်များက ငါးပါးသီလ ခံယူ ဆောက်တည်ကြသည်။

ဆက်လက်၍ သံဃာတော် အရှင် သူမြတ်များက ပရိတ်တရားတော်များ ကို ရွတ်ပွားသရဇ္ဈာယ် ချီးမြှင့်တော် မူကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးနှင့်ဇနီး ဒေါ်မြမြစန်းတို့ သည် နိုင်ငံတော်သံဃမဟာနာယက အဖွဲ့ဝင် ရွှေဘိုမြို့ ပုခန်းကျောင်းတိုက် ပဓာနနာယက ဆရာတော် အဂ္ဂမဟာ ပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ ဝိမလာဘိဝံသအား ပရိက္ခရာ ရှစ်ပါးနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ဆက်ကပ်လှူဒါန်း

ဆက်လက်၍ နိုင်ငံတော်အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂)ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်၊ နိုင်ငံတော်အေးချမ်းသာယာ ရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ ဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့် ဒုတိယဗိုလ်ချုပ်ကြီးတင်အေး တို့က ဆရာတော်ကြီးများအား ပရိက္ခရာရှစ်ပါးနှင့် လှူဖွယ်ဝတ္ထုပစ္စည်း များကို ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် ကာကွယ်ရေးဦးစီးချုပ် (ရေ)၊ ကာကွယ်ရေးဦးစီးချုပ်(လေ)၊ တိုင်းမှူးများ၊ ဝန်ကြီးများ၊ ဒုတိယ ဝန်ကြီးများ၊ တပ်မတော်အရာရှိကြီး များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ အလှူရှင်များသည် ဆရာတော် သံဃာ တော် အရှင်သူမြတ်များအား ပရိက္ခရာ ရှစ်ပါးနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် နိုင်ငံတော်သံဃ မဟာနာယကအဖွဲ့ဝင် ရွှေဘိုမြို့ ပုခန်းကျောင်းတိုက် ပဓာနနာယက ဆရာတော်အဂ္ဂမဟာပဏ္ဍိတအဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ ဝိမလာ ဘိဝံသက အနုမောဒနာနှင့်ရေစက်ချ တရားတော်ချီးမြှင့်သည်။

ရေစက်ချအမျှဝေ

ဆက်လက်၍ ဒုတိယဗိုလ်ချုပ် မှူးကြီး မောင်အေး၊ ဇနီး ဒေါ်မြမြစန်း နှင့် အဖွဲ့ဝင်များ၊ ပရိသတ်များသည် လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်း ချ အမျှပေးဝေကြသည်။

ထို့နောက် ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆို ဆုတောင်း၍ အခမ်း အနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် ဒုတိယ ဗိုလ်ချုပ်မှူးကြီးမောင်အေး၊ ဇနီး ဒေါ်မြမြစန်းနှင့် အဖွဲ့ဝင်များသည် ဆရာတော် သံဃာတော်များအား ဆွမ်းဆက်ကပ်လှူဒါန်းကြသည်။

ရှင်ပြုမင်္ဂလာကျင်းပ

ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး၊ ဇနီး ဒေါ်မြမြစန်းနှင့် အဖွဲ့ဝင်များ သည် ဖေဖော်ဝါရီ ၅ ရက် မွန်းလွဲ ပိုင်းတွင် မဟာရွှေစည်းကြီးစေတီ သာသနာ့ဗိမာန်တော်၌ ကျင်းပသည့် ရှင်၁၀၈ပါး သာမဏေရပဗ္ဗဇ္ဇာဘိသေက ရှင်ပြုမင်္ဂလာ အခမ်းအနားသို့လည်း တက်ရောက်ကြည်ညိုကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးနှင့် အဖွဲ့ဝင်များသည် မဟာရွှေစည်းကြီးစေတီတော် ပရဝဏ် ရှိ ဗောဓိညောင်နှင့် ဗုဒ္ဓရုပ်ပွားတော် များကိုလည်းကောင်း၊ မဟာရွှေစည် ကြီးစေတီတော်ကိုလည်းကောင်း ဖူးမြော်ကြည်ညိုကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးနှင့် အဖွဲ့ဝင်များသည် မဟာရွှေစည်ကြီး ပရိယတ္တိစာသင် တိုက်သို့ရောက်ရှိကြပြီး စာသင်တိုက် ပဓာနနာယက ဆရာတော် ဘဒ္ဒန္တ အာစာရအား ဖူးမြော်၍ လှူဖွယ်ပစ္စည်း များ ဆက်ကပ်လှူဒါန်းကြသည်။

(သတင်းစဉ်)



တက်ရောက်ကြည်ညို

နိုင်ငံတော် အေးချမ်းသာယာရေး နှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေး ဦးစီး ချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့်ဇနီး ဒေါ်မြမြစန်း စစ်ကိုင်းတိုင်း ကန့်ဘလူ မြို့ မဟာရွှေစည်းကြီးစေတီတော်၏ စတုတ္ထအကြိမ် ဗုဒ္ဓပူဇနိယပွဲတော်တွင် သံဃာတော် အရှင်မြတ်တို့က မဟာ ရွှေစည်းကြီး စေတီတော်အား ဗုဒ္ဓါ ဘိသေကအနေကဇာတင်တော်မူကြရာ တွင် တက်ရောက်ကြည်ညိုကြစဉ်။ (သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြား

၉-၂-၂၀၀၄(တနင်္လာနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ ကျေးဇူးရှင်မင်းကွန်းဆရာတော် ဘုရားကြီး နိုင်ငံတော် သံဃ မဟာနာယကအဖွဲ့ အကျိုးတော် ဆောင်ချုပ် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော်ဘဒ္ဒန္တ ဝိစိတ္တသာရာ ဘိဝံသ၏ ပရိတ်တရားတော်
- ၇:၁၅ ၂။ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ သီရိန္ဒာ ဘိဝံသ(ယောဆရာတော်) ဟောကြားတော်မူအပ်သော ဥပ္ပါတသန္တိပါဠိတော်
- ၇:၂၅ ၃။ ကျန်းမာစေဖို့အတူကစားစို့
- ၇:၃၀ ၄။ နံနက်ခင်းသတင်း
- ၇:၄၀ ၅။ သံသာချိုအေးမင်္ဂလာတေး
- ၇:၅၅ ၆။ ချစ်စရာ့အရွယ်ကကြိုးသွယ်
- ၈:၀၅ ၇။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာတေးသံသာ
- ၈:၁၅ ၈။ အတီးပြိုင်ပွဲ
- ၈:၂၀ ၉။ (၅၇)နှစ်မြောက် ပြည်ထောင်စု နေ့ ဂုဏ်ပြုအစီအစဉ်
- ၈:၃၀ ၁၀။ International News
- ၈:၄၅ ၁၁။ Let's Go
- ၉:၀၀ ၁၂။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၁၄:၅၀ ၁။ ၂၀၀၄ခုနှစ် (၄၉)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်း ပြည်ထောင်စု ဒိုင်း အမျိုးသား(အလွတ်တန်း) ဘောလုံးပြိုင်ပွဲ တိုက်ရိုက် ထုတ်လွှင့်မှုအစီအစဉ် [ဗိုလ်လုပွဲ] (ဧရာဝတီတိုင်းနှင့် ရန်ကုန်တိုင်း)
- ၁၆:၄၅ ၂။ မျိုးချစ်စိတ်ဓာတ် ရှင်သန် ထက်မြက်ရေးတေးများ
- ၁၇:၀၀ ၃။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြား သင်ခန်းစာ တတိယနှစ် (သင်္ချာအထူးပြု) [သင်္ချာ]
- ၁၇:၁၅ ၄။ အကပဒေသာ
- ၁၇:၂၅ ၅။ စက်မှုစွမ်းအား ခေတ်ကျော်လွှား
- ၁၇:၃၅ ၆။ ချင်းရိုးရာဝတ်စားဆင်ယင်မှု
- ၁၇:၄၅ ၇။ (၅၇)နှစ်မြောက် ပြည်ထောင်စု နေ့ ဂုဏ်ပြုအစီအစဉ်
- ၁၇:၅၅ ၈။ ကယားပြည်နယ် ယဉ်ကျေးမှုဗိမာန်
- ၁၈:၀၅ ၉။ (၅၇)နှစ်မြောက် ပြည်ထောင်စု နေ့ ဂုဏ်ပြုအစီအစဉ်
- ၁၈:၁၅ ၁၀။ Discovery
- ၁၈:၃၀ ၁၁။ ညနေခင်းသတင်း
- ၁၉:၀၀ ၁၂။ မိုးလေဝသအခြေအနေ
- ၁၉:၀၅ ၁၃။ Milo Success in Soccer
- ၁၉:၁၀ ၁၄။ ပြည်သူ့ဆောက်လုပ်ရေး စွမ်းအား မိုးကောင်းတံတား
- ၁၉:၂၀ ၁၅။ မြစ်ရော၏အစနှင့် မြစ်ကျဉ်းများ၏အလှ (အပိုင်း-၁)
- ၁၉:၄၅ ၁၆။ ပြည်ထောင်စုစိတ်ဓာတ် မပြတ် ရှင့်သန်ခိုင်မာရန်မှာ ဒို့ဝန်တာ **"အေးချမ်းဝေစည် ရှမ်းတို့ဌာနီ"** (အရှေ့ပိုင်း)
- ၂၀:၀၀ ၁၇။ ပြည်တွင်းသတင်း
- ၁၈။ နိုင်ငံတကာသတင်းများ
- ၁၉။ မိုးလေဝသအခြေအနေ
- ၂၀။ နိုင်ငံခြားဇာတ်လမ်းတွဲ **"တုံ့မယူလို"** (အပိုင်း-၂၄)

မြဝတီရုပ်မြင်သံကြား

၉-၂-၂၀၀၄ (တနင်္လာနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ မြဝတီအဖွင့်
- ၇:၀၅ ၂။ အဖွင့်သီချင်း
- ၇:၁၀ ၃။ မျိုးချစ်တပ်မတော်
- ၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇:၃၀ ၅။ မြန်မာသံစဉ်ချိုနှောဝင်
- ၇:၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
- ၇:၅၅ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၈:၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈:၁၀ ၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ

ညပိုင်း

- ၄:၀၀ ၁။ မြဝတီအဖွင့်
- ၄:၀၅ ၂။ အဖွင့်သီချင်း
- ၄:၁၀ ၃။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၄:၁၅ ၄။ လက်စွမ်းပြဟန်ဂီတသံ
- ၄:၂၀ ၅။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
- ၄:၃၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
- ၄:၄၀ ၇။ မျိုးချစ်တပ်မတော်
- ၄:၅၀ ၈။ ကြည်နူးရွှင်ပျော် တေးသရုပ်ဖော်
- ၅:၀၀ ၉။ အဝေးသင်ပညာရေးပို့ချမှု အစီအစဉ် (က)ဒုတိယနှစ် (ဒဿနိကဗေဒ) (ခ)တတိယနှစ် (သမိုင်း)
- ၅:၃၀ ၁၀။ မြဝတီရုပ်မြင်သံကြား မဂ္ဂဇင်းကဏ္ဍ
- ၅:၄၅ ၁၁။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၆:၀၀ ၁၂။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆:၁၀ ၁၃။ နိုင်ငံတကာသတင်း
- ၆:၂၀ ၁၄။ မိုးလေဝသသတင်း
- ၆:၂၅ ၁၅။ မြန်မာ့ရှုခင်း
- ၆:၃၅ ၁၆။ လျှပ်တစ်ပြက်
- ၆:၄၅ ၁၇။ မြန်မာ့လက်သီး
- ၇:၀၀ ၁၈။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"တစ်ရေးချစ်ခွင့်"** (အပိုင်း-၆)
- ၈:၀၀ ၁၉။ မြဝတီရုပ်မြင်သံကြားသတင်း
- ၂၀။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၂၁။ လျှပ်တစ်ပြက်
- ၂၂။ တိုင်းကျိုးပြည်ပြုတည်ထောင်မှု
- ၂၃။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"သိုင်းမင်းသားလေးနှင့် ရွှေမင်းသမီး"** (အပိုင်း-၂၆)

ပြည်နယ်နှင့်တိုင်းဘောလုံးပြိုင်ပွဲ မန္တလေးတိုင်းအသင်းတတိယရရှိ

ရန်ကုန် ဖေဖော်ဝါရီ ၈

(၄၉)ကြိမ်မြောက် ပြည်နယ်နှင့် တိုင်း ပြည်ထောင်စုဒိုင်း(အလွတ် တန်း)ဘောလုံးပြိုင်ပွဲ တတိယလုပွဲကို ယနေ့ညနေ ၃နာရီခွဲတွင် လူငယ်အား ကစားလေ့ကျင့်ရေးစခန်း (သုဝဏ္ဏ) ဘောလုံးကွင်း၌ကျင်းပရာ မန္တလေး တိုင်းအသင်းက ကရင်ပြည်နယ်အသင်း ကို ငါးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရရှိပြီး တတိယဆုရရှိသွားသည်။

ဗိုလ်လုပွဲ

ဖေဖော်ဝါရီ ၉ ရက်(ယနေ့) ညနေ ၃နာရီခွဲ တွင် လူငယ်အားကစား လေ့ကျင့်ရေး စခန်း(သုဝဏ္ဏ) ဘောလုံး ကွင်း၌ နောက်ဆုံးဗိုလ်လုပွဲအဖြစ် ရန်ကုန်တိုင်းအသင်းနှင့် ဧရာဝတီ တိုင်းအသင်းတို့ ယှဉ်ပြိုင်ကစားကြ မည်ဖြစ်သည်။

(မြန်မာ့အလင်း)

ကြည့်ရှုစစ်ဆေး

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် အဖွဲ့ဝင်များ ရွှေဘိုမြို့ ရွှေဘုံရတနာမင်္ဂလာနန်းတော် တည်ဆောက်ရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးကြစဉ်။ **(သတင်းစဉ်)**

● **ရှေ့ဖုံးမှ**

ထို့နောက် ရွှေဘုံရတနာမင်္ဂလာနန်းတော်တည်ဆောက်ရေးစီမံကိန်းသို့ရောက်ရှိကြရာ ရှင်းလင်းဆောင်၌ ဦးသန်းထွန်း(ရွှေဘို)က ရွှေဘုံရတနာမင်္ဂလာနန်းတော် တည်ဆောက်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ရွှေဘုံရတနာနန်းတော်စစ်ဆေး

ယင်းနောက် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် အဖွဲ့ဝင်များသည် ရွှေဘုံရတနာမင်္ဂလာနန်းတော် တည်ဆောက်ရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များမှာကြားသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် အဖွဲ့ဝင်များသည် တတိယမြန်မာနိုင်ငံတော်ကို ထူထောင်ခဲ့သော အလောင်းမင်းတရားကြီး ဦးအောင်ဇေယျရုပ်တုကို ကြည့်ရှုစစ်ဆေးကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့်အဖွဲ့ဝင်များသည် ညနေပိုင်းတွင် ရဟတ်ယာဉ်ဖြင့် ကန့်ဘလူမြို့သို့ရောက်ရှိကြရာ မန္တလေးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်၊ တရားရုံးချုပ်(မန္တလေး)မှ ဒုတိယတရားသူကြီးချုပ် ဦးခင်မောင်လတ်၊ နယ်မြေခံစစ်ဗျူဟာမှူး ဗိုလ်မှူးကြီးလှငွေနှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးနှင့် အဖွဲ့ဝင်များသည် ဖေဖော်ဝါရီ ၅ ရက်နံနက်ပိုင်းတွင် ရဟတ်ယာဉ်များဖြင့် ကန့်ဘလူမြို့မှ ကျွန်းလှမြို့နယ်ရှိ သဖန်းဆိပ်ရေလှောင်တမံသို့ ရောက်ရှိကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် အဖွဲ့ဝင်များအား ရှင်းလင်းဆောင်၌ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ညွန့်တင်က သဖန်းဆိပ် ရေလှောင်တမံ၏ရေသိုလှောင်ထားနိုင်မှု၊ ပြီးစီးခဲ့သည့် မိုးတွင်း၌ ဆည်ရေဝင်ရောက်မှုများကို တင်ပြပြီး သဖန်းဆိပ်ရေလှောင်တမံ ဆည်ရေဖြင့် စပါး၊ ဂျုံ၊ ပဲ၊ နှမ်းတို့ကို အဓိကစိုက်ပျိုးနိုင်ခဲ့ပါကြောင်း။

နွေနှမ်းဧက ၃၉၀၀၀ စိုက်နိုင်

တမံပြီးစီး၍ ဆည်ရေစတင်လွှတ်သည်နှင့် မိုးစပါးနှင့် နွေစပါး နှစ်ရပ်ပေါင်း ငါးသိန်းကျော်စိုက်ပျိုးနိုင်ခဲ့ပြီး ၂၀၀၂-၂၀၀၃ခုနှစ်တွင် ဧကရှစ်သိန်းရှစ်သောင်းကျော်အထိ တိုးတက်စိုက်ပျိုးနိုင်ခဲ့ပါကြောင်း၊ နွေနှမ်းစိုက်ပျိုးခြင်းလုံးဝမရှိခဲ့သည့် ဤဒေသတွင် ယခုအခါ နွေနှမ်းဧက ၃၉၀၀၀ အထိ စိုက်ပျိုးလာနိုင်ပြီဖြစ်ပါကြောင်း ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်တင်ထွတ်က သဖန်းဆိပ်ရေအား လျှပ်စစ်ဓာတ်အားပေးစက်ရုံမှ လျှပ်စစ်ဓာတ်အားထုတ်လုပ်ဖြန့်ဖြူးနိုင်မှုကို ရှင်းလင်းတင်ပြသည်။

ထို့နောက် စစ်ကိုင်းတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သာအေးက သဖန်းဆိပ် ရေလှောင်တမံကြောင့် စိုက်ပျိုးဧကများတိုးမြင့် အကျိုးဖြစ်ထွန်းသည့်အခြေအနေများ၊ ပြီးခဲ့သည့် မိုးတွင်း၌ မိုးရွာသွန်းမှု နည်းပါးသဖြင့် တမံအတွင်း ရေဝင်ရောက်မှုနည်းပါးရသည့် အခြေအနေများကို ရှင်းလင်းတင်ပြသည်။

မူးမြစ်ရေစီးဝင်မှုတင်ပြ

ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးက လိုအပ်သည်များကို မှာကြားပြီး သဖန်းဆိပ်ရေလှောင်တမံအတွင်း ရေဝင်မှု အခြေအနေများကို မေးမြန်းရာ ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး(၄)ညွှန်ကြားရေးမှူး ဦးမောင်မောင်တင်က မူးမြစ်ရေစီးဝင်မှုအခြေအနေကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် အဖွဲ့ဝင်များသည် သဖန်းဆိပ်ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံ၏ တာဘိုင်များနှင့်ထိန်းချုပ်ခန်းတို့ကို ကြည့်ရှုစစ်ဆေးကြသည်။

ဆက်လက်၍ သဖန်းဆိပ်ရေလှောင်တမံ၏ ရေသိုလှောင်ထိန်းသိမ်းထားနိုင်မှု အခြေအနေကို မော်တော်ယာဉ်များဖြင့် တမံတစ်လျှောက် ကြည့်ရှုစစ်ဆေးကြပြီး ပင်မရေပိုလွှဲကိုလည်း ကြည့်ရှုစစ်ဆေးကြသည်။

သဖန်းဆိပ် ရေလှောင်တမံကို ၂၀၀၁ခုနှစ် ဧပြီ ၁၇ ရက်တွင် ဖွင့်လှစ်ခဲ့ပြီး သဖန်းဆိပ်ရေအားလျှပ်စစ်ဓာတ်အားပေး စက်ရုံကို ၂၀၀၂ခုနှစ် ဇွန် ၁၈ ရက်တွင် ဖွင့်လှစ်ခဲ့သည်။

တိုးမြင့်အကျိုးပြု

ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးနှင့်အဖွဲ့ဝင်များသည် နံနက် ၉ နာရီခွဲတွင် ရဟတ်ယာဉ်များဖြင့် ကန့်ဘလူမြို့နယ်ရှိ ကျေးပင်အက်ရေလှောင်တမံသို့ ရောက်ရှိကြရာ ရှင်းလင်းဆောင်၌ ဝန်ကြီး ဗိုလ်ချုပ်ညွန့်တင်က ကျေးပင်အက်ရေလှောင်တမံကို ၂၀၀၁ ခုနှစ် ဒီဇင်ဘာ ၂၅ ရက်တွင် ဖွင့်လှစ်ခဲ့ပါကြောင်း၊ ၂၀၀၁ခုနှစ် အောက်တိုဘာလမှစ၍ ရေစတင်သိုလှောင်ခဲ့ပါကြောင်း၊ကျေးပင်အက်ရေလှောင်တမံသည် မူလက သီးနှံစိုက်ဧက ၈၀၀၀ ခန့်ကို အကျိုးပြုမည်ဟုခန့်မှန်းခဲ့သော်လည်း လက်တွေ့တွင်ဧက ၈၅၀၀ ခန့် အထိတိုးမြှင့်အကျိုးပြုနိုင်ခဲ့ပါကြောင်း။

နွေစပါးဧက ၁၅၀၀ စိုက်ပျိုးနိုင်ရေးအတွက်လည်း စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်းဖြင့် ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ တိုင်းမှူး ဗိုလ်ချုပ်သာအေးက ကျေးပင်အက်ရေလှောင်တမံကြောင့် ရည်မှန်းထားသည့် စိုက်ပျိုးဧကများထက် တိုးမြင့်အကျိုးခံစားရသည့် အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးက လိုအပ်သည်များမှာကြားပြီး ကျေးပင်အက် ရေလှောင်တမံကို ကြည့်ရှုစစ်ဆေးသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးနှင့် အဖွဲ့ဝင်များသည် ကန့်ဘလူမြို့နယ် ဆိပ်ဖူးမြောင် စံပြကျေးရွာသို့ ရဟတ်ယာဉ်များဖြင့် ရောက်ရှိကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့်အဖွဲ့ဝင်များသည် ဆိပ်ဖူးမြောင်စံပြကျေးရွာရှိ အခြေခံပညာမူလတန်းလွန်ကျောင်း၊ ကျေးလက်ဆေးပေးခန်းနှင့် ကျေးလက် ကျောက်ချောလမ်းတို့ကိုကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးသည် ကျေးရွာမှ တာဝန်ရှိသူများ၊ ရွာသူ ရွာသားများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်ပြီး နိုင်ငံတော်က ဖြည့်ဆည်းအကောင်အထည်ဖော်ပေးလျက်ရှိသည့် ကျေးလက်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းစဉ်ငါးရပ်ဖြင့် မိမိကျေးရွာယခုထက်ဖွံ့ဖြိုးစည်ပင်အောင် ကြိုးပမ်းကြရန် မှာကြားသည်။

ဆိပ်ဖူးမြောင် စံပြကျေးရွာတွင် ယခင်က အခြေခံပညာမူလတန်းကျောင်းသာရှိခဲ့ပြီး ယခုအခါ မူလတန်းလွန်ကျောင်းအဆင့် ဖွင့်လှစ်သင်ကြားပေးနိုင်နေပြီ ဖြစ်သည်။

လမ်းပန်းဆက်သွယ်မှု ကောင်းမွန်ရေးအတွက် ကျေးရွာအတွင်းလမ်းများကောင်းမွန်အောင် ဆောင်ရွက်ထားပြီးဖြစ်သကဲ့သို့ ကန့်ဘလူမြို့နှင့် ဆက်သွယ်သည့် ကျေးလက်ကျောက်ချောလမ်းကိုလည်းဖောက်လုပ်ပြီးဖြစ်သည်။

ထိထိရောက်ရောက်ဆောင်ရွက်နိုင်

ကျန်းမာရေးအတွက် ကျေးလက်ဆေးပေးခန်းဖွင့်လှစ်ထားရှိရာ ရောဂါကာကွယ်ရေး၊ ကုသရေး၊ပညာပေးရေးလုပ်ငန်းများကို ထိထိရောက်ရောက်ဆောင်ရွက်နိုင်ပြီဖြစ်သည်။

သန့်ရှင်းသည့် သောက်ရေ၊သုံးရေရရှိရေးကိုလည်း စီမံထားပြီးဖြစ်သည့် အပြင် နေကြာ၊ ပဲ၊ ပြောင်း စသည့် သီးနှံများ စိုက်ပျိုးဖြစ်ထွန်းနေသည့် စံပြကျေးရွာတစ်ရွာဖြစ်ကြောင်း သိရှိရသည်။

ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေး၊ ဇနီးဒေါ်မြမြစန်းနှင့် အဖွဲ့ဝင်များသည် ဖေဖော်ဝါရီ ၆ ရက် နံနက်ပိုင်းတွင် ကန့်ဘလူမြို့ မဟာရွှေစည်ကြီးစေတီတော် စတုတ္ထအကြိမ် ဗုဒ္ဓပူဇနိယပွဲတော်သို့ တက်ရောက်ကြည်ညိုကြပြီး ညနေပိုင်းတွင်မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်မှတစ်ဆင့် တပ်မတော်လေယာဉ်ဖြင့် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိကြသည်။

(သတင်းစဉ်)

ဖေဖော်ဝါရီ ၆ ရက်က နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးနှင့်ဇနီး ဒေါ်မြမြစန်း စစ်ကိုင်းတိုင်း ကန့်ဘလူမြို့ မဟာရွှေစည်ကြီးစေတီတော် စတုတ္ထအကြိမ် ဗုဒ္ဓပူဇနိယပွဲတော်နှင့် မင်္ဂလာ အခမ်းအနားများ၏ ရေစက်ချမင်္ဂလာ အခမ်းအနားတွင် သံဃာတော်အရှင်မြတ်များအား ပရိက္ခရာရှစ်ပါးနှင့် လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြစဉ်။ (သတင်း-ရှေ့ဖုံး)

(သတင်းစဉ်)

ပန်းချီပြပွဲ ပြသ

ရန်ကုန် ဖေဖော်ဝါရီ ၈

ပန်းချီဆရာ ဒေါက်တာထိန်ဝင်း၏ Art Ideology Show ဟုအမည်ပေးထားသော ပန်းချီပြပွဲကို ဖေဖော်ဝါရီ ၈ ရက်မှ ၁၃ ရက် အထိ နေ့စဉ်နံနက် ၉ နာရီမှညနေ ၆ နာရီအထိ အမှတ် ၃၅၀ အလုံလမ်း ဒဂုံမြို့နယ်ရှိ Summit Parkview Hotel (Nothern Breeze Art Gallery) ၌ ပြသလျက်ရှိရာ မည်သူမဆို လာရောက်ကြည့်ရှုနိုင်ကြောင်း သိရသည်။ ဒေါက်တာထိန်ဝင်း၏ ယခု ပန်းချီပြပွဲသည် ဒုတိယမြောက် ပြပွဲဖြစ်ပြီး ခေတ်ပေါ်ပန်းချီလက်ရာများကို အသားပေးရေးဆွဲထားသည့် ပန်းချီကား ၇၂ ကား ပြသထားကြောင်း သိရသည်။

(က-ပ)

အထက(၁)မရမ်းကုန်း (သမိုင်းမြို့မအထက) သက်ကြီးအာစရိယပူဇော်ပွဲကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၈

အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း မရမ်းကုန်း(သမိုင်းမြို့မအထက) သက်ကြီးအာစရိယပူဇော်ပွဲကို ယနေ့မွန်းတည့် ၁၂ နာရီတွင် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း (မရမ်းကုန်း)စန္ဒိမာခန်းမ၌ ကျင်းပရာ သက်ကြီးဆရာဆရာမကြီးများ၊ ကျောင်းသား ကျောင်းသူဟောင်းများ၊ ဧည့်သည်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း (မရမ်းကုန်း)ကျောင်းအုပ်ဆရာကြီး ဦးရှိန်လိန်းအောင်၊ ကျင်းပရေးကော်မတီဥက္ကဋ္ဌ ဦးမြတ်ထွန်းတို့က အမှာစကားပြောကြားကြသည်။

ထို့နောက် တက်ရောက်လာကြသော ဆရာကြီး ဆရာမကြီး ၁၂၀ တို့အား ကျောင်းသား ကျောင်းသူဟောင်းများက ပူဇော်ကန်တော့ကြရာ ကန်တော့ခံဆရာကြီး ဆရာမကြီးများကိုယ်စား ဆရာကြီး ဦးဝင်းကြိုင်က ဩဝါဒစကားချီးမြှင့်ပြီး တက်ရောက်လာသော ကျောင်းသား ကျောင်းသူများကိုယ်စား ဦးဝင်းထွန်းက ကျေးဇူးတင်စကားပြောကြားကာ အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဗဟိုနှင့်ပြည်နယ်၊တိုင်း၊ခရိုင် ဌာနဆိုင်ရာများ အခြေခံဒေသအထိ ပကတိအခြေအနေမှန်များသိရှိအောင်စူးစမ်းလေ့လာ နိုင်ငံ့ဝန်ထမ်းများအားလုံးက အခြေခံကျေးလက်ဒေသအထိဆင်းကာ ပြည်သူများနှင့်ထိတွေ့ နိုင်ငံတော်ကပြည်သူများအပေါ်ထားရှိသည့်စေတနာ လက်တွေ့ အကောင်အထည်ပေါ် ဖြစ်ထွန်းစေရအောင်ကြိုးပမ်း

ရန်ကုန် ဖေဖော်ဝါရီ ၈

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အဖွဲ့ဝင်များသည် ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်မောင်မြင့် လိုက်ပါလျက် ဖေဖော်ဝါရီ ၇ ရက် မွန်းလွဲ ၁ နာရီခွဲတွင် တောင်ကြီးတက္ကသိုလ်သို့ရောက်ရှိကြရာ ပါမောက္ခချုပ် ဒေါက်တာမောင်ကျော်နှင့် ပါမောက္ခဌာနမှူးများ၊ တွဲဖက်ပါမောက္ခများ၊ ကထိကများနှင့် ဆရာ ဆရာမများက ကြိုဆိုကြသည်။

ရှေးဦးစွာ တက္ကသိုလ်စာကြည့်တိုက်ခန်းမ၌ ပါမောက္ခချုပ်ဒေါက်တာမောင်ကျော်က တောင်ကြီးတက္ကသိုလ်၏နောက်ခံသမိုင်း၊ တည်နေရာနှင့်အကျယ်အဝန်း၊ ဘွဲ့ကြို၊ ဂုဏ်ထူးတန်း၊ မဟာအရည်အချင်းစစ်သင်တန်း၊ မဟာတန်းနှင့် မဟာသုတေသနသင်တန်းများဖွင့်လှစ်ထားမှု၊ ကျောင်းသားဦးရေ၊ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးမှုဌာန၏သင်တန်းများ၊ တောင်ကြီးတက္ကသိုလ်မှ ပါရဂူဘွဲ့ (Ph.D) သင်တန်း တက်ရောက်နေသူများ၊ တောင်ကြီးတက္ကသိုလ်မှ ဝိဇ္ဇာ၊ သိပ္ပံဘာသာရပ်ဌာနများမှ ဆောင်ရွက်နေသည့် သုတေသနလုပ်ငန်းများ၊ ကွန်ပျူတာ ၁၁၈ လုံး အသုံးပြု၍ ဖွင့်လှစ်ထားသော IT Centre ခန်းများ၊ ဝန်ထမ်းဖွဲ့စည်းပုံ၊ ခန့်ထားပြီးအင်အားနှင့် လုပ်ငန်းလိုအပ်ချက်များနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာ ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဦးသန်းအောင်က ဖြည့်စွက် ရှင်းလင်းတင်ပြသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က တောင်ကြီးတက္ကသိုလ်အတွက် လိုအပ်သော Lecture Theatre တစ်ဆောင် တည်ဆောက်ရန် စီစဉ် ဆောင်ရွက်ပေးသည်။

လိုအပ်သည်များမှာကြား

ဆက်လက်၍ ဒေင်အုပ်စုကုမ္ပဏီမန်နေဂျင်းဒါရိုက်တာ ဦးချစ်ခိုင်က တောင်ကြီးတက္ကသိုလ်ဘွဲ့နှင်းသဘင်ခန်းမ၏ ဗိသုကာပုံစံနှင့် တည်ဆောက်ရေးလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေကို ရှင်းလင်းတင်ပြရာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က လိုအပ်သည်များမှာကြားသည်။

ထို့နောက် တောင်ကြီးတက္ကသိုလ်သတ္တဗေဒဌာနမှတွဲဖက်ပါမောက္ခ ဦးဝင်းမြင့်ဆန်းက ဒေသ၌ ရေပုတ်သင်များပေါက်ပွားမှု အခြေအနေကို ရှင်းလင်းတင်ပြရာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က ရှားပါးရေပုတ်သင်များ မျိုးဆက်မတုံးစေရေး သုတေသနပြုဆောင်ရွက်ရန် မှာကြားသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် တောင်ကြီးတက္ကသိုလ်ဘွဲ့နှင်းသဘင်ခန်းမ တည်ဆောက်ရေးလုပ်ငန်းခွင်အတွင်း သွားရောက်ကြည့်ရှုစစ်ဆေးကြသည်။

ထိုမှတစ်ဆင့် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အဖွဲ့ဝင်များသည် တောင်ကြီးမြို့နယ် မုံတဝလိုဏ်ဂူတော်သို့ ရောက်ရှိကြပြီး ဗုဒ္ဓရုပ်ပွားတော်များအား ပူဇော်ကြည်ညိုကြသည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အဖွဲ့ဝင်များသည် မုံတဝလိုဏ်ဂူတော်၏ ဂူလမ်းတစ်လျှောက် ကြည့်ရှုလေ့လာကြသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က မုံတဝဂူဆရာတော်အား နဝကမ္မအလှူငွေများ ပေးအပ်လှူဒါန်းသည်။

ထိုမှတစ်ဆင့် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အဖွဲ့ဝင်များသည် တောင်ကြီးမြို့သို့ ပြန်လည်ရောက်ရှိကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ညနေ ၄ နာရီတွင် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် အစည်းအဝေးခန်းမ၌ ပြည်နယ်၊ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများအား တွေ့ဆုံမှာကြားသည်။

တွေ့ဆုံမှာကြားသည့် အခမ်းအနားတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က အမှာစကားပြောကြားရာတွင် ယနေ့ မိမိနှင့်အဖွဲ့ ရှမ်းပြည်နယ် တောင်ကြီးမြို့သို့ရောက်ရှိစဉ် ရှမ်းပြည်နယ်နှင့် ခရိုင်အဆင့် တာဝန်ရှိသူများအား မှာကြားဖွယ်ရာများ မှာကြားလိုကြောင်း။

ရည်မှန်းချက်ဖြင့်ကြိုးပမ်း

ယနေ့မိမိတို့သည် နိုင်ငံတော်ကြီးကို အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်ကြီး ဖြစ်ပေါ်လာရေး ဦးတည်ချက်၊ ရည်မှန်းချက်ဖြင့် ကြိုးပမ်းဆောင်ရွက်နေကြောင်း။

မိမိတို့တာဝန်စတင်ယူစဉ်ကာလကစတင်ပြီး နိုင်ငံတော်အေးချမ်းတည်ငြိမ်မှု ရရှိအောင် တစိုက်မတ်မတ်ကြိုးပမ်းဆောင်ရွက်ခဲ့မှုကြောင့် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များ ဥပဒေဘောင်အတွင်း ဝင်ရောက်ခဲ့ကြပြီး နယ်စွန်နယ်ဖျား ဒေသများပါမကျန် တည်ငြိမ်အေးချမ်းမှုများ ရရှိဖြစ်ထွန်းလာခဲ့သဖြင့် အဆိုပါနယ်စပ်ဒေသများ ဖွံ့ဖြိုးတိုးတက်ရေး အစီအမံများ ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်ပေးနိုင်ခဲ့သည်နှင့် အညီ ယနေ့ အစွန်အဖျားဒေသများပါမကျန် အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်လျက်ရှိနေသည်ကို တွေ့ရှိရမှာဖြစ်ကြောင်း။

နိုင်ငံတကာအဆင့်မီ

ထို့အပြင် ပြည်နယ်နှင့် တိုင်းများအားလုံး အကြားအလပ်မရှိ မျှမျှတတ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ဖွံ့ဖြိုးရေးအထူးဒေသကြီး ၂၄ ခု သတ်မှတ်ပြီး တက္ကသိုလ်၊ ကောလိပ်များ၊ အစိုးရနည်းပညာကောလိပ်၊ ကွန်ပျူတာကောလိပ်နှင့် ဆေးရုံကြီးများ တည်ထောင်ပေးခဲ့ပြီး အဆိုပါဒေသရှိ ပြည်သူများ စားဝတ်နေရေး ပြည့်စုံချောင်လည်အောင်၊ လူနေမှုအဆင့်အတန်း တိုးတက်မြင့်မားအောင်၊ ကျန်းမာရေးစောင့်ရှောက်မှု တိုးမြှင့်ပေးနိုင်အောင်၊ ဒေသနေ လူငယ်လူရွယ်များ နိုင်ငံတကာအဆင့်မီ ပညာရည်မြင့်မားလာအောင် ဆောင်ရွက်ပေးခဲ့ကြောင်း။

ဆက်လက်ပြီး အတွင်းပိုင်းရှိ ကျေးလက်ဒေသများပါမကျန် နိုင်ငံတော်ကြီးတစ်ခုလုံး တိုးတက်ဖြစ်ထွန်းလာစေရအောင် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ် ငါးရပ်ချမှတ်ပြီး အကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိနေကြောင်း။

နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံတော်ကြီး တစ်ခုလုံး မျှမျှတတ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လုပ်ငန်းကဏ္ဍအလိုက် စီမံကိန်းများချမှတ်ပြီး ကြိုးစား အကောင်အထည်ဖော်ဆောင်ရွက်ပေးခဲ့မှုကြောင့် ယနေ့ဆိုလျှင် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှု အရှိန်အဟုန် တိုးတက်မြင့်မားရေးကို အထောက်အကူပြုမည့် ဆည်မြောင်း၊ တာတမံများ၊ တံတားကြီးများ၊ လမ်းမကြီးများ စသည့် အခြေခံအဆောက်အအုံပေါင်း မြောက်မြားစွာသည် စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး နယ်ပယ်ကဏ္ဍစုံတွင် ဖြန့်ကြက်ပေါ်ထွန်းလာသည်ကို တွေ့ရှိကြရမှာဖြစ်ကြောင်း။

ဆက်သွယ်ရေးကဏ္ဍနှင့်ပတ်သက်၍လည်း ကျေးလက်ဒေသ နယ်စွန်နယ်ဖျားများအထိ အချိန်အခါမရွေး ဆက်သွယ်နိုင်အောင် ဆောင်ရွက်ပေးမည့် အစီအမံများရှိထားသည့်အပြင် လုပ်ငန်းများလည်း စတင်ဆောင်ရွက်လျက်ရှိနေပြီ ဖြစ်ကြောင်း၊ ထို့ပြင် နယ်စွန်နယ်ဖျားမကျန် နိုင်ငံတော်၏ အခြေအနေမှန်များကို သိရှိနိုင်စေရန် ရုပ်သံထပ်ဆင့်လွှင့်စက်ရုံများကိုလည်း နယ်စပ်ဒေသများတွင် ထူထောင်ပေးလျက်ရှိနေကြောင်း။

လုပ်ငန်းများစတင်နေ

နိုင်ငံတော်၏စီးပွားရေး တိုးတက်ခိုင်မာရေး၊ ပြည်သူများ လူနေမှုဘဝ တိုးတက်မြင့်မားရေးတို့အတွက် ခိုင်မာသည့် အခြေခံကောင်းများကို တိုးတက်ဖြစ်ပေါ်နေသည့် အခြေအနေ အချိန်အခါနှင့်အညီ မိမိတို့ မျှော်မှန်းထားသည့် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီ နိုင်ငံတော်ကြီး တည်ဆောက်ရေးအတွက် နိုင်ငံတော်က ရှေ့ဆက်သွားမည့် မူဝါဒလုပ်ငန်းစဉ်ခုနစ်ရပ်ကို ချမှတ်ပြီး လုပ်ငန်းများ စတင်ဆောင်ရွက်နေသည့် အချိန်အခါ ဖြစ်ကြောင်း။

မိမိတို့မျှော်မှန်းသည့် ဒီမိုကရေစီနိုင်ငံတော်ကြီး တည်ဆောက်ရေးတွင် တစ်နိုင်ငံလုံး၌ မှီတင်းနေထိုင်ကြသည့် တိုင်းရင်းသားပြည်သူအားလုံး၊ အမျိုးသားရေး အင်အားစုများအားလုံး တစုတစည်းတည်း၊ တစ်စိတ်တစ်ဝမ်းတည်း ညီညီညွတ်ညွတ် ပူးပေါင်းလက်တွဲကြိုးပမ်း ဆောင်ရွက်သွားကြရမှာဖြစ်ကြောင်း။

ဤသို့သော အခြေအနေ အချိန်အခါမျိုးတွင် နိုင်ငံတော်အစိုးရ၏ ရည်မှန်းချက်များ လက်တွေ့အကောင်အထည်ပေါ် ဖြစ်ထွန်းလာစေရေးတွင် ပင်မတာဝန်ရှိသူများမှာ နိုင်ငံ့ဝန်ထမ်းများပင် ဖြစ်ကြောင်း။

စံနမူနာပြဦးဆောင်

ပြည်နယ်၊ တိုင်း၊ ခရိုင်၊ မြို့နယ် ဌာနဆိုင်ရာ တာဝန်ရှိသည့် နိုင်ငံ့ဝန်ထမ်းများအားလုံးက နိုင်ငံတော်အစိုးရ၏ ပြည်သူများအပေါ် ထားရှိသည့် ဖြူစင်သော စေတနာများကို ပြည်သူများက သိမြင်ခံစားစေရအောင်၊ နိုင်ငံတော်၏ အမျိုးသားရေးမျှော်မှန်းချက်များကို ပြည်သူများ နားလည်သဘောပေါက် ပါဝင်လာစေရအောင် စံနမူနာပြ ဦးဆောင်စည်းရုံး ဆောင်ရွက်သွားကြရန် တာဝန်ရှိကြောင်း။

နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံတော်ကြီးတစ်ရပ်လုံး ဟန်ချက်ညီညီ မျှမျှတတ ဖွံ့ဖြိုးတိုးတက်စေမည့် အစီအမံများ၊ ပြည်ထောင်စုကြီး ကမ္ဘာတည်သရွေ့တည်တံ့ခိုင်မြဲစေမည့် မူဝါဒလုပ်ငန်းစဉ်များ စနစ်တကျ ချမှတ်ပေးလျက်ရှိသကဲ့သို့ ယင်းလုပ်ငန်းများ လက်တွေ့အကောင်အထည်ပေါ် ဖြစ်ထွန်းစေရေးအတွက် နိုင်ငံတော်တာဝန်ရှိသူများ ကိုယ်တိုင် အခြေခံဒေသ ကျေးလက်အထိ ဆင်းပြီး စီမံဖြည့်ဆည်းပေးလျက်ရှိနေကြောင်း။

ထို့ကြောင့် ပြည်နယ်၊ တိုင်း၊ ခရိုင်၊ မြို့နယ်အသီးသီးတွင် တာဝန်ထမ်းဆောင်နေကြသည့် နိုင်ငံ့ဝန်ထမ်းများအားလုံးက အခြေခံဒေသ ကျေးလက်အထိဆင်းကာ ပြည်သူများနှင့် ထိတွေ့ပြီး ပြည်သူများ၏လက်တွေ့ဘဝအခြေအနေနှင့် လိုလားချက်များ၊ လိုအပ်ချက်များကို သိရှိဖြည့်ဆည်းပေးကြရမှာဖြစ်ကြောင်း။

မြို့နယ်အဆင့်တာဝန်ရှိဝန်ထမ်းများက ကျေးလက်နေပြည်သူများ၏ လိုအပ်ချက်များကိုသိရှိပြီး မိမိတို့ ဖြည့်ဆည်း ဆောင်ရွက်ဖွယ်များကို ဖြည့်ဆည်းဆောင်ရွက် ပေးသကဲ့သို့ မိမိ မဆောင်ရွက်နိုင်သည့် ကိစ္စများ၊ ပြည်သူများ၏ပကတိအခြေအနေမှန်များကို အထက်အဆင့်ဆင့်သို့ တင်ပြရန်လိုကြောင်း။

ဗဟိုနှင့်ပြည်နယ်၊ တိုင်း၊ ခရိုင် ဌာနဆိုင်ရာတာဝန်ရှိပုဂ္ဂိုလ်များကလည်း အခြေခံဒေသအထိ ပကတိအခြေအနေမှန်များကိုသိရှိအောင် အမြဲမပြတ်စူးစမ်းလေ့လာပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးကြရန် လိုကြောင်း။

တက်ညီလက်ညီကြိုးပမ်း

ထို့ကြောင့် ဗဟို၊ပြည်နယ်၊တိုင်း၊ ခရိုင်နှင့် မြို့နယ်အဆင့်ဆင့်တို့ အပြန်အလှန် ထိတွေ့ပေါင်းစပ်ပြီး နိုင်ငံတော်အစိုးရ၏ ပြည်သူများအပေါ် ထားရှိသည့်စေတနာနှင့် ရည်မှန်းချက်များ လက်တွေ့ အကောင်အထည်ပေါ် ဖြစ်ထွန်းစေရအောင် တက်ညီလက်ညီ ကြိုးပမ်းဆောင်ရွက်ကြရန် အလေးထားမှာကြားလိုကြောင်းပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ထိုမှတစ်ဆင့် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အဖွဲ့ဝင်များသည် ဟဲဟိုးလေဆိပ်သို့ရောက်ရှိကြပြီး ဆက်လက်ထွက်ခွာလာကြရာ ညနေပိုင်းတွင် ရန်ကုန်မြို့သို့ ရောက်ရှိကြသည်။ **(သတင်းစဉ်)**

ကြည့်ရှုစစ်ဆေး

နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် တောင်ကြီးတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ တည်ဆောက်ရေး လုပ်ငန်းခွင်အတွင်း ကြည့်ရှုစစ်ဆေးစဉ်။
(သတင်းစဉ်)

ခရစ်ကတ်ကစားနည်းမိတ်ဆက်

ရန်ကုန် ဖေဖော်ဝါရီ ၈

မြန်မာနိုင်ငံခရစ်ကတ်အဖွဲ့ချုပ် ဖြစ်မြောက်ရေးကော်မတီနှင့် မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးတို့ ပူးပေါင်းကျင်းပသော ရုပ်ရှင်အနုပညာရှင်များ(အမျိုးသား၊ အမျိုးသမီး)ခရစ်ကတ်အသင်းများဖွဲ့စည်းနိုင်ရေးအတွက် ခရစ်ကတ်အားကစားနည်း မိတ်ဆက်ကစားခြင်းနှင့် ခရစ်ကတ်အားကစားနည်း၊ နည်းစနစ်များ လက်တွေ့သင်ကြားပို့ချရေးအစီအစဉ်များကို ယနေ့နံနက် ၈နာရီတွင် သုဝဏ္ဏလေ့ကျင့်ရေးကွင်း အမှတ်(၄)၌ကျင်းပရာ မြန်မာနိုင်ငံ ခရစ်ကတ်အဖွဲ့ချုပ် ဖြစ်မြောက်ရေးကော်မတီဥက္ကဋ္ဌ အကယ်ဒမီ ဦးညွန့်ဝင်း၊ ဒုတိယဥက္ကဋ္ဌ ဦးကျော်နိုင်၊ အထွေထွေအတွင်းရေးမှူး ဦးကြီးမြင့်နှင့် အမှုဆောင်များ၊ မြန်မာနိုင်ငံဆိုင်ရာ နိုင်ငံခြားသံရုံးများမှ စိတ်ဝင်စားသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ရုပ်ရှင်သရုပ်ဆောင် အကယ်ဒမီဦးညွန့်ဝင်းက မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးမှ ခရစ်ကတ်အားကစားနည်း ဝါသနာပါသူများအား ခရစ်ကတ်အားကစားနည်း၊ နည်းစနစ်များကို လက်တွေ့သင်ကြားပို့ချသည်။

ထို့နောက် MVSCC ခရစ်ကတ်အသင်း(A)နှင့် MVSCC ခရစ်ကတ်(B)တို့ မိတ်ဆက်ယှဉ်ပြိုင်ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အမေရိကန်နှင့်အပေါင်းပါတို့၏ကျူးကျော်မှုအောက်မှအီရတ်မြင်ကွင်း

အီရတ်တွင် အမေရိကန်နှင့် အပေါင်းပါတို့၏ ရဟတ်ယာဉ်များပစ်ချခံရမှု

အီရတ်နိုင်ငံကို ကျူးကျော်သိမ်းပိုက်ထားသော အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့များသည် အီရတ်တို့၏ ခုခံတိုက်ခိုက်မှုများနှင့် နေ့စဉ်ပင် ရင်ဆိုင်ကြုံတွေ့နေရပြီး တစ်နေ့ထက်တစ်နေ့ ပိုမိုပြင်းထန်လာသော အခြေအနေသို့ ရောက်ရှိနေသည်။ အီရတ်ခုခံရေးသမားများသည် ယခုအခါ ခေတ်မီလက်နက်များကို ပိုမိုသုံးစွဲလာကြသဖြင့် အမေရိကန်နှင့် အပေါင်းပါတို့၏ ရဟတ်ယာဉ်ပစ်ချခံရသည့် ဖြစ်စဉ်များ မကြာခဏပေါ်ပေါက်လျက်ရှိသည်။

၂၀၀၃ခုနှစ် နိုဝင်ဘာ ၂ ရက်က အီရတ်နိုင်ငံ ဖော်လူဂျာမြို့အနီး၌ အီရတ်ပြောက်ကျားတို့၏ ဒုံးကျည်ထိမှန်မှုကြောင့် အမေရိကန်စစ်ဘက်ရဟတ်ယာဉ်တစ်စင်း ပျက်စီးနေသည်ကို တွေ့ရစဉ်။ (အဆိုပါ ရဟတ်ယာဉ် ပစ်ချခံရမှုကြောင့် အမေရိကန်တပ်ဖွဲ့ဝင် ၁၆ဦး သေဆုံးခဲ့ပြီး ၂၀ကျော် ဒဏ်ရာရရှိခဲ့သည်။)

(ဓာတ်ပုံ-အင်တာနက်)

အီရတ်တွင် အမေရိကန်နှင့်အပေါင်းပါတို့၏ ရဟတ်ယာဉ်များပစ်ချခံရမှုဖြစ်စဉ်များ

ရက်စွဲ	နေရာ	ရဟတ်ယာဉ် အမျိုးအစား	သေဆုံးသူ ဦးရေ	
			အမေရိကန်	ဗြိတိသျှ
၂၀- ၃-၂၀၀၃	ကူဝိတ်နယ်စပ်	ဆီးနိုက်	၄	၈
၂၃- ၃-၂၀၀၃	။	အပါချီ	-	-
၉- ၅-၂၀၀၃	ဆာမာရာမြို့အနီး	ဘလက်ဟော့ခ်	၃	-
၁၉- ၅-၂၀၀၃	ဟီလာမြို့	ဆီးနိုက်	၄	-
၁၂- ၆-၂၀၀၃	အီရတ်အနောက်ပိုင်း	အပါချီ	-	-
၂၅-၁၀-၂၀၀၃	အီရတ်မြောက်ပိုင်း	ဘလက်ဟော့ခ်	-	-
၂-၁၁-၂၀၀၃	ဖော်လူဂျာမြို့အနီး	ချင်နွတ်	၁၆	-
၇-၁၁-၂၀၀၃	တီကရစ်မြို့အနီး	ဘလက်ဟော့ခ်	၄	-
၁၅-၁၁-၂၀၀၃	မိုဆူးလ်မြို့ မြောက်ပိုင်း	ဘလက်ဟော့ခ်	၁၇	-
၉-၁၂-၂၀၀၃	ဖော်လူဂျာမြို့အနီး	ကီအိုဝါ	-	-
၁၀-၁၂-၂၀၀၃	မိုဆူးလ်မြို့အနီး	အပါချီ	-	-
၂- ၁-၂၀၀၄	ဖော်လူဂျာမြို့အနီး	ကီအိုဝါ	၁	-
၈- ၁-၂၀၀၄	ဖော်လူဂျာမြို့အနီး	ဘလက်ဟော့ခ်	၉	-
၂၃- ၁-၂၀၀၄	ကာယာရာမြို့အနီး	ကီအိုဝါ	၂	-
၂၅- ၁-၂၀၀၄	မိုဆူးလ်မြို့	ကီအိုဝါ	၂	-
	စုစုပေါင်း	**ရဟတ်ယာဉ်၁၅ စင်း**	**၆၂**	**၈**

၂၀၀၃ ခုနှစ် နိုဝင်ဘာ ၁၅ရက်က အီရတ်နိုင်ငံမြောက်ပိုင်း မိုဆူးလ်မြို့ လူနေရပ်ကွက် အတွင်း ပစ်ချခံခဲ့ရသည့် အမေရိကန်ဘလက်ဟော့ခ် စစ်ရဟတ်ယာဉ်၏အပျက်အစီးအပိုင်းအစများကိုအမေရိကန်တပ်ဖွဲ့ဝင်များက စစ်ဆေးနေကြစဉ်။ (အဆိုပါ ရဟတ်ယာဉ် ပစ်ချခံခဲ့ရသည့်အတွက် အမေရိကန်တပ်ဖွဲ့ဝင် ၁၇ဦး သေဆုံးခဲ့သည်။)

(ဓာတ်ပုံ-အင်တာနက်)

ဒလက်မဲ့ အမေရိကန် ရဟတ်ယာဉ်

၂၀၀၄ ခုနှစ် ဇန်နဝါရီ ၈ ရက်က ဖော်လူဂျာမြို့အနီး၌ အီရတ်ခုခံရေးသမားများ၏ ပစ်ချခြင်းခံခဲ့ရသော ဒလက်မဲ့ အမေရိကန် ရဟတ်ယာဉ်ကို တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

၂၀၀၃ ခုနှစ် အောက်တိုဘာ ၂၅ ရက်က တီကရစ်မြို့၌ အမေရိကန်စစ်ရဟတ်ယာဉ်တစ်စင်း ပစ်ချခံရ၍ ပျက်ကျပြီးနောက် မီးလောင်ကျွမ်းနေသည်ကို တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

(၅၇)နှစ်မြောက် ပြည်ထောင်စုနေ့ဂုဏ်ပြုကြိုဆို

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီလက်ထက် စစ်ကိုင်းတိုင်း၏ ဖွံ့ဖြိုးတိုးတက်မှုမြင်ကွင်း

ဖွံ့ဖြိုးတိုးတက်မှုကဏ္ဍ	၁၉၈၈	၂၀၀၄
စိုက်ပျိုးရေး		
စိုက်ပျိုးမြေဧက	၂၉၀၉၆၂၁	၃၉၃၀၅၁၈
ဆည်/တမံ(အကြီး၊ အသေး)	၁၉	၂၂၂
လမ်းပန်းဆက်သွယ်ရေး		
ကတ္တရာလမ်း	၁၆၂	၁၉၉
ကျောက်ချောလမ်း	၃၄	၆၅
မြေသားလမ်း	၁၂	၇၅
ရထားလမ်း	၂၈၉	၃၆၆
ပေ (၁၈၀) အထက် တံတား	၁၄	၂၅
ပေ (၁၈၀) အောက် တံတား	၁၃၄၈	၁၆၄၄
လေယာဉ်ကွင်း		ခန္တီး၊ဟုမ္မလင်း၊ ကလေး၊မုံရွာ အဆင့်မြှင့်တင်
ဆက်သွယ်ရေး		
စာတိုက်	၅၄	၇၄
ကြေးနန်းရုံး	၃၂	၄၅
တယ်လီဖုန်းအိတ်ချိန်း	၂၂	၇၁
တယ်လီဖုန်း	၁၇၃၆	၁၄၀၁၆
မိုက္ကရိုဝေ့ဗ်	၄	၂၁
လျှပ်စစ်ဓာတ်အား		
ရေအားလျှပ်စစ်	-	၂

ရေဘုတလင် မြစ်ရေတင်စီမံကိန်း

စစ်ကိုင်းတိုင်း ဘုတလင်မြို့နယ်အတွင်း စိုက်ပျိုးရေရရှိရေးအတွက် ဆောင်ရွက်ပေးလျက်ရှိသည့် ဘုတလင်မြို့နယ် ဟိုချောင်းဒေသ ရေဘုတလင် မြစ်ရေတင်စီမံကိန်းကို တွေ့ရစဉ်။

သဖန်းဆိပ် ရေအားလျှပ်စစ်

စစ်ကိုင်းတိုင်း ရွှေဘိုခရိုင် ကျွန်းလှမြို့နယ် သဖန်းဆိပ်ရွာအနီး တည်ဆောက်ထားသည့် သဖန်းဆိပ်ရေအားလျှပ်စစ်စက်ရုံ။



မုံရွာလေဆိပ်

စစ်ကိုင်းတိုင်း မုံရွာမြို့တွင် အသစ်တည်ဆောက်ဖွင့်လှစ်ခဲ့သော မုံရွာလေဆိပ် အဆောက်အအုံသစ်ကို တွေ့ရစဉ်။

ဖွံ့ဖြိုးတိုးတက်မှုကဏ္ဍ	၁၉၈၈	၂၀၀၄
ပြန်ကြားရေး		
မြန်မာ့အလင်း/ကြေးမုံ (ကိုယ်ပွားသတင်းစာတိုက်)	-	၁
ရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်ရုံ	၁	၁၆
ပြန်/ဆက်ရုံး	-	၃၇
စာကြည့်တိုက်	-	၃၇
ပညာရေး		
တက္ကသိုလ်	၁	၅
ကောလိပ်	၂	၉
အထက်တန်းကျောင်း	၆၃	၈၅
အလယ်တန်းကျောင်း	၁၄၉	၁၉၀
မူလတန်းကျောင်း	၃၂၅၅	၃၈၆၀
ကျန်းမာရေး		
ဆေးရုံ	၈၀	၈၆
ကျေးလက်ကျန်းမာရေးဌာန	၁၇၇	၁၈၀

ချင်းတွင်းတံတား(မုံရွာ)

စစ်ကိုင်းတိုင်း မုံရွာမြို့နယ်ရှိ ချင်းတွင်းမြစ်ကို ဖြတ်ကျော်တည်ဆောက်ပေးထားသော အရှည်ပေ ၄၃၂၀ ရှိသည့် ချင်းတွင်းတံတား(မုံရွာ)ကိုတွေ့ရစဉ်။

စည်းလုံးချစ်ကြည် ရွှေပြည်သစ်ဆီသို့

တနင်္သာရီတိုင်း ထားဝယ်မြို့ရှိ ထားဝယ်ဘူတာရုံသစ်။

တိုင်းရင်းသားများစုပေါင်းအားဖြင့်နိုင်ငံတော်သစ်တည်ဆောက်မည်

မောင်မောင်စိုး

ပြည်ထောင်စုမြန်မာနိုင်ငံတော် အတွင်းမှီတင်းနေထိုင်ကြသော တိုင်းရင်းသားတို့သည် နှစ်ပေါင်းထောင်ချီကာ စည်းစည်းလုံးလုံး ညီညီညွတ်ညွတ်ဥမကွဲသိုက်မပျက် စုစည်းနေထိုင်လာ ခဲ့ကြသည်။ တစ်မြေတည်းနေ၊ တစ်ရေတည်းသောက်ကာ တစ်အူထုံ့ဆင်း ညီရင်းအစ်ကိုပမာ အေးအတူ ပူအမျှနေထိုင်လာခဲ့ကြသည်။ မြန်မာတိုင်းရင်းသားလူမျိုးများမှာ မြန်မာ့တောတောင်ရေမြေ သဘာဝသယံဇာတများကို အားပြုပြီး ဆည်မြောင်းကန်ချောင်းများကို တူးဖော်ကာ လယ်ယာစိုက်ပျိုးရေးလုပ်ငန်းကို အဓိကထားလုပ်ကိုင်ခဲ့ကြသည်။ ပုဂံခေတ်ကတည်းက အဆင့်မြင့်လယ်ယာစနစ်ကို မြန်မာတိုင်းရင်းသားလူမျိုးများ အသုံးပြုနေကြပြီဖြစ်ကြောင်း ကျောက်ဆည်နယ်က လယ်တွင်း ၁၁ ခရိုင်နှင့် မင်းဘူးနယ်က ခြောက်ခရိုင် တို့က သက်သေပြနေသည်။

ကိုယ့်ထီးကိုယ့်နန်း ကိုယ်ကြငှန်းဖြင့် မင်းဆက်ပေါင်းများစွာ လက်ဆင့်ကမ်းကာ ပထမမြန်မာနိုင်ငံတော်၊ ဒုတိယမြန်မာနိုင်ငံတော်၊ တတိယမြန်မာနိုင်ငံတော် စသည်ဖြင့် ထူထောင်ခဲ့ကြသည်။

မြန်မာတိုင်းရင်းသား အားလုံးမှာ ရှည်လျားသည့်သမိုင်းစဉ်

ပင်လုံဒေသကို ဂုဏ်ပြုသောအားဖြင့် နိုင်ငံတော်က တည်ဆောက်ပေးသည့် အစိုးရ ကွန်ပျူတာကောလိပ်(ပင်လုံ)။

တစ်လျှောက် တစ်စည်းတစ်လုံးတည်းနေထိုင်လာခဲ့ကြရာက ကုန်းဘောင်ခေတ် အရောက်တွင် ကိုလိုနီနယ်ချဲ့စနစ်ဆိုးကြောင့် သူ့ကျွန်ဘဝရောက်ခဲ့ရသည်။

မြန်မာတိုင်းရင်းသား အားလုံး၏ ပြည်ထောင်စုစိတ်ဓာတ်ဖြင့် ခုခံတွန်းလှန်ခဲ့သောကြောင့် ၁၉၄၈ခုနှစ်တွင် ကိုလိုနီဘဝဆိုးမှ ရုန်းထွက်နိုင်ခဲ့ပြီး ပြည်ထောင်စု မြန်မာနိုင်ငံတော်ကို ပြန်လည်ထူထောင်နိုင်ခဲ့သည်။

မြန်မာနိုင်ငံတွင် စစ်အတွင်းက စစ်ဘေးစစ်ဒဏ်သာမက စစ်ပြီးခေတ်တွင်လည်း ကိုလိုနီတို့၏ သွေးခွဲသပ်လျှိုမှုများကြောင့် အခက်အခဲအတားအဆီး၊ အနှောင့်အယှက် မျိုးစုံ ပယောဂအဖုံဖုံတို့ကို ကြုံတွေ့ခဲ့ရပြန်သည်။

၁၉၈၈ ခုနှစ်တွင် တိုင်းပြည်၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ အဘက်ဘက်က ဆုတ်ယုတ်ကာ ချွတ်ခြုံကျခဲ့သည်။ တစ်ချိန်တည်းမှာပင် အဖျက်အမှောင့်သမားများ၏ လုယက်ဖျက်ဆီးမှုကြောင့် စက်ရုံအလုပ်ရုံများအပါအဝင် အခြားဖွံ့ဖြိုးမှုအဆောက်အအုံများ လုံးဝနီးပါးပျက်စီးခဲ့ရသည်။ နိုင်ငံအတွင်း လမ်းပန်းဆက်သွယ်ရေးပြတ်တောက်ပြီး လုံခြုံရေးကင်းမဲ့ကာ နိုင်ငံတော်၏ လုပ်ငန်းအားလုံးရပ်တန့်သွားခဲ့သည်။

ပျက်စီးယိုယွင်းနေသော နိုင်ငံတော်ကို ပြန်လည်တည့်မတ်နိုင်ရန် တပ်မတော်က နိုင်ငံတော်တာဝန်ကို ယူလိုက်ရသည်။ တပ်မတော်က နိုင်ငံတော်တာဝန်ကို ယူပြီးသည်နှင့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေး၊ နယ်မြေတည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေ စိုးမိုးရေးကို ဦးစားပေးဆောင်ရွက်ခဲ့သည်။ တစ်ပြိုင်တည်းမှာပင် ပျက်စီးယိုယွင်းနေသည့် လူမှုရေး၊ စီးပွားရေးအခြေခံအဆောက်အအုံများကို ပြန်လည်တည်ဆောက်ရင်း နိုင်ငံတော်ဖွံ့ဖြိုးရေးအတွက် အထူးလိုအပ်သော လမ်းမကြီးများ၊ မြစ်ကူးချောင်းကူးတံတားကြီးများ၊ ဆည်မြောင်းတာတမံများ၊ တက္ကသိုလ်၊ ကောလိပ်များနှင့် ဆေးရုံကြီးများ စသည့် ဖွံ့ဖြိုးရေးအခြေခံများကို တစ်နိုင်ငံလုံး ဖြန့်ကြက်ကာ နေ့မအား ညမနား ကြိုးပမ်းတည်ဆောက်ခဲ့ရသည်။

နိုင်ငံတော်သည် စိုက်ပျိုးရေးနိုင်ငံဖြစ်သည့်အားလျော်စွာ နိုင်ငံတော်အစိုးရသည် လယ်ယာကဏ္ဍကို အထူးအလေးထားကာ တိုးတက်အောင် ဆောင်ရွက်ခဲ့သည်။ ၁၉၈၈ ခုနှစ်တွင် တစ်နှစ်စပါးတင်း ၆၅၄သန်းထွက် ရှိရာက ၂၀၀၀-၂၀၀၁ ခုနှစ်ကစတင်ပြီး တစ်နှစ်စပါးတင်းသန်း ၁၀၀၀ ထွက်ရှိနေ ပြီဖြစ်သည်။

ခေတ်မီနိုင်ငံတော်အဖြစ်ချီတက်ရာတွင် စက်မှုလက်မှုကဏ္ဍဖွံ့ဖြိုးမှုသည်အလွန်အရေးပါသည့်အလျောက် နိုင်ငံတော်ပိုင်စက်မှု လုပ်ငန်းကြီးများ၏ စွမ်းဆောင်ရည်ကို မြှင့်တင်ပေးပြီး ဒေသအလိုက်စက်မှုဇုန် ၁၉ ဇုန်ကို ထူထောင်ပေးထားသည်။

စက်မှုဇုန်များက လယ်ယာသုံး စက်ပစ္စည်း၊ စက်ရုံအပိုပစ္စည်းများနှင့် မော်တော်ယာဉ်များအထိ ထုတ်လုပ်နိုင်ပြီဖြစ်၍ ခေတ်မီစက်မှုနိုင်ငံတော်ဖြစ်ရေးအလှမ်းမဝေးတော့ပြီ။

နိုင်ငံတော်အစိုးရက ခေတ်မီနိုင်ငံ ထူထောင်ရာတွင် ပြည်ထောင်စုကြီး နယ်မြေဒေသအစိတ်အပိုင်းအားလုံး မျှမျှတတ ဟန်ချက်ညီညီဖွံ့ဖြိုးတိုးတက်လာစေရန် တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် ဖွံ့ဖြိုးရေးအထူးဒေသကြီး ၂၄ ခု သတ်မှတ်ထူထောင်ပေးထားသည်။ ဖွံ့ဖြိုးရေးအထူးဒေသကြီးများအဖြစ် မြစ်ကြီးနား၊ ဗန်းမော်၊ လွိုင်ကော်၊ ဘားအံ၊ ကလေး၊ မုံရွာ၊ ထားဝယ်၊ မြိတ်၊ ပဲခူး၊ ပြည်၊ မကွေး၊ ပခုက္ကူ၊ မန္တလေး၊ မိတ္ထီလာ၊ မော်လမြိုင်၊ စစ်တွေ၊ ရန်ကုန်၊ တောင်ကြီး၊ ပင်လုံ၊ ကျိုင်းတုံ၊ လားရှိုး၊ ပုသိမ်၊ ဟင်္သာတနှင့် မအူပင်မြို့တို့ကို သတ်မှတ်ထားသည်။ တနင်္သာရီတိုင်းတွင် ထားဝယ်နှင့် မြိတ်ကိုအခြေခံပြီး ဖွံ့ဖြိုးတိုးတက်ရေး အစီအမံများကို တစ်တိုင်းလုံးလွှမ်းခြုံဆောင်ရွက်ပေးသည်။

ကရင်ပြည်နယ် မြိုင်ကလေးမြို့မှ ဘားအံမြို့သို့ ဆက်သွယ်သွားလာနိုင်သည့် သံလွင်မြစ်ကို ဖြတ်ကျော်တည်ဆောက်ထားသော သံလွင်မြစ်ကူး တံတား(ဘားအံ)။



ရှမ်းပြည်နယ်တွင် တောင်ကြီး၊ လားရှိုးနှင့် ကျိုင်းတုံဒေသများကို အခြေခံထားပြီး ကြားကွက်လပ်သဖွယ်ဖြစ်နေသော လွိုင်လင်နှင့် ပင်လုံ ဒေသကိုပါ ဖွံ့ဖြိုးရေးအထူးဒေသကြီးများအဖြစ် ထပ်ဆောင်းသတ်မှတ်ပြီး အထူးအစီအမံများ ဆောင်ရွက်ပေးနေသည်။ ထို့ပြင် ပဲခူးတိုင်းတွင်ပဲခူး အရှေ့ခြမ်းနှင့် အနောက်ခြမ်း ဒေသများမျှတစွာ ဖွံ့ဖြိုးအောင် စီမံပေး လျက်ရှိသည်။

ယခုအခါ နိုင်ငံတော်က ဖွံ့ဖြိုးရေး အထူးဒေသကြီး ၂၄ ခုကို အရှိန်အဟုန်ဖြင့် တိုးတက်ဖွံ့ဖြိုးရေးအတွက် ပညာရေး၊ ကျန်းမာရေးနှင့် လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအပြင် လမ်း၊ တံတားများ၊ ရထားလမ်းများ၊ လေဆိပ်များ၊ ဆည်တမံများ၊ လျှပ်စစ်ဓာတ်အားပေးစက်ရုံများ၊ ကုန်ထုတ်စက်ရုံများ၊ ပညာရေး၊ ကျန်းမာရေးဆိုင်ရာ အခြေခံအဆောက် အအုံများကို တိုးချဲ့တည်ဆောက်ပေး

ဆေးတက္ကသိုလ် (မကွေး)

၂၀၀၃ ခုနှစ် ဖေဖော်ဝါရီ ၁၀ ရက်က ဖွင့်လှစ်ခဲ့သော ဆေးတက္ကသိုလ် (မကွေး) သင်ကြားရေး သုံးထပ်ဆောင်သစ်ကြီးကို တွေ့ရစဉ်။

(၅၇)နှစ်မြောက် ပြည်ထောင်စုနေ့အကြို

ဂုဏ်ပြုဆောင်းပါးနှင့် ဓာတ်ပုံမှတ်တမ်း

...ဆောက်မည်

မောင်မောင်စိုး

ရှမ်းပြည်နယ်တွင် တောင်ကြီး၊ လားရှိုးနှင့် ကျိုင်းတုံဒေသများကို အခြေခံထားပြီး ကြားကွက်လပ်သဖွယ်ဖြစ်နေသော လွိုင်လင်နှင့် ပင်လုံ ဒေသကိုပါ ဖွံ့ဖြိုးရေးအထူးဒေသကြီးများအဖြစ် ထပ်ဆောင်းသတ်မှတ်ပြီး အထူးအစီအမံများ ဆောင်ရွက်ပေးနေသည်။ ထို့ပြင် ပဲခူးတိုင်းတွင်ပဲခူး အရှေ့ခြမ်းနှင့် အနောက်ခြမ်း ဒေသများမှုတစ္စာ ဖွံ့ဖြိုးအောင် စီမံပေး လျက်ရှိသည်။

ယခုအခါ နိုင်ငံတော်က ဖွံ့ဖြိုးရေး အထူးဒေသကြီး ၂၄ ခုကို အရှိန်အဟုန်ဖြင့် တိုးတက်ဖွံ့ဖြိုးရေးအတွက် ပညာရေး၊ ကျန်းမာရေးနှင့် လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအပြင် လမ်း၊ တံတားများ၊ ရထားလမ်းများ၊ လေဆိပ်များ၊ ဆည်တမံများ၊ လျှပ်စစ်ဓာတ်အားပေးစက်ရုံများ၊ ကုန်ထုတ်စက်ရုံများ၊ ပညာရေး၊ ကျန်းမာရေးဆိုင်ရာ အခြေခံအဆောက် အအုံများကို တိုးချဲ့တည်ဆောက်ပေးလျက်ရှိသည်။ ဖွံ့ဖြိုးတိုးတက်မှု အစီအမံများကို စီမံဆောင်ရွက်ပေးလျက်ရှိသည်။

ယခုအခါ နိုင်ငံတော်၏ စီးပွားရေးနှင့် လူနေမှု အဆင့်အတန်း မြင့်မားလာပြီဖြစ်သည်။ နိုင်ငံတော်အစိုးရအနေဖြင့် ရည်မှန်းထားသည့် အေးချမ်း သာယာပြီး ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ်ကြီး တည်ဆောက်ရာတွင် ပန်းခင်းလမ်းကို အလွယ်တကူ လျှောက်လှမ်းခဲ့ရခြင်း မဟုတ်ချေ။ နည်းမျိုးစုံဖြင့် ပိတ်ဆို့ဟန့်တားမှုမျိုးစုံကို ရင်ဆိုင်ကျော်လွှားရင်း နိုင်ငံတော် ဖွံ့ဖြိုးရေး အခြေခံ ကောင်းများကို ခက်ခက်ခဲခဲတည်ဆောက်ခဲ့ရခြင်းဖြစ်သည်။

ခက်ခက်ခဲခဲ တည်ဆောက်ယူခဲ့ရသော ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီးအခွန့်ရှည် တည်တံ့ရေးအတွက် တိုင်းရင်းသားပြည်သူများက တိုင်းရင်းသား စည်းလုံးညီညွတ်ရေးစိတ်ဓာတ်၊ပြည်ထောင်စုစိတ်ဓာတ်ဖြင့် ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်ကြရမည် ဖြစ်ပေသည်။ တိုင်းရင်းသားပြည်သူများ၏ စုပေါင်းစွမ်းပကားဖြင့်သာ နိုင်ငံတော်ကြီး ပိုမိုဖွံ့ဖြိုးတိုးတက်အောင်စွမ်းဆောင်ရမည် ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

အစိုးရနည်းပညာကောလိပ်

ကျိုင်းတုံမြို့နယ်ရှိ တည်ဆောက်ဆဲ အစိုးရနည်းပညာကောလိပ်ကို တွေ့ရစဉ်။
ဓာတ်ပုံ-တင်စိုး
(မြန်မာ့အလင်း)

တာချီလိတ်

ခုတင်(၂၀၀)ဆံ့

ဆေးရုံ

တည်ဆောက်ပြီးစီးနေပြီဖြစ်သည့် ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့နယ်ရှိ ခုတင် (၂၀၀)ဆံ့ အထွေထွေရောဂါကုဆေးရုံ(တာချီလိတ်)။
ဓာတ်ပုံ-တင်စိုး
(မြန်မာ့အလင်း)

ဖွံ့ဖြိုးရေး အထူးဒေသ ၂၄ ခု

စဉ်	ဖွံ့ဖြိုးရေးအထူးဒေသများ
၁။	မြစ်ကြီးနား
၂။	ဗန်းမော်
၃။	လွိုင်ကော်
၄။	ဘားအံ
၅။	ကလေး
၆။	မုံရွာ
၇။	ထားဝယ်
၈။	မြိတ်
၉။	ပဲခူး
၁၀။	ပြည်
၁၁။	မကွေး
၁၂။	ပခုက္ကူ
၁၃။	မန္တလေး
၁၄။	မိတ္ထီလာ
၁၅။	မော်လမြိုင်
၁၆။	စစ်တွေ
၁၇။	ရန်ကုန်
၁၈။	ကျိုင်းတုံ
၁၉။	တောင်ကြီး
၂၀။	ပင်လုံ
၂၁။	လားရှိုး
၂၂။	ပုသိမ်
၂၃။	ဟင်္သာတ
၂၄။	မအူပင်

မအူပင်တက္ကသိုလ်

ဧရာဝတီတိုင်း မအူပင်မြို့ရှိ မအူပင်တက္ကသိုလ်။

ဆေးတက္ကသိုလ် (မကွေး)

၂၀၀၃ ခုနှစ် ဖေဖော်ဝါရီ ၁၀ ရက်က ဖွင့်လှစ်ခဲ့သော ဆေးတက္ကသိုလ် (မကွေး) သင်ကြားရေး သုံးထပ်ဆောင်သစ်ကြီးကို တွေ့ရစဉ်။

မြိတ်မြို့တွင် တည်ဆောက်ဖွင့်လှစ်ခဲ့သည့် မြိတ်မြို့ ခုတင် (၂၀၀)ဆံ့ အထွေထွေရောဂါကု ဆေးရုံသစ်ကြီး။



သားငါးပွံ့ဖြိုး ပြည်အကျိုး

✻ ကွမ်းခြံကုန်းမြို့မှ

ထိုမှတစ်ဆင့် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် ကွမ်းခြံကုန်းမြို့သို့ ရောက်ရှိကြသည်။

တက်ရောက်ချီးမြှင့်

ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာနမြန်မာ့ဆက်သွယ်ရေးလုပ်ငန်း ရန်ကုန်တိုင်း ကွမ်းခြံကုန်းမြို့ ဒစ်ဂျစ်တယ်အော်တိုအိတ်ချိန်းသစ်ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ကွမ်းခြံကုန်းမြို့ရှိ အဆိုပါ ဒစ်ဂျစ်တယ် အော်တိုအိတ်ချိန်းသစ်အဆောက်အအုံရှေ့၌ကျင်းပရာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် တက်ရောက်ချီးမြှင့်သည်။

အခမ်းအနားသို့ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေ၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ဒုတိယဝန်ကြီးများ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ခရိုင်နှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

ရှေးဦးစွာ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း ကွမ်းခြံကုန်းမြို့ ဒစ်ဂျစ်တယ်အော်တိုအိတ်ချိန်းဖွင့်ပွဲအခမ်းအနားကို နံနက် ၉ နာရီတွင် အဆိုပါအိတ်ချိန်းအဆောက်အအုံရှေ့၌ ကျင်းပရာ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့် ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်သိန်းဇော်တို့က ဒစ်ဂျစ်တယ် အော်တိုအိတ်ချိန်းသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

အမျိုးအစားဖြစ်ပြီး ဒစ်ဂျစ်တယ် အော်တိုတယ်လီဖုန်းအလုံး ၄၀၀ တပ်ဆင် အသုံးပြုနိုင်ကာ ယခုအခါ အော်တိုတယ်လီဖုန်းအလုံး ၃၀၀ တပ်ဆင်ထားပြီးဖြစ်သည်။ အဝေးဆက်သွယ်မှုမှာ C.O Line ၁၈လိုင်း တပ်ဆင်ထားသဖြင့် ကွမ်းခြံကုန်းမြို့မှ မြန်မာနိုင်ငံအတွင်းသာမက ပြည်ပနိုင်ငံများကိုပါ ဆက်သွယ်ပြောဆိုနိုင်ကြောင်း သိရှိရသည်။

ဆက်လက်၍ အားကစားဝန်ကြီးဌာန ကွမ်းခြံကုန်းမြို့ အားကစားခန်းမဖွင့်ပွဲအခမ်းအနားကို ကျင်းပသည်။ အခမ်းအနားသို့နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များ၊ ခရိုင်နှင့်မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ အားကစားဝန်ကြီးဌာန အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ၊ အားကစားသမားများ၊ ကျောင်းသား ကျောင်းသူများနှင့် ဒေသခံပြည်သူများတက်ရောက်ကြသည်။

အစီအစဉ်အရ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေနှင့် မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်တို့က အားကစားဝန်ကြီးဌာန ကွမ်းခြံကုန်းမြို့ အားကစားခန်းမကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ဆက်လက်၍ စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီက ကွမ်းခြံကုန်းမြို့ အားကစားခန်းမ ဖွင့်ပွဲကမ္ပည်း ကျောက်စာတိုင်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

အားကစားခန်းမစစ်ဆေး

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ကွမ်းခြံကုန်းမြို့ အားကစားခန်းမသစ်အတွင်း ကြည့်ရှုစစ်ဆေးရာ အားကစားအဖွဲ့များမှ အားကစားသမားများက

အနားကို နံနက် ၉ နာရီ၄၅မိနစ်တွင် အဆိုပါကျောင်း၌ ကျင်းပရာ မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့် တက်ရောက်ချီးမြှင့်သည်။

အခမ်းအနားသို့ မြန်မာနိုင်ငံပညာ

ရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များ၊ ခရိုင်၊မြို့နယ်နှင့် ရပ်ကွက်ကျေးရွာအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့၊ အလှူရှင်များ၊ အမှတ်(၃)အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ၊ ကျောင်းအကျိုးတော်ဆောင်အဖွဲ့များ၊ ကျောင်းအုပ်ဆရာကြီး၊ ဆရာဆရာမများ၊ ကျောင်းသားကျောင်းသူများ၊ ရပ်မိရပ်ဖများနှင့် ဖိတ်ကြားထားသူများတက်ရောက်ကြသည်။

သုံးထပ်ကျောင်းဆောင်သစ်ဖွင့်

အစီအစဉ်အရ ကွမ်းခြံကုန်းမြို့ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း သုံးထပ်ကျောင်းဆောင်သစ်

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ကော့မှူးမြို့ ဒစ်ဂျစ်တယ် အော်တိုအိတ်ချိန်းသစ် ဖွင့်ပွဲ အထိမ်းအမှတ် ကမ္ပည်းကျောက်စာတိုင်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးစဉ်။ (သတင်းစဉ်)

ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် ကျောင်းဆောင်သစ်ပေါ်မှ ကျောင်းသားကျောင်းသူ တိုင်းရင်းသားယဉ်ကျေးမှုအဖွဲ့၊ ကာယ သရုပ်ပြအဖွဲ့၊ ကဗျာလွတ်အကအဖွဲ့၊ ပန်းဖွားအကအဖွဲ့နှင့် စာလုံးသရုပ်ဖော် အဖွဲ့များ၏ သရုပ်ပြသဖျော်ဖြေမှုကို ကြည့်ရှုအားပေးသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် ကျောင်းဆောင်သစ်ရှိ စာသင်ခန်းများကို ကြည့်ရှုကြသည်။

ဆက်လက်၍ ကွမ်းခြံကုန်းမြို့ အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း သုံးထပ်ကျောင်းဆောင်သစ်ဖွင့်ပွဲ၊ လွှဲပြောင်းပေးအပ်ပွဲ၊ ဒစ်ဂျစ်တယ်အော်တိုအိတ်ချိန်းသစ်ဖွင့်ပွဲနှင့် မိုးလုံလေလုံ အားကစားခန်းမဖွင့်ပွဲ အစီအစဉ်ကို ကျောင်းအားကစားရုံခန်းမ၌ ကျင်းပသည်။

အမျိုးသားကျောင်းအဖြစ်စတင်

ရှေးဦးစွာ ကွမ်းခြံကုန်းမြို့ အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း ကျောင်းအကျိုးတော်ဆောင်အဖွဲ့ဥက္ကဋ္ဌ ဦးတင်ထွန်းက သုံးထပ်ကျောင်းဆောင်သစ်တည်ဆောက်ရေးအတွက်ကြိုးပမ်းဆောင်ရွက်ချက်များနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြရာတွင် ယခုအမှတ်(၂)အခြေခံပညာအထက်တန်းကျောင်းသည် လွန်ခဲ့သော ၁၉၂၂ခုနှစ်တွင် အမျိုးသားကျောင်းအဖြစ် စတင်ခဲ့ကြောင်း၊ ၁၉၄၇ခုနှစ် ဒီဇင်ဘာလမှစ၍ နိုင်ငံတော်အစိုးရက အမျိုးသားအထက်တန်းကျောင်းအဖြစ် ခွင့်ပြုဖွင့်လှစ်သင်ကြားခဲ့သော ကျောင်းတစ်ကျောင်းဖြစ်ကြောင်း၊ မိမိတို့၏အမျိုးသားအထက်တန်းကျောင်းမှာ ၁၉၈၆ခုနှစ်မှ ၂၀၀၃ခုနှစ် ဇန်နဝါရီလအထိ ၁၇နှစ်တိုင်တိုင်အခြေခံပညာအလယ်တန်းကျောင်း အဆင့်သို့ ပြောင်းလဲသွားပြီး ပညာသင်ကြားခဲ့ရကြောင်း။

ထိုသို့ အခြေခံပညာအလယ်တန်းကျောင်းအဆင့် ရောက်ရှိသွားသော အမျိုးသား အထက်တန်းကျောင်းကို အထက်တန်းကျောင်းအဖြစ်သို့ပြန်လည်တိုးမြှင့်ပေးရန် မြို့မိ မြို့ဖများနှင့် ဆရာ ဆရာမကြီးတို့ ဆန္ဒအရ ကျောင်းသားဟောင်းဖြစ်သူ စွမ်းအင်ဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီက မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့်သို့ တင်ပြဆောင်ရွက်ပေးမှုကြောင့် ၂၇-၁-၂၀၀၃ ရက်တွင် အမှတ် (၂)အခြေခံပညာအထက်တန်းကျောင်းအဖြစ်သို့ တိုးမြှင့်ခွင့်ရရှိခဲ့ကြောင်း။

အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းအဖြစ်တိုးမြှင့် ခွင့်ပြုပြီးနောက် ကျောင်းသားဦးရေနှင့် ကျောင်းအဆောက်အအုံ မလုံလောက်ပါသဖြင့် ကျောင်းဆောင်သစ် ဆောက်လုပ်ရေးကော်မတီတစ်ရပ်ကို ဖွဲ့စည်းပေးခဲ့ကြောင်း။

ကျောင်းဆောင်သစ်ဆောက်လုပ်ရေးကော်မတီသည် စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်လွန်းသီ၏ ဦးဆောင်ကြီးကြပ်မှု၊ စည်းရုံးပံ့ပိုးကူညီမှုဖြင့် သုံးထပ်ကျောင်းဆောင်သစ်ကြီးကို ပြီးစီးအောင် တည်ဆောက်ခဲ့ကြောင်း၊ ထို့ပြင် အားကစားနှင့် ကာယပညာဦးစီးဌာနမှ လွှဲပြောင်းရရှိသော အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်းခန်းမကို နိုင်ငံတော်အဆင့်၊ တိုင်းအဆင့်၊ မြို့နယ်အဆင့် အစည်းအဝေးများ ကျင်းပနိုင်အောင် ငွေကျပ် ၄၆ သိန်း အကုန်အကျခံ၍ ပြုပြင်ပေးခဲ့ကြောင်း၊ ပညာရေးဝန်ကြီးဌာနကလည်း စတိတ်စင်အတွက် အမိုးသွပ်ပြား ၁၄၀၊ သုတ်ဆေးဂါလန် ၁၅၀ နှင့် သန့်စင်ခန်း အလုံး၂၀ အတွက် ငွေကျပ်သိန်း ၂၀ ကိုလည်း ကူညီပံ့ပိုးပေးခဲ့ကြောင်း။

နိဂုံးချုပ်အနေဖြင့် တင်ပြလိုသည်မှာ အမှတ် (၂)အခြေခံပညာအထက်တန်းကျောင်းအဖြစ် တိုးမြှင့်ပေးခဲ့သော မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌနှင့် ဦးစီးဦးဆောင်ပြု၍ ပံ့ပိုးကူညီဆောင်ရွက်ပေးခဲ့သော စွမ်းအင်ဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီအားလည်းကောင်း၊ လိုအပ်သော ပစ္စည်းများနှင့် ငွေကြေးကူညီပံ့ပိုးပေးသော ပညာရေးဝန်ကြီးဌာနဝန်ကြီး ဦးသန်းအောင်အားလည်းကောင်း၊ စေတနာရှင် အလှူရှင်များနှင့်မြို့လူထုအလှူရှင်များအား လည်းကောင်း ကျေးဇူးတင်ရှိပါကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းဦးဆောင်ညွှန်ကြားရေးမှူး ဦးမောင်မောင်တင်ကကွမ်းခြံကုန်းမြို့၊ ကော့မှူးမြို့များရှိ ဒစ်ဂျစ်တယ် အော်တိုတယ်လီဖုန်း အိတ်ချိန်းများ တည်ဆောက်ဖွင့်လှစ်ခြင်းနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြရာတွင် ယနေ့ ၂၀၀၄ ခုနှစ် ဖေဖော်ဝါရီ၈ ရက်တွင် ဒစ်ဂျစ်တယ်အော်တိုအိတ်ချိန်းသစ်ကို စတင်ဖွင့်လှစ်သုံးစွဲနိုင်ပြီဖြစ်၍ ကွမ်းခြံကုန်းမြို့အတွက် မင်္ဂလာရှိသော နေ့တစ်နေ့ဖြစ်ကြောင်း၊ အလားတူ ယနေ့နေ့လယ်ပိုင်းတွင် ကော့မှူးမြို့နယ်၌လည်း ဒစ်ဂျစ်တယ် အော်တိုအိတ်ချိန်းသစ်ကို စတင် ဖွင့်လှစ်သုံးစွဲတော့မှာဖြစ်ကြောင်း၊ ယခုကဲ့သို့ ဖွင့်လှစ်နိုင်သည့်အတွက် ကွမ်းခြံကုန်းနှင့် ကော့မှူးမြို့များရှိ ပြည်သူများအနေဖြင့် ပြည်တွင်းသာမက ပြည်ပနိုင်ငံများကိုပါ ကိုယ်တိုင်တိုက်ရိုက်ခေါ်ဆိုနိုင်ကြပြီ ဖြစ်ကြောင်း။

ဆက်သွယ်ခေါ်ဆိုနိုင်

ယခင်က ကွမ်းခြံကုန်းမြို့တွင် လိုင်း ၃၀၀ ပါ လက်လှည့်အိတ်ချိန်းစနစ်သာရှိခဲ့ပြီး အဝေးဆက်သွယ်မှုအနေဖြင့် ရန်ကုန်မှ အော်တိုရေဒီယိုတယ်လီဖုန်းလေးလိုင်းဖြင့်လည်းကောင်း၊ ကော့မှူးမြို့တွင် လိုင်း ၂၀၀ ပါ လက်လှည့်အိတ်ချိန်းစနစ်ကို အော်တိုရေဒီယိုတယ်လီဖုန်း သုံးလိုင်းဖြင့်လည်းကောင်း၊ အော်ပရေတာမှ တစ်ဆင့် ခေါ်ဆိုဆက်သွယ်ခဲ့ရကြောင်း၊ ယခုအခါ လိုင်း ၃၀၀ ပါ အော်တိုအိတ်ချိန်းနှင့် C.Oလိုင်း ၁၈ လိုင်းပါ အဝေးလိုင်းဖြင့်လည်းကောင်း၊ ကော့မှူးမြို့တွင် လိုင်း ၂၀၀ ပါ အော်တိုအိတ်ချိန်းနှင့် C.O လိုင်း ၁၂ လိုင်းပါ အဝေးလိုင်းဖြင့်လည်းကောင်း ဆက်သွယ်ခေါ်ဆိုနိုင်ပြီ ဖြစ်ကြောင်း။

ဒစ်ဂျစ်တယ် အော်တိုအိတ်ချိန်းတည်ဆောက်တပ်ဆင်ခြင်းလုပ်ငန်းဆောင်ရွက်ရာတွင် ကွမ်းခြံကုန်းမြို့အတွက် ငွေကျပ်သန်း၁၁၀နှင့် ကော့မှူးမြို့အတွက် ငွေကျပ်၉၆ ဒသမ ၄ သန်း ကုန်ကျခဲ့ကြောင်း။

စာမျက်နှာ ၁၁ ကော်လံ ၁ သို့

ကော့မှူးမြို့ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း ဒစ်ဂျစ်တယ်အော်တိုအိတ်ချိန်းသစ် ဖွင့်ပွဲ အခမ်းအနားတွင် အော်တိုအိတ်ချိန်းသစ် အဆောက်အအုံကို တွေ့ရစဉ်။ (သတင်းစဉ်)

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က ကွမ်းခြံကုန်းမြို့ ဒစ်ဂျစ်တယ်အော်တိုအိတ်ချိန်းဖွင့်ပွဲကမ္ပည်းကျောက်စာတိုင်ကိုစက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ကွမ်းခြံကုန်းမြို့ ဒစ်ဂျစ်တယ် အော်တိုအိတ်ချိန်းရှိ Switching Room ကို ကြည့်ရှုစစ်ဆေးပြီး ကွမ်းခြံကုန်းမြို့မှ ပြည်ပနိုင်ငံများသို့ တယ်လီဖုန်းစမ်းသပ်ဆက်သွယ်ပြောကြားသည်။

ပြည်ပနိုင်ငံများဆက်သွယ်နိုင်

ယနေ့ဖွင့်လှစ်လိုက်သော ကွမ်းခြံကုန်းမြို့ ဒစ်ဂျစ်တယ် အော်တိုအိတ်ချိန်းသစ်သည် KX-TD 500

တိုက်ကွမ်ဒို၊ မြန်မာ့သိုင်း၊ ဘောလုံး၊ ဘော်လီဘော၊ လက်ဝှေ့၊ ဂျူဒို၊ ဝူရှူး၊ ကြက်တောင်နှင့် ကျွမ်းဘားအားကစားနည်းအလိုက် သရုပ်ပြကစားပြသကြသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ကွမ်းခြံကုန်းမြို့ အားကစားခန်းမကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ကွမ်းခြံကုန်းမြို့ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း သုံးထပ်ကျောင်းဆောင်သစ်ဖွင့်ပွဲနှင့် လွှဲပြောင်းပေးအပ်ပွဲအခမ်း

ဖွင့်ပွဲကို အဆိုပါ ကျောင်းဆောင်သစ်ရှေ့၌ ကျင်းပရာ ကျောင်းအုပ်ဆရာကြီး ဦးသန့်ဇင်နှင့် ကျောင်းအကျိုးတော်ဆောင်အဖွဲ့ ဥက္ကဋ္ဌ ဦးတင်ထွန်းတို့က ဖဲကြိုးဖြတ်၍ သုံးထပ်ကျောင်းဆောင်သစ်ကို ဖွင့်လှစ်ပေးကြသည်။

ထို့နောက် မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌနိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က သုံးထပ်ကျောင်းဆောင်သစ်ဖွင့်ပွဲ မော်ကွန်းကျောက်စာတိုင်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်

စာမျက်နှာ ၁၀ မှ

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ နယ်မြို့ အော်တိုအိတ်ချိန်း စီမံကိန်းအစီအစဉ်ဖြင့် ပြည်နယ်နှင့်တိုင်းအသီးသီး၌ မြို့ပေါင်း ၃၀တွင် အော်တိုအိတ်ချိန်းသစ်များတည်ဆောက်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း၊ ယခု ဖေဖော်ဝါရီ ၅ ရက်တွင် စစ်ကိုင်းတိုင်း ကန့်ဘလူမြို့၌ ဖွင့်လှစ်ခဲ့ပြီး မကြာမီ ကချင်ပြည်နယ် ရွှေကူ၊ ဟိုပင်၊ မိုးညှင်း၊ စစ်ကိုင်းတိုင်း ကသာ၊ ချောင်းဦး၊ မြင်းမူနှင့် ရခိုင်ပြည်နယ် သံတွဲမြို့တို့၌လည်း အော်တိုအိတ်ချိန်းသစ်များ ဖွင့်လှစ် အသုံးပြုတော့မှာဖြစ်ကြောင်း၊ အလားတူ ဧရာဝတီတိုင်းရှိ မအူပင်၌ အော်တိုအိတ်ချိန်း တပ်ဆင်ခြင်းလုပ်ငန်းများ စတင်ဆောင်ရွက်နေပြီး မကြာမီ လုပ်ငန်းများ ပြီးစီးတော့မှာဖြစ်ကြောင်း။

ယခုအခါတွင် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ ကျေးလက်ဒေသများ အလျင်အမြန်ဖွံ့ဖြိုးလာပြီး တောနှင့်မြို့ ကွာဟမှုများ လျော့နည်းလာစေရန် အစီအမံများ ဆောင်ရွက်နေသည်နှင့် အညီ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းသည်လည်း ဆက်သွယ်မှု လုံးဝမရှိသေးသည့် ကျေးလက်ဒေသများတွင် အခြေခံဆက်သွယ်ရေး လိုအပ်ချက်ရရှိရေးအတွက် ကျေးလက်ဒေသဆက်သွယ်ရေး ဖွံ့ဖြိုးမှုစီမံကိန်း အဆင့်ဆင့်ကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း။

လိုင်းပေါင်းလေးသိန်းအသုံးပြု

မြန်မာ့ဆက်သွယ်ရေး လုပ်ငန်းအနေဖြင့် ဆက်သွယ်ရေးလုပ်ငန်းများကို တိုးချဲ့ ဆောင်ရွက်လျက်ရှိရာ မြန်မာနိုင်ငံတစ်ဝန်း အော်တိုအိတ်ချိန်း ၁၃၀၊ လက်သုံး အိတ်ချိန်း ၆၁၄ ခုနှင့် တယ်လီဖုန်း လိုင်းပေါင်း လေးသိန်းခန့် တပ်ဆင်အသုံးပြုနိုင်ပြီ ဖြစ်ကြောင်းဖြင့် ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်က ကွမ်းခြံကုန်းမြို့ မိုးလုံလေလုံအားစားခန်းမ တည်ဆောက်ဖွင့်လှစ်ရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြရာတွင် ရန်ကုန်တိုင်း ကွမ်းခြံကုန်းမြို့၌ အလျားပေ ၁၅၀၊ အနံ ၅၁ ပေရှိ ကွန်ကရစ်ကြမ်းခင်း မိုးလုံလေလုံ အားကစားခန်းမကို ၁၉၈၁ ခုနှစ် မတ်၈ ရက်တွင် စတင်ဆောက်လုပ်ခဲ့ရာ ၁၉၈၂ ခုနှစ် နိုဝင်ဘာလတွင် တည်ဆောက်ပြီးစီးခဲ့ကြောင်း၊ အဆိုပါ အားကစားခန်းမကို ပြည်သူလူထုထည့်ဝင်ငွေ ကျပ်နှစ်သိန်းနှင့် နိုင်ငံတော်မှ ခွင့်ပြုငွေများဖြင့် တည်ဆောက်ခဲ့ခြင်းဖြစ်ကြောင်း၊ ပရိသတ်ဝင်ဆံ့သည့် အင်အားမှာ ၄၀၀ ဦး ဖြစ်ကြောင်း၊ ကွမ်းခြံကုန်းမြို့၏ မြို့နယ်အဆင့် အားကစားလုပ်ငန်းများ၊ Indoor Games များအားလုံးကို အဆိုပါ အားကစားခန်းမအတွင်း ပြိုင်ပွဲများကျင်းပခြင်း၊ လေ့ကျင့်မှုများ ပြုလုပ်ခြင်းများ ဆောင်ရွက်နိုင်ခဲ့ကြောင်း။

အဆင့်မီကျင်းပနိုင်

အသစ်တည်ဆောက်သည့်အားကစားခန်းမမှာ အလျားပေ၁၂၀၊ အနံပေ၆၀၊ အမြင့်၃၆ပေရှိပြီး အုတ်နံရံကာ၊ သွပ်မိုး၊ သံထည်အဆောက်အအုံ (Steel Structure)ဖြစ်ကြောင်း၊ ပင်မဆောင်၏ ဘေးတစ်ဖက်တစ်ချက်တွင် အကျယ်၁၄ပေ၊ အလျားပေ ၁၂၀ ရှိ ပွဲကြည့်ပရိသတ်အင်အား ၄၀၀ ခန့်ဝင်ဆံ့သော အဆောင်နှစ်ဆောင် တွဲလျက် ပါရှိကြောင်း၊ ခန်းမအတွင်း အလျားပေ ၁၂၀၊ အနံပေ ၆၀ ရှိ တစ်ထပ် လျှာထိုးကြမ်း ခင်းထားပြီး Indoor Gamesကစားနည်းမျိုးစုံဖြစ်သည့် ဘတ်စကက်ဘော၊ ဘော်လီဘော၊ ကြက်တောင်၊ တိုက်ကွမ်ဒို၊ ကရာတေးဒို၊ ပိုက်ကျော်ခြင်း၊ သိုင်း၊ ဂျူဒို၊ စားပွဲတင်တင်းနစ် အစရှိသည့် အားကစားနည်းများကို လေ့ကျင့်နိုင်မည့်အပြင် ပြိုင်ပွဲများကိုလည်း အဆင့်မီစွာ ကျင်းပနိုင်မည်ဖြစ်ကြောင်း။

ယခုအခါ မိုးလုံလေလုံအားကစားခန်းမသစ်ကြီး တည်ဆောက်ပြီးစီးပြီဖြစ်သဖြင့် ကွမ်းခြံကုန်းမြို့နယ်ရှိ ကျောင်းသူကျောင်းသားများနှင့်လူငယ်လူရွယ်အားကစားသမားများ အားကစားလေ့ကျင့်မှု၊ ယှဉ်ပြိုင်မှုများကို အဆင်ပြေစွာ ပိုမိုဆောင်ရွက်နိုင်မည် ဖြစ်ကြောင်းဖြင့် ရှင်းလင်းတင်ပြသည်။

ယင်းနောက် ကွမ်းခြံကုန်းမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးချိုထွန်းက ဒေသဖွံ့ဖြိုးရေး ဆောင်ရွက်ပေးခဲ့မှုအတွက် ဂါရဝပြုကျေးဇူးတင်စကားပြောကြားသည်။

ထို့နောက် စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီက ကွမ်းခြံကုန်းမြို့ ဖွံ့ဖြိုးတိုးတက်ရေးအတွက် မြို့မိမြို့ဖများ၊ စေတနာရှင်ပြည်သူများနှင့် ညှိနှိုင်းဆောင်ရွက်ခဲ့မှုနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ယင်းနောက် ပညာရေးဝန်ကြီးဌာန ဝန်ကြီးဦးသန်းအောင်က မြို့မိမြို့ဖများ၊ စေတနာရှင်ပြည်သူများ ပူးပေါင်းပံ့ပိုးဆောင်ရွက်မှုကြောင့် ပညာရေးဌာနအတွက်သာမက ကျောင်းသူကျောင်းသားများအတွက်ပါ ဥပတိရုပ်ခံ့ညားသော သုံးထပ်ကျောင်းပေါ်လာသည့်အတွက် မြို့မိမြို့ဖများနှင့် စေတနာရှင်များအား ကျေးဇူးတင်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ကွမ်းခြံကုန်းမြို့ အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်းအတွက် ကွမ်းခြံကုန်းမြို့မှ မြို့မိမြို့ဖအလှူရှင်များက ငွေကျပ် ၆၂သိန်း၊ ကမ္ဘောဇဘဏ်လီမိတက်က ငွေကျပ်၁၁၅သိန်း၊ Asia World Co., Ltd. က ငွေကျပ်သိန်း၁၀၀၊ ကျောက်စိမ်းနဂါးကုမ္ပဏီက ငွေကျပ်သိန်း၁၀၀၊ ရွှေသံလွင်ကုမ္ပဏီက ငွေကျပ်သိန်း ၁၀၀၊ Forcus Energy မှ ဦးမောင်မောင်ခဆွေက ငွေကျပ်သိန်း ၅၀၊ မြတ်မေတ္တာမွန်မိသားစု ကုမ္ပဏီလီမိတက်က ငွေကျပ်သိန်း ၄၀၊ MPRL က ငွေကျပ် ၃၈၅၀၀၀၀၊ တော်ဝင်မိသားစုကုမ္ပဏီက ငွေကျပ် ၁၄၅၄၀၈၈၊ မြန်မာ့အလှဆောက်လုပ်ရေးက ငွေကျပ် ၁၀ သိန်းတို့ကို ပေးအပ်လှူဒါန်းကြရာ စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီနှင့် ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဦးသန်းအောင်တို့က လက်ခံကြသည်။

ယင်းနောက် စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီက ကွမ်းခြံကုန်းမြို့ အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း သုံးထပ်ကျောင်းဆောင်သစ်နှင့်ပတ်သက်သော စာရွက်စာတမ်းများကို ပညာရေးဝန်ကြီးဌာန ဝန်ကြီးဦးသန်းအောင်အား လွှဲပြောင်းပေးအပ်သည်။

ထို့နောက် အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်က ကွမ်းခြံကုန်းမြို့နယ်အတွက် အားကစားပစ္စည်းများကို မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကျော်ရွှေအား ပေးအပ်သည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က အမှာစကားပြောကြားရာတွင် ယနေ့နံနက်ပိုင်းက ကွမ်းခြံကုန်းမြို့သို့ ရောက်ရှိပြီး ကွမ်းခြံကုန်းမြို့ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း ဒစ်ဂျစ်တယ် အော်တိုအိတ်ချိန်းသစ်ဖွင့်ပွဲ၊ မိုးလုံလေလုံအားကစားခန်းမဖွင့်ပွဲနှင့် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း သုံးထပ်ကျောင်းဆောင်သစ်ကြီး ဖွင့်လှစ်သည့် အခမ်းအနားများသို့ မိမိနှင့်အတူ တိုင်းမှူး၊ အစိုးရ အဖွဲ့ဝင်ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ တက်ရောက်အားပေးခဲ့ကြကြောင်း။

ကွမ်းခြံကုန်းမြို့ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း သုံးထပ်ကျောင်းဆောင်သစ် ဖွင့်ပွဲနှင့်လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားတွင် သုံးထပ်ကျောင်းဆောင်ကို တွေ့ရစဉ်။ (သတင်းစဉ်)

စီစဉ်ထားပြီးဖြစ်

ကွမ်းခြံကုန်းမြို့နယ် ပြည်သူများအတွက် ဆက်သွယ်ရေးလွယ်ကူအဆင်ပြေစေရန် ဒီဂျစ်တယ် အော်တိုအိတ်ချိန်းတစ်ခု တည်ဆောက်ဖွင့်လှစ်ပေးပြီး မိမိကိုယ်တိုင် ထိုင်းနိုင်ငံနှင့် ဂျပန်နိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီးများထံသို့ လက်တွေ့စမ်းသပ် ဆက်သွယ်ပြောကြားခဲ့ကြောင်း၊ ကွမ်းခြံကုန်းမြို့နယ်သူ မြို့နယ်သားများအတွက် ယနေ့မှစ၍ ပြည်တွင်းသာမက ပြည်ပနိုင်ငံများသို့ပင် တယ်လီဖုန်းကိုယ်တိုင်ခေါ်ဆိုပြောကြားနိုင်ပြီဖြစ်ကြောင်း၊ အလားတူ ယနေ့နေ့လယ်ပိုင်းတွင် ကော့မှူးမြို့၌ ဒစ်ဂျစ်တယ်အော်တိုအိတ်ချိန်းဖွင့်လှစ်ပေးရန် စီစဉ်ထားပြီးဖြစ်ကြောင်း။

ထို့အပြင် နောင်အနာဂတ်တိုင်းပြည်တာဝန်ကို ထမ်းဆောင်ကြမည့် ကွမ်းခြံကုန်းမြို့နယ်ရှိ လူငယ်လူရွယ်များ၏ ကျန်းမာကြံ့ခိုင်သန်စွမ်းရေးကို အထောက်အကူဖြစ်စေမည့် မြို့နယ် မိုးလုံလေလုံအားကစားခန်းမသစ်ကြီးကိုလည်း ယနေ့နံနက်ကပင် ဖွင့်လှစ်ပေးခဲ့ပြီးဖြစ်ကြောင်း။

ယခုတစ်ဖန် ဤမြို့နယ်ရှိ လူငယ်လူရွယ်များ၏ ပညာရည်မြင့်မားရေးနှင့်စိတ်ချမ်းမြေ့စွာ ပညာသင်ယူနိုင်ရေးအတွက် သုံးထပ်ကျောင်းဆောင်သစ်ကြီး တည်ဆောက်ပြီးစီး၍ ပညာရေးဝန်ကြီးဌာနသို့ လွှဲပြောင်းပေးအပ်ခဲ့ပြီးဖြစ်ကြောင်း။

ယနေ့ ကွမ်းခြံကုန်းမြို့တွင် ဒစ်ဂျစ်တယ်အော်တိုအိတ်ချိန်း၊ မိုးလုံလေလုံအားကစားခန်းမနှင့် သုံးထပ်စာသင်ဆောင်ကြီးများ ခံ့ခံ့ညားညား အစီအရီ တည်ဆောက်ဖွင့်လှစ်နိုင်ခဲ့သဖြင့် ကွမ်းခြံကုန်း မြို့သူမြို့သားအားလုံး၏ ဂုဏ်ယူဝမ်းမြောက်နေမှုများကိုလည်း တွေ့မြင်ခံစားရပါကြောင်း။

နိုင်ငံ့ထူထောင်ရေး

မြန်မာနိုင်ငံသည် ရှေးဘိုးစဉ်ဘောင်ဆက် နှစ်ပေါင်းထောင်ချီကတည်းက တိုင်းရင်းသားများဖြင့် စုပေါင်းတည်ထောင်ထားသည့် ပြည်ထောင်စုနိုင်ငံတော်ကြီးဖြစ်ကြောင်း၊ သို့သော်လည်း ခေတ်အဆက်ဆက်တွင် အခြေအနေအမျိုးမျိုး ဖြစ်ပေါ်ခဲ့ပြီး တည်ငြိမ်မှု၊ အေးချမ်းမှုများပေါ်မူတည်ပြီး စီးပွားရေး၊ လူမှုရေး အခြေအနေများလည်း အမျိုးမျိုးပြောင်းလဲခဲ့ကြောင်း၊ မိမိတို့ တာဝန်ယူစဉ်အချိန်တွင် ပြည်ထောင်စုကြီး ခိုင်မြဲရမည်၊ တိုင်းရင်းသား စည်းလုံးညီညွတ်ရေး ဖြစ်ထွန်းရမည်၊ ပြည်ထောင်စုကြီး ဥမကွဲသိုက်မပျက် ဖြစ်ထွန်းနေရမည်၊ နောင်ခေတ်မီဖွံ့ဖြိုး တိုးတက်သည့် နိုင်ငံတော်ကြီးဖြစ်ထွန်းရမည် ဆိုသည့် ဦးတည်ချက်ချမှတ် ဆောင်ရွက်ခဲ့ကြောင်း။

ရှေးဦးစွာ ပြည်ထောင်စုခိုင်မြဲရေး ဦးတည်ပြီး တိုင်းရင်းသား စည်းလုံးညီညွတ်ရေးရရှိအောင် ကြိုးပမ်းဆောင်ရွက်ခဲ့သဖြင့် ယခင်ကပေါ်ပေါက်ခဲ့သည့် လက်နက်ကိုင် ပဋိပက္ခများ ချုပ်ငြိမ်းသွားခဲ့ပြီး ပြည်ထောင်စုကြီး ခိုင်မြဲရေး၊ နိုင်ငံ ထူထောင်ရေးကိစ္စများတွင် တိုင်းရင်းသားများ တပေါင်းတစည်းတည်း ဆောင်ရွက်နေကြပြီဖြစ်ကြောင်း။

ယနေ့အချိန်အခါတွင် တိုင်းပြည် တည်ငြိမ်အေးချမ်းပြီး တိုင်းရင်းသား စည်းလုံးရေး ဖြစ်ထွန်းမှုများရရှိကာ စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေးစသည့် ကဏ္ဍစုံတွင် တိုးတက်မှု အခြေခံကောင်းများစွာ ရရှိဖြစ်ထွန်းလာနေပြီဖြစ်ကြောင်း။

ဤကဲ့သို့ အခြေအနေကောင်းများရရှိလာချိန်တွင် နိုင်ငံတော်ကြီးကို ခေတ်မီဖွံ့ဖြိုးတိုးတက်ပြီး စည်းကမ်းပြည့်ဝသောဒီမိုကရေစီနိုင်ငံတော်ကြီး တည်ဆောက်ရေးအတွက် နိုင်ငံတော်ရှေ့ဆက်သွားမည့်မူဝါဒလမ်းစဉ် ခုနစ်ရပ်ကို ချမှတ်ဆောင်ရွက်လျက်ရှိကြောင်း။

ယခုကဲ့သို့ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်ကြီး တည်ဆောက်ရာတွင် လက်ရှိ ရရှိနေပြီးဖြစ်သည့် အေးချမ်းတည်ငြိမ်မှု၊ ငြိမ်းချမ်းသာယာမှုအခြေခံကောင်းများ ဆက်လက်ဖြစ်ထွန်း နေစေရအောင် အေးချမ်းမှု၊ တည်ငြိမ်မှု အပြည့်အဝ မရရှိသေးသည့် အစိတ်အပိုင်းအချို့တွင်လည်း အေးချမ်းတည်ငြိမ်မှု ပြည့်ပြည့်ဝဝ ရရှိဖြစ်ထွန်းလာအောင် ဆက်လက်ကြိုးပမ်း ဆောင်ရွက်လျက်ရှိကြောင်း။

ဆက်လက်အရှိန်အဟုန်မြှင့်တင်

ထို့ပြင် ရရှိဖြစ်ထွန်းနေသည့် စီးပွားရေး အခြေအနေကောင်းများ အရှိန်အဟုန်ဖြင့် ဆက်လက်ဖြစ်ထွန်းလာစေရေးနှင့် နောင်အနာဂတ်တွင် တိုင်းပြည် တာဝန်ထမ်းဆောင်ရမည့် လူငယ်လူရွယ်များအား နိုင်ငံတကာအဆင့်မီ ပညာရည်မြင့်မားလာစေရေးတို့ကိုလည်း ဆက်လက်အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်သွားကြရန်လိုကြောင်း။

ထို့ကြောင့် နိုင်ငံတော်အတွင်း မှီတင်းနေထိုင်ကြသည့် တိုင်းရင်းသားပြည်သူအားလုံး၊ အမျိုးသားရေးအင်အားစုများအားလုံးက မိမိတို့မျှော်မှန်းထားသည့် အေးချမ်းသာယာပြီးခေတ်မီဖွံ့ဖြိုးတိုးတက်သည့် ဒီမိုကရေစီနိုင်ငံတော်ကြီး အောင်အောင်မြင်မြင်ဖြစ်ထွန်းလာရေးအတွက် တက်ညီလက်ညီပူးပေါင်းဆောင်ရွက်သွားကြရန် မှာကြားလိုကြောင်းဖြင့် ပြောကြားသည်။

အခမ်းအနားအပြီးတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် ကျောင်းအကျိုးတော်ဆောင်အဖွဲ့များ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့်အတူ စုပေါင်းဓာတ်ပုံရိုက်ကြသည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် ကွမ်းခြံကုန်းမြို့ ပြည်သူ့ဆေးရုံသို့ ရောက်ရှိကြရာ ဆေးရုံအုပ်ဒေါက်တာတင်ထွန်းနှင့် ဆရာဝန် ဆရာမများက ကြိုဆိုကြသည်။

စာမျက်နှာ ၁၄ ကော်လံ ၁

ပြိုင်ပွဲမဝင်မီ လေ့ကျင့်ရေးကွင်း၌ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်မှ တာဝန်ရှိသူများနှင့်အတူ။ (ဓာတ်ပုံ–ဘောလုံးအဖွဲ့ချုပ်)

■ *ကျော်ဖုံးမှ*

ထိုစဉ်က အဖွဲ့ချုပ်နာယက ဗိုလ်ချုပ်ကျော်ဝင်း၊ ဥက္ကဋ္ဌ ဦးဝင်းအောင်၊ ဒုဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးမောင်ကို၊ ဒုဥက္ကဋ္ဌ ဦးဝေယံတို့ကိုပါ တွေ့ခဲ့ရသည်။ ဖူးကတ်သို့ ထွက်ခွာသည့်နေ့ကလည်း ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်နှင့်အတူ တွေ့လိုက်ရသည်။ အသင်းနှင့်အတူ ဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဝင်းအောင်လည်း တစ်ပါတည်းလိုက်ပါသွားသည်။ မြန်မာ့လက်ရွေးစင်လူငယ်လေးများ၏ မျက်နှာများက အားအပြည့်။

ယှဉ်ပြိုင်ကြတော့ အုပ်စုပွဲစဉ်တွင် ပထမရပြီး အကြိုဗိုလ်လုပွဲတွင် ဘင်္ဂလားဒေ့ရှ်အသင်းကို သုံးဂိုး– ဂိုးမရှိဖြင့် အနိုင်ယူပြီး ဗိုလ်လုပွဲတက်ခဲ့သည်။

တစ်ဖက်အုပ်စုတွင် အိန္ဒိယအသင်းက ထိုင်းအသင်းကို သုံးဂိုး–ဂိုးမရှိဖြင့် နိုင်ပြီး ဗိုလ်လုပွဲတက်ခဲ့သည်။ ၈–၂–၂၀၀၄ ရက် မြန်မာစံတော်ချိန် ၂ နာရီ မိနစ် ၃၀ တွင် မြန်မာနှင့်အိန္ဒိယအသင်းတို့ စတင်ယှဉ်ပြိုင်ခဲ့ကြသည်။ ပွဲစပြီး ၁၄မိနစ်တွင် နောက်တန်းမှ အောင်ထွန်းလင်း ကန်ပို့သည့်ဘောလုံး အိန္ဒိယအသင်းမှ ဂိုးသမား လက်ဦးနေသော်လည်း ဘိုဘိုအောင်က ခုန်ပြီး တိုက်ခဲ့ရာမှ ထိုင်းဒိုင်လူကြီးက အနီကတ်ပြထုတ်ခြင်း ခံခဲ့ရသည်။ ထို့နောက် မြန်မာအသင်းက ၁၀ ယောက်ဖြင့် ကစားရသော်လည်း စိတ်ဓာတ်လုံးဝမကျဘဲ အစွမ်းကုန် ကြိုးစားကစားခဲ့ကြသည်။ ပထမပိုင်းပြီးသည်အထိ တစ်ဖက်နှင့်တစ်ဖက် ဂိုးမသွင်းနိုင်ကြ။ဒုတိယပိုင်း ၂၉ မိနစ်တွင် မြန်မာအသင်းမှ ထွန်းထွန်းဝင်း ကန်ပို့လိုက်သော ထောင့်ကန်ဘောလုံးကို အောင်ဝင်းနိုင်က သွင်းယူလိုက်သဖြင့် မြန်မာအသင်း ဘင်းမ်စတက်ချန်ပီယံ ဖြစ်သွားခဲ့သည်။

ဤပြိုင်ပွဲတွင် ထူးခြားချက်နှစ်ရပ်ကို မြင်တွေ့ခဲ့ရသည်။ ပထမတစ်ချက်မှာ မိမိမှ ၁၀ ယောက်တည်းဖြင့် ၇၆ မိနစ် ကစားခဲ့ရရုံသာမက အနိုင်ဂိုးကိုပင် သွင်းယူနိုင်ခဲ့သည်။ ဒုတိယအချက်မှာ ပွဲစဉ်တစ်လျှောက်လုံးတွင် တစ်ဂိုးမှ အသွင်းမခံရအောင် ကာကွယ်သွားနိုင်ခဲ့ခြင်းဖြစ်သည်။

ယနေ့ညနေတွင် မြန်မာအသင်းသည် အမိနိုင်ငံသို့ အောင်ပွဲနှင့်အတူ ပြန်လာကြတော့မည်။ မြန်မာအသင်း၏ အောင်မြင်မှုအရှိန်အဟုန်ကို ဆက်လက်ထိန်းသိမ်းသွားနိုင်ရေး ဘောလုံးအဖွဲ့ချုပ်အနေဖြင့် တက်ညီလက်ညီ ဆက်လက်ကြိုးပမ်းသွားကြပါဟု ဆန္ဒပြုလိုက်ရပါတော့သည်။ ။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် ကန့်ဘလူမြို့ ဒစ်ဂျစ်တယ် အီလက်ထရွန်နစ် အော်တိုအိတ်ချိန်းသစ်ဖွင့်ပွဲ အခမ်းအနားတွင် အော်တိုအိတ်ချိန်း ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးစဉ်။

(သတင်းစဉ်)

အတွင်းရေးမှူး(၂) ကန့်ဘလူမြို့ အော်တိုအိတ်ချိန်းသစ်ဖွင့်ပွဲတက်ရောက်
ကန့်ဘလူမြို့မှ ပြည်တွင်းပြည်ပ ဆက်သွယ်နိုင်ပြီ

ရန်ကုန် ဖေဖော်ဝါရီ ၈

စစ်ကိုင်းတိုင်း ကန့်ဘလူမြို့၌ တည်ဆောက်ပြီးစီးသွားသည့် ဆက်သွယ်ရေး၊စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၏ ဒစ်ဂျစ်တယ် အီလက်ထရွန်နစ် အော်တိုအိတ်ချိန်းသစ်ဖွင့်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၅ ရက် ညနေ ၄ နာရီတွင် အဆိုပါအော်တိုအိတ်ချိန်းသစ်၌ကျင်းပရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် တက်ရောက်၍ အိတ်ချိန်းသစ် ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

တက်ရောက်

ဖွင့်ပွဲအခမ်းအနားသို့ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့်ဒုတိယဗိုလ်ချုပ်ကြီးတင်အေး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်စိုးသိန်း၊ကာကွယ်ရေးဦးစီးချုပ်(လေ)ဗိုလ်ချုပ်မြတ်ဟိန်း၊စစ်ကိုင်းတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သာအေး၊ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူးဗိုလ်ချုပ်ရဲမြင့်၊ အစိုးရအဖွဲ့ အဖွဲ့ဝင် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိသူများ၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ တာဝန်ရှိသူများ၊ စစ်ကိုင်းတိုင်းမှ တိုင်း၊ ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဘင်ခရာ၊ ပန်းဖွားအဖွဲ့များ၊ မြို့မိမြို့ဖများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

လွယ်ကူစွာဆက်သွယ်နိုင်

ရှေးဦးစွာ မင်္ဂလာမဏ္ဍပ်၌ ဖွင့်ပွဲအစီအစဉ်များကို ကျင်းပရာ စစ်ကိုင်းတိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်သာအေးက ရှင်းလင်းတင်ပြရာ၌ ၂၀၀၄ခုနှစ်၏ နှစ်သစ်တွင် ကန့်ဘလူမြို့အတွက် ဒစ်ဂျစ်တယ် အီလက်ထရွန်နစ် အော်တိုအိတ်ချိန်းသစ် ဖွင့်လှစ်သုံးစွဲခွင့် ရသဖြင့် မင်္ဂလာရှိသည့်နေ့ ဖြစ်ပါကြောင်း၊ ယခုအခါ ကန့်ဘလူမြို့မှ ပြည်တွင်း၊ ပြည်ပသို့ လွယ်ကူစွာ ဆက်သွယ် ပြောဆိုနိုင်ပြီဖြစ်ကြောင်း။

မကြာမီ ချောင်းဦးမြို့၊ မြင်းမူမြို့နှင့် ကသာမြို့တို့၌လည်း ယခုကဲ့သို့ အော်တိုအိတ်ချိန်းသစ်များ ထပ်မံဖွင့်လှစ်နိုင်တော့မှာဖြစ်ကြောင်း။

ဝိုင်းဝန်းထိန်းသိမ်း

နိုင်ငံတော်က ငွေကြေးမြောက်မြားစွာ အကုန်အကျခံတည်ဆောက်ပေးခဲ့သည့် အော်တိုအိတ်ချိန်းနှင့် တယ်လီဖုန်းလိုင်းများ ရေရှည်တည်တံ့ ကောင်းမွန်ရေးအတွက် ဒေသခံပြည်သူများအနေဖြင့် ဝိုင်းဝန်းထိန်းသိမ်း စောင့်ရှောက်သွားကြရမှာဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးမောင်မောင်တင်ကကန့်ဘလူမြို့နယ်အနေဖြင့် စီးပွားရေး ဖွံ့ဖြိုးလာသည်နှင့်အမျှ ဆက်သွယ်ရေးကဏ္ဍပါ ဖွံ့ဖြိုးတိုးတက်လာရန် လိုအပ်ကြောင်း၊ ထို့ကြောင့် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းအနေဖြင့် ကန့်ဘလူမြို့တွင် ဒစ်ဂျစ်တယ် အီလက်ထရွန်နစ် အော်တိုအိတ်ချိန်းသစ်ကိုတည်ဆောက်ပေးခဲ့ခြင်းဖြစ်ကြောင်း၊ အိတ်ချိန်းသစ်တည်ဆောက် ဖွင့်လှစ်နိုင်မှုကြောင့် တယ်လီဖုန်း ဆက်သွယ်ပြောဆိုမှုသာမက သတင်းနှင့်ဆက်သွယ်ရေးနည်းပညာ (ICT) ကဏ္ဍတွင်လည်း ကျယ်ကျယ်ပြန့်ပြန့်တိုးတက်ဖြစ်ထွန်းလာစေမှာ ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်၍ မြို့မိမြို့ဖ တစ်ဦးဖြစ်သည့် ဦးအောင်ခင်ယောက အော်တိုအိတ်ချိန်းသစ် ဖွင့်လှစ်နိုင်ခြင်းအတွက်ဒေသခံပြည်သူများ၏ကိုယ်စား ကျေးဇူးတင်စကား ပြောကြားသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

ထို့နောက်တိုင်းမှူးဗိုလ်ချုပ်သာအေး၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းဦးဆောင်ညွှန်ကြားရေးမှူး ဦးမောင်မောင်တင်နှင့် မြို့မိမြို့ဖတစ်ဦးဖြစ်သည့် ဦးစိုးမြင့်တို့က အော်တိုအိတ်ချိန်း အဆောက်အအုံကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးသည်။

ဆက်လက်၍ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က စက်ခလုတ်နှိပ်၍ အော်တိုအိတ်ချိန်း ဆိုင်းဘုတ်ကို ဖွင့်လှစ်ပေးသည်။

ထို့နောက် အတွင်းရေးမှူး(၂)နှင့် အဖွဲ့ဝင်များသည် အိတ်ချိန်းသစ်ရှိ ဆက်သွယ်ရေးစက်ပစ္စည်းများကို ကြည့်ရှုစစ်ဆေးကြပြီး ပြည်တွင်း၊ ပြည်ပသို့ တယ်လီဖုန်း ဆက်သွယ်ပြောကြားကြသည်။ **(သတင်းစဉ်)**

၂၀၀၄ ခုနှစ် (၅၇)နှစ်မြောက် ပြည်ထောင်စုနေ့

အမျိုးသားရေးဦးတည်ချက်များ

- ☆ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသော အမျိုးသားရေးမူဝါဒကို ပြည်ထောင်စုတိုင်းရင်းသားအားလုံး စောင့်ထိန်းကာကွယ်ရေး။
- ☆ တိုင်းရင်းသားပြည်သူများအတွင်း ပြည်ထောင်စုစိတ်ဓာတ် ထာဝစဉ်ရှင်သန် ထွန်းကားရေး။
- ☆ ပြည်ထောင်စုကြီး ထာဝရတည်တံ့ခိုင်မြဲရေးအတွက် တိုင်းရင်းသားအားလုံးက တက်ညီလက်ညီ ကာကွယ်ထိန်းသိမ်းရေး။
- ☆ နိုင်ငံတော် တည်ငြိမ်အေးချမ်းမှုနှင့် ခေတ်မီဖွံ့ဖြိုးတိုးတက်မှုတို့အား နှောင့်ယှက်ဖျက်ဆီးသည့် ပြည်တွင်းပြည်ပ အဖျက်သမားများ၏အန္တရာယ်ကို တိုင်းရင်းသားစည်းလုံးညီညွတ်မှုဖြင့် ကာကွယ်တားဆီးရေး။
- ☆ နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်ခုနစ်ရပ် အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် ပြည်ထောင်စုတိုင်းရင်းသားအားလုံး ဝိုင်းဝန်းကြိုးပမ်းရေး။

၂၀၀၄ ခုနှစ် (၅၇)နှစ်မြောက် ပြည်ထောင်စုနေ့ပြပွဲ

နေ့ရက် – ၈-၂-၂၀၀၄ မှ ၁၆-၂-၂၀၀၄

အချိန် – နံနက်(၀၉း၀၀)နာရီမှ ညနေ(၁၇း၀၀)နာရီ

နေရာ – တပ်မတော်ခန်းမ၊ ဦးဝိစာရလမ်း၊ ရန်ကုန်မြို့

(မည်သူမဆို အခမဲ့လာရောက်လေ့လာကြည့်ရှုနိုင်ပါသည်။)

(၅၇)နှစ်မြောက် ပြည်ထောင်စုနေ့ ဂုဏ်ပြုကြိုဆို

ရဲမာန်ဝင့်ကြွား တို့ရွှေပြည်

(ကဗျာချင်း)

– ကချင် ကယား၊ ထင်ရှားချစ်ကြည်
ကရင်နှင့် ချင်း၊ သွင်ဆင်းနှောင်နှင့်ညီ
ဗမာ မွန်မည်၊ ကြည်ရှည်ခိုင်မြဲ
ရခိုင်နှင့်ရှမ်း၊ "ပြိုင်ချစ်ကျွမ်း"<br>"နိုင်အပွင့်ပန်း"၊ ယှက်တွဲသည်နှင့်လေး။

– ဘယ်သူခွဲခွဲ၊ မကွဲပါနိုင်
ပြည်ထောင်စုသား၊ တို့များချစ်ချင်းပြိုင်
သက်ဆုံးတိုင်တိုင်၊ မမုန်းနိုင်ဆတိုး
ကြားလေစကား၊ "သွားဟော့သွား"<br>"ခြား၍မထား"၊ ဆွေမျိုးပင်တည့်လေး။

– တိုင်းကျိုးပြည်ကျိုး၊ သယ်ပိုးရှက်ဆောင်
ရှိခဲ့သမိုင်း၊ တုနှိုင်းမဲ့ဂုဏ်ရောင်
နော်ရထာ ဘုရင့်နောင်၊ ဦးအောင်ဇေယျ
အာရှတစ်လွှား၊ "မြန်မာ့ဓား"<br>"ပမာဏအား"၊ ပြသခဲ့သည်နှင့်လေး။

– ညီညာဖြဖြ၊ တက်ကြွအားမာန်
အစဉ်ရှိုင်းပင်းထား၊ တိုင်းရင်းသားတို့ဟန်
အမိနိုင်ငံ၊ ကာကွယ်ရန်အတွက်
စဉ်ဆက်အရေး၊ "ယှဉ်လျက်တွေး"<br>"မခင်အသက်ပေး"၊ ဆက်ရဲသည်တည့်လေး။

– အမျိုးတွက်ဆိုလာ "ရဲမာန်ဝင့်ကြွား တို့ရွှေပြည်"
တိုးလျက်ပိုကာ ကဲသန်မြင့်မားလို့နေသည်။ ။

ခလင်းဘုန်းကျော်

(၅၇)နှစ်မြောက်ပြည်ထောင်စုနေ့ကို ဂုဏ်ပြုရေးဖွဲ့ပါသည်။

ရွှေဘိုစိုက်ပျိုးမွေးမြူရေး အထက်တန်းကျောင်း အာစရိယပူဇော်မည်

ရန်ကုန် ဖေဖော်ဝါရီ ၈

၁၉၅၇မှ ၁၉၈၁ ခုနှစ်ထိ ရွှေဘိုစိုက်ပျိုးမွေးမြူရေး အလယ်တန်း၊ အထက်တန်းများတွင် ပညာသင်ကြားပေးခဲ့ကြသော(အငြိမ်းစားယူပြီး)ဆရာ ဆရာမကြီးများအား အာစရိယ ပူဇော်ပွဲနှင့် ပြန်လည်တွေ့ဆုံမိတ်ဆုံစားပွဲ အခမ်းအနားကို ဧပြီ၇ရက်တွင်ကျင်းပမည်ဖြစ်ရာ အကြိုညှိနှိုင်းဆွေးနွေးပွဲကို မတ် ၃ ရက်နံနက် ၁၀ နာရီတွင် ရွှေဘိုခရိုင် ဝါစိုက်ပျိုးရေးစည်းဝေးခန်းမ၌ကျင်းပမည်ဖြစ်၍ ကျောင်းသားဟောင်းများ တက်ရောက်ကြရန်နှင့် ဒေါက်တာမြင့်သောင်း ရေဇင်း ၀၆၇-၂၁၀၉၈၊ ဦးအောင်မောင်း ရွှေဘို ၀၇၅-၂၁၀၇၀၊ ဦးမောင်ဝေ ရန်ကုန် ၀၁-၂၂၁၅၃၅၊ ဦးခင်မောင်စန်း မန္တလေး ၀၂-၆၁၁၇၀၊ ဦးကျော်တင့် စစ်ကိုင်း ၀၇၂-၂၁၆၂၂၊ ဦးကောင်းဌေး ကန့်ဘလူမြို့ စိုက်ပျိုးရေးရုံး၊ ဦးသောင်းဗိုလ်၊ ရေဦးမြို့ စိုက်ပျိုးရေးရုံး၊ ဦးသိန်းအောင် ဝက်လက်မြို့ ၁၂၊ ဦးကျော်မင်းအောင် မုံရွာမြို့ ၀၇၁-၂၂၃၁၇၊ ဦးစိန်လင်း သထုံမြို့ ၀၅၇-၄၀၂၅၇၊ ဦးခင်ညို ရွှေဘိုမြို့ ၀၇၅-၂၁၂၇၆ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။

(က-ပ)

တရားပွဲ(ဓမ္မဒါန) ကုသိုလ်ကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၈

ပန်းခင်းလမ်း ဖိနပ်မိသားစု၏ တရားပွဲ(ဓမ္မဒါန) ကုသိုလ်အဖြစ် ဖေဖော်ဝါရီ ၁၁ရက်မှ ၁၃ရက်အထိ နေ့စဉ် ညနေ ၅ နာရီမှစ၍ ရန်ကုန်မြို့ မြောက်ဥက္ကလာပမြို့နယ် (၈) ရပ်ကွက် သုနန္ဒာ(၁)လမ်း၊ အမှတ် ၇၀၇ ၌ တရားပွဲများ ကျင်းပမည်ဖြစ်ရာ ဖေဖော်ဝါရီ ၁၁ ရက်တွင် ဗဟန်းမြို့နယ် မဟာစည်သာသနာ့ရိပ်သာ နာယကကမ္မဋ္ဌာနာစရိယမုဒ်ဆရာတော် ဘဒ္ဒန္တကုသလ ဆရာတော်ကလည်းကောင်း၊ ဖေဖော် ဝါရီ ၁၂ရက်တွင် တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ အဘိဓမ္မပါဠိပါရဂူ တိပိဋကဓရဆရာတော် ဘဒ္ဒန္တသုမင်္ဂလာလင်္ကာရ (Ph.D)နှင့် ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ် သိရီမင်္ဂလာမဟာစည်ရိပ်သာ မဟာစည်နယ်လှည့် ဓမ္မကထိက ကမ္မဋ္ဌာနာစရိယ ဗဟုဇနဟိတဓရ ဓမ္မကထိက တွံတေး ဆရာတော် ဘဒ္ဒန္တ ကုန္တက တို့ကလည်းကောင်း၊ ဖေဖော်ဝါရီ ၁၃ ရက်တွင် မန္တလေးမြို့ ငြိမ်းချမ်းရွှေပြည်ကျောင်းတိုက် သီတဂူကြယ်တစ်ပွင့် ဆရာတော်ဘဒ္ဒန္တပညာနန္ဒ(ဓမ္မကထိက ဗဟုဇနဟိတဓရသာသနဓဇဓမ္မာစရိယ) ဆရာတော်သုံးပါးတို့ကလည်းကောင်း နိဗ္ဗာန်ရောက်ကြောင်း တရားတော်များကို ဟောကြားတော်မူကြမည်ဖြစ်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

(၅၇)နှစ်မြောက် ပြည်ထောင်စုနေ့အလံတော် ရန်ကုန်တောင်ပိုင်းခရိုင်သို့စတင်သယ်ဆောင် အလံတော်သယ်ယူရာလမ်းတစ်လျှောက် ပြည်သူများ သောင်းသောင်းဖြဖြဂုဏ်ပြုကြိုဆို

ရန်ကုန် ဖေဖော်ဝါရီ ၈

ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးဟူသော အမျိုးသားရေးမူဝါဒကို ပြည်ထောင်စုတိုင်းရင်းသားအားလုံး စောင့်ထိန်းကာကွယ်ရေး၊ တိုင်းရင်းသားပြည်သူများအတွင်း ပြည်ထောင်စုစိတ်ဓာတ်ထာဝစဉ်ရှင်သန်ထွန်းကားရေး၊ ပြည်ထောင်စုကြီးထာဝရတည်တံ့ခိုင်မြဲရေးအတွက် တိုင်းရင်းသားအားလုံး တက်ညီလက်ညီ ကာကွယ်ထိန်းသိမ်းရေး၊ နိုင်ငံတော်တည်ငြိမ်အေးချမ်းမှုနှင့် ခေတ်မီဖွံ့ဖြိုးတိုးတက်မှုတို့အား နှောင့်ယှက်ဖျက်ဆီးသည့် ပြည်တွင်းပြည်ပအဖျက်သမားများ၏အန္တရာယ်ကို တိုင်းရင်းသားစည်းလုံးညီညွတ်မှုဖြင့် ကာကွယ်တားဆီးရေးနှင့် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်ခုနစ်ရပ်အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် ပြည်ထောင်စုတိုင်းရင်းသားအားလုံး ဝိုင်းဝန်းကြိုးပမ်းရေးဟူသော (၅၇)နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက်ငါးရပ်နှင့်အညီ နိုင်ငံရေးအနှစ်သာရပြည့်ဝစွာဖြင့် ၂၀၀၄ခုနှစ် (၅၇)နှစ်မြောက် ပြည်ထောင်စုနေ့ အလံတင်အခမ်းအနားကျင်းပရေးအတွက် ရန်ကုန်မြို့တော်ခန်းမ၌ တစ်နှစ်တာရပ်နားခဲ့သော ပြည်ထောင်စုအလံတော်ကို ရန်ကုန်တိုင်းအတွင်းရှိ ခရိုင်လေးခရိုင်သို့ လှည့်လည်သယ်ဆောင်ရေးအစီအစဉ်အရ ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့တော်ခန်းမမှ ရန်ကုန်တောင်ပိုင်းခရိုင်ကိုယ်စားပြု သန်လျင်မြို့ သီဟဒီပအားကစားကွင်းသို့ ပြည်ထောင်စုလှေဖြင့်လည်းကောင်း၊ အဆင့်ဆင့် လက်ဆင့်ကမ်း၍လည်းကောင်း သယ်ဆောင်ကြပြီး နံနက် ၈ နာရီခွဲတွင် သန်လျင်မြို့ သီဟဒီပအားကစားကွင်း စင်မြင့်ရှိ ငွေဖလား၌ (၅၇)နှစ်မြောက် ပြည်ထောင်စုအလံတော်ကို စိုက်ထူအလေးပြုကာ တစ်ညတာရပ်နားလိုက်သည်။

(၅၇)နှစ်မြောက် ပြည်ထောင်စုနေ့ကျင်းပရေး စီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ (၅၇)နှစ်မြောက် ပြည်ထောင်စုနေ့အလံတော်ကို သယ်ဆောင်လာစဉ်။ (သတင်းစဉ်)

ဂုဏ်ပြုကြိုဆိုအလေးပြု

ရှေးဦးစွာ ပြည်ထောင်စုအလံတော်ကို ရန်ကုန်တိုင်းအတွင်းရှိ ခရိုင်လေးခရိုင်သို့ လှည့်လည်သယ်ဆောင်ရန်အတွက် ရန်ကုန်မြို့တော်ခန်းမ ပထမထပ်ရှိ မြို့တော်ဝန်ညှိခန်းမ ငွေဖလား၌ စိုက်ထူထားသော ပြည်ထောင်စုအလံတော်ကို နံနက် ၆ နာရီ၁၀ မိနစ်တွင် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းက အလေးပြု၍ နုတ်ယူပြီး တပ်မတော်(ကြည်း၊ ရေ၊ လေ)ရဲအရာရှိ လေးဦး၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ ကျောင်းသား ကျောင်းသူများနှင့် ပြည်ထောင်စု တိုင်းရင်းသားတိုင်းရင်းသူများခြံရံကာမြို့တော်ခန်းမမှ သတ်မှတ်လမ်းကြောင်းအတိုင်း မဟာဗန္ဓုလလမ်းရှိ မြို့တော်ခန်းမရှေ့သို့ သယ်ဆောင်လာရာ မြို့တော်မင်္ဂလာစည်တော်အဖွဲ့က စည်တော်ရွှမ်း၍ ဂုဏ်ပြုကြသည့်နည်းတူပြည်သူများကလည်းဂုဏ်ပြုကြိုဆိုအလေးပြုကြသည်။

ဆက်လက်၍ မြို့တော်ဝန် ဗိုလ်မှူးချုပ် အောင်သိန်းလင်းက မဟာဗန္ဓုလပန်းခြံရှေ့အရောက်တွင် အသင့်စောင့်ဆိုင်းနေသော ၂၀၀၄ ခုနှစ် (၅၇)နှစ်မြောက် ပြည်ထောင်စုနေ့ ကျင်းပရေး စီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေထံ ပြည်ထောင်စုအလံတော်ကို လွှဲပြောင်းပေးအပ်သည်။ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေက မဟာဗန္ဓုလလမ်းအတိုင်း ဆက်လက် သယ်ဆောင်သွားကာ မဟာဗန္ဓုလလမ်းနှင့် မဟာဗန္ဓုလပန်းခြံထောင့် အရောက်တွင် ရန်ကုန်တောင်ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးအောင်ပြည့်ထံပြည်ထောင်စုအလံတော်ကို လွှဲပြောင်းပေးအပ်သည်။

ပြည်ထောင်စုလှေ၌စိုက်ထူ

ထို့နောက် ရန်ကုန်တောင်ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး အောင်ပြည့်က ပြည်ထောင်စုအလံတော်ကို သယ်ဆောင်သွားပြီး နံနက် ၆ နာရီ ၂၅ မိနစ်တွင် ပြည်ထောင်စုအလံတော်သယ်ဆောင်သွားမည့် ပြည်ထောင်စုလှေပေါ်ရှိ ငွေဖလား၌ စိုက်ထူလိုက်သည်။

ဆက်လက်၍ ပြည်ထောင်စုလှေပေါ်ရှိ ငွေဖလား၌ စိုက်ထူထားသော ပြည်ထောင်စုအလံတော်ကို တပ်မတော်(ကြည်း၊ရေ၊လေ)ရဲအရာရှိလေးဦးနှင့် ပြည်ထောင်စုတိုင်းရင်းသားတိုင်းရင်းသူများ လိုက်ပါ၍ ရန်ကုန်တောင်ပိုင်းခရိုင်ကိုယ်စားပြု သန်လျင်မြို့သို့ ပြည်ထောင်စုလှေဖြင့် မဟာဗန္ဓုလလမ်းအတိုင်း မဟာဗန္ဓုလတံတားကိုဖြတ်ကာ ယမုံနာလမ်း၊ ရှုခင်းသာမြို့ပတ်လမ်း၊ သန်လျင်တံတား ချဉ်းကပ်လမ်းမှ သန်လျင်တံတားကိုဖြတ်ပြီးကျိုက်ခေါက်ဘုရားလမ်းအတိုင်းသန်လျင်မြို့နယ် သီဟဒီပအားကစားကွင်းသို့ ဖြတ်သန်းသယ်ဆောင်ကြသည်။

သန်လျင်ကြိုဆိုရေးမုခ်ဦးရောက်ရှိ

ပြည်ထောင်စု အလံတော်ကို သယ်ဆောင်လာသည့် ပြည်ထောင်စုလှေသည် သန်လျင်မြို့အဝင် ကြိုဆိုရေး မုခ်ဦးသို့ အရောက်၌ ရန်ကုန်တောင်ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးအောင်ပြည့်က နံနက် ၇ နာရီ မိနစ် ၂၀ တွင် ပြည်ထောင်စုလှေပေါ်ရှိငွေဖလား၌စိုက်ထူထားသော ပြည်ထောင်စုအလံတော်ကို အလေးပြု၍နုတ်ယူပြီး တပ်မတော်(ကြည်း၊ရေ၊လေ)ရဲအရာရှိလေးဦးတို့နှင့် တိုင်းရင်းသား တိုင်းရင်းသူများ ခြံရံ၍ သယ်ဆောင်လာကာ ရန်ကုန်တောင်ပိုင်းခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူးဦးလွင်ဦး ခေါင်းဆောင်သော အလံတော်သယ်ယူရေးအဖွဲ့ထံလွှဲပြောင်းပေးအပ်သည်။

ထို့နောက် ရန်ကုန်တောင်ပိုင်းခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးလွင်ဦး ခေါင်းဆောင်သော အလံတော် သယ်ယူရေးအဖွဲ့က ကျိုက်ခေါက်ဘုရားလမ်းအတိုင်း သယ်ဆောင်လာပြီး သန်လျင်မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးတင်ဇော်ဝင်း ခေါင်းဆောင်သော အလံတော်သယ်ယူရေးအဖွဲ့အား လွှဲပြောင်းပေးအပ်သည်။

လက်ဆင့်ကမ်းသယ်ဆောင်

ယင်းနောက် သန်လျင်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးတင်ဇော်ဝင်း ခေါင်းဆောင်သော အလံတော်သယ်ယူရေးအဖွဲ့မှတစ်ဆင့် ကျောက်တန်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးခင်ဇော်ခေါင်းဆောင်သော အလံတော်သယ်ယူရေးအဖွဲ့၊ သုံးခွ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးခင်မောင်အေး ခေါင်းဆောင်သော အလံတော်သယ်ယူရေးအဖွဲ့၊ ခရမ်းမြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသန်းဦး ခေါင်းဆောင်သော အလံတော်သယ်ယူရေးအဖွဲ့၊ ဒလမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင်(၂) ဦးမြင့်ဆွေ ခေါင်းဆောင်သော အလံတော်သယ်ယူရေးအဖွဲ့၊ တွံတေးမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးတင်မောင်မောင် ခေါင်းဆောင်သော အလံတော်သယ်ယူရေးအဖွဲ့၊ ဆိပ်ကြီးခနောင်တိုမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဦးစိုးညွန့်ရွှေ ခေါင်းဆောင်သော အလံတော်သယ်ယူရေးအဖွဲ့၊ ကော့မှူးမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးစိုးငြိမ်း ခေါင်းဆောင်သော အလံတော်သယ်ယူရေးအဖွဲ့၊ ကွမ်းခြံကုန်းမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းအလုပ်အမှုဆောင် ဦးချိုစန်း ခေါင်းဆောင်သော အလံတော်သယ်ယူရေးအဖွဲ့၊ ရန်ကုန်တောင်ပိုင်းခရိုင် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းမှ ဒုတိယကြီးကြပ်ရေးမှူး ဒေါ်သင်းသင်းမြင့် ခေါင်းဆောင်သော အလံတော်သယ်ယူရေးအဖွဲ့၊ သန်လျင်မြို့နယ် အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်းမှ အထက်တန်းပြဆရာ ဦးသန်းဝင်း ခေါင်းဆောင်သော အလံတော်သယ်ယူရေးအဖွဲ့၊ ရန်ကုန်တောင်ပိုင်းခရိုင် ကျန်းမာရေးဦးစီးဌာနမှ သူနာပြုဆရာမ ဒေါ်သင်းသင်းဝေ ခေါင်းဆောင်သော အလံတော်သယ်ယူရေးအဖွဲ့၊ သန်လျင်မြို့နယ် စည်ပင်သာယာရေးဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဦးခင်မောင်ဦးခေါင်းဆောင်သော အလံတော်သယ်ယူရေးအဖွဲ့၊ သန်လျင်မြို့နယ် အမှတ် (၃) အခြေခံပညာအထက်တန်းကျောင်းမှ အထက်တန်းပြဆရာမဒေါ်နွဲ့နွဲ့ဝေခေါင်းဆောင်သော အလံတော်သယ်ယူရေးအဖွဲ့၊ သန်လျင်မြို့နယ် ကြက်ခြေနီတပ်ဖွဲ့မှ ဒုတိယတပ်ခွဲမှူး ဦးညွန့်သိန်း ခေါင်းဆောင်သောအလံတော်သယ်ယူရေးအဖွဲ့၊ကျောက်တန်းမြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဦးနိုင်ဝင်း ခေါင်းဆောင်သော အလံတော်သယ်ယူရေးအဖွဲ့၊ သန်လျင်မြို့နယ် အမှတ်(၄) အခြေခံပညာအထက်တန်းကျောင်းမှ အလယ်တန်းပြ ဆရာမ ဒေါ်မိမိ ခေါင်းဆောင်သော အလံတော်သယ်ယူရေးအဖွဲ့၊ သန်လျင်မြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနမှ လက်ထောက်မြို့နယ်ဦးစီးမှူး ဦးချစ်ကိုကို ခေါင်းဆောင်သော အလံတော်သယ်ယူရေးအဖွဲ့၊ သန်လျင်မြို့နယ် မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ဖြူဖြူဝင်း ခေါင်းဆောင်သော အလံတော်သယ်ယူရေးအဖွဲ့၊ သုံးခွမြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဦးအေးခိုင် ခေါင်းဆောင်သော အလံတော်သယ်ယူရေးအဖွဲ့၊ အမှတ်(၁)ရေနံချက်စက်ရုံ(သန်လျင်)မှ ရုံးအုပ် ဦးစိုးတင့် ခေါင်းဆောင်သော အလံတော်သယ်ယူရေးအဖွဲ့၊ အမှတ်(၂)ဖိနပ်စက်ရုံ(သန်လျင်)မှ ထုတ်လုပ်ရေး ကျွမ်းကျင်(၃) ဒေါ်စန်းစန်းညွန့် ခေါင်းဆောင်သော အလံတော် သယ်ယူရေးအဖွဲ့၊ အမှတ်(၁၀) သစ်စက်(သန်လျင်)မှ အငယ်တန်းစာရေး ဒေါ်ခိုင် ခေါင်းဆောင်သော အလံတော်သယ်ယူရေးအဖွဲ့၊ သန်လျင်မြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့မှ အလုပ်အမှုဆောင် ဗိုလ်ကြီးစိန်ဝင်း(အငြိမ်းစား) ခေါင်းဆောင်သော အလံတော်သယ်ယူရေးအဖွဲ့၊ ခရမ်းမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဦးမြင့်လှိုင် ခေါင်းဆောင်သော အလံတော် သယ်ယူရေးအဖွဲ့၊ စက္ကူထုပ်ပိုးစက်ရုံ(သန်လျင်)မှ အလုပ်ရုံစုမှူး ဒေါ်နုနုကြည် ခေါင်းဆောင်သော အလံတော်သယ်ယူရေးအဖွဲ့၊ ဖန်ချက်စက်ရုံ(သန်လျင်)မှ အလုပ်ရုံစိတ်မှူး ဦးမြဝင်း ခေါင်းဆောင်သော အလံတော်သယ်ယူရေးအဖွဲ့၊ သန်လျင်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဦးကြည်အောင် ခေါင်းဆောင်သော အလံတော်သယ်ယူရေးအဖွဲ့၊ ရန်ကုန်တောင်ပိုင်းခရိုင် မီးသတ်တပ်ဖွဲ့မှ မြို့နယ်တပ်ခွဲမှူး ဦးကျော်ထွန်း ခေါင်းဆောင်သော အလံတော်သယ်ယူရေးအဖွဲ့တို့ အပါအဝင် အလံတော်သယ်ယူရေးအဖွဲ့ပေါင်း ၃၁ဖွဲ့တို့က သန်လျင်မြို့အတွင်း ဖြတ်သန်း၍ ပြည်ထောင်စု အလံတော်ကို အဆင့်ဆင့်လက်ဆင့်ကမ်းသယ်ဆောင်လာကြပြီးနောက် သန်လျင်မြို့ သီဟဒီပအားကစားကွင်း အဝင်လမ်းမုခ်ဦးအရောက်တွင် ရန်ကုန်တောင်ပိုင်းခရိုင် အုပ်ချုပ်ရေးမှူး ဦးခင်မောင်လင်း ခေါင်းဆောင်သော အလံတော်သယ်ယူရေးအဖွဲ့အား လွှဲပြောင်းပေးအပ်သည်။

ထို့နောက် ခရိုင်အုပ်ချုပ်ရေးမှူး ဦးခင်မောင်လင်း ခေါင်းဆောင်သော အလံတော်သယ်ယူရေးအဖွဲ့က သန်လျင်မြို့ သီဟဒီပအားကစားကွင်းအဝင်လမ်းအတိုင်း ပြည်ထောင်စုအလံတော်ကို သယ်ဆောင်လာပြီးနောက် သီဟဒီပအားကစားကွင်းအဝင် အလံတော် ကြိုဆိုရေးမုခ်ဦး အရောက်၌ ရန်ကုန်တောင်ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးအောင်ပြည့်ထံသို့လွှဲပြောင်းပေးအပ်သည်။

ယင်းနောက် ပြည်ထောင်စု အလံတော်ကို ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးအောင်ပြည့်က တပ်မတော်(ကြည်း၊ ရေ၊ လေ)ရဲအရာရှိလေးဦးနှင့် ပြည်ထောင်စုတိုင်းရင်းသား တိုင်းရင်းသူများခြံရံလိုက်ပါလျက် သီဟဒီပအားကစားကွင်းအတွင်း ဆက်လက်သယ်ဆောင်သွားရာ သန်လျင်မြို့ သဘင်ပညာရှင်များ၏ မင်္ဂလာစည်တော်အဖွဲ့က စည်တော်ရွှမ်း၍ ဂုဏ်ပြုကြိုဆိုသည်။

ငွေဖလား၌စိုက်ထူ

ထို့နောက်အဆင့်ဆင့်လက်ဆင့်ကမ်းသယ်ဆောင်လာသော ပြည်ထောင်စုအလံတော်ကို ခရိုင်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးအောင်ပြည့်က နံနက် ၈နာရီခွဲတွင် သန်လျင်မြို့ သီဟဒီပအားကစားကွင်း စင်မြင့်ထက်ရှိ ငွေဖလား၌ စိုက်ထူလိုက်သည်။ထိုအချိန်တွင် ရန်ကုန်တိုင်းစစ်ဌာနချုပ်မှ ဂုဏ်ပြုတပ်ဖွဲ့နှင့်အတူ ပြည်သူလူထု ၈၁၀၀ ကျော်တို့က ပြည်ထောင်စုအလံတော်ကို အလေးပြုကြရာ ရေဝတီရေတပ်စခန်းဌာနချုပ်မှ စစ်တီးဝိုင်းက နိုင်ငံတော်သီချင်းကိုတီးမှုတ်ပေးသည်။

(၅၇)နှစ်မြောက် ပြည်ထောင်စုနေ့ အလံတော် တစ်ညတာညအိပ်ရပ်နားရာ သန်လျင်မြို့သီဟဒီပအားကစားကွင်း၌ ယနေ့နံနက်ပိုင်းမှစ၍ ညပိုင်းအထိမြို့နယ်အသီးသီးမှ ပြည်သူများက အလံတော်ကို လာရောက်အလေးပြုကြရာအထူးစည်ကားလျက်ရှိသည်။

(သတင်းစဉ်)

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း (၅၇)နှစ်မြောက် ပြည်ထောင်စုနေ့ အလံတော်ကို မြို့တော်ခန်းမမှ သယ်ဆောင်လာစဉ်။ (သတင်းစဉ်)

ပြန်ကြားရေးဝန်ကြီးဌာန
မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၊
ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့တွင်
အသုံးပြုရန်လိုအပ်သောစက်ပစ္စည်းများဝယ်ယူရန်တင်ဒါခေါ်ယူခြင်း

၁။ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၊ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့တွင် အသုံးပြုရန်အတွက် အောက်ဖော်ပြပါ စက်ပစ္စည်းများ ဝယ်ယူလိုပါသည်။

(က) မြန်မာ့အသံနှင့် ရုပ်မြင်သံကြား

Item	Description	Qty
(1)	Cylinder Assembly.V.00015000B Model:TASCAM DA-30 MK II	2 Nos
(2)	Record/Playback Head Model: TASCAM 122 MK II	2 Nos
(3)	Record/Playback Head 578301800 Model:TASCAM BR-20 N	2 Nos

(ခ) ပြန်ကြားရေးနှင့်ပြည်သူ့ ဆက်ဆံရေးဦးစီးဌာန

Item	Description
(1)	Noritsu QSS-2901 Digital C/W . 135/240 Auto Film Carrier 120 Auto Film Carrier Digital ICE Software Card/Calendar Creation Software Multi Frame Print Creation Software Frame Print Creation Software Paper magazine (3.Boxes) QSS-2901. System intallation CD & Floppy Disk. Dark Bag (1.Pc) Extra Lamp(2.Pcs)

၂။ တင်ဒါပေးသွင်းမှုကို၁၈–၂–၂၀၀၄ရက်(၁၆:၃၀)နာရီတွင် ပိတ်ပါမည်။
၃။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက်ဝယ်ယူနိုင်ပါသည်။

ပြည်တွင်း/ပြည်ပ ပစ္စည်းများဝယ်ယူရေးနှင့် ထုခွဲရောင်းချရေးကော်မတီ
ပြန်ကြားရေးဝန်ကြီးဌာန အမှတ် ၂၂၈၊ သိမ်ဖြူလမ်း၊ ရန်ကုန်မြို့
ဖုန်း–၂၄၅၆၃၁၊၂၄၅၆၂၄၊ ၂၄၅၆၄၅။

စာမျက်နှာ ၁၁ မှ

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် ဆေးသိုလှောင်ခန်း၊ ခွဲစိတ်ခန်းနှင့် လူနာဆောင်များကို ကြည့်ရှုစစ်ဆေးပြီး ဆေးရုံအတွင်း/အပြင် သန့်ရှင်းသပ်ရပ်မှုရှိစေရေး ကြပ်မတ်တာဝန်ပေးဆောင်ရွက်သွားရန် မှာကြားသည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် ကွမ်းခြံကုန်းမြို့ မဟာတိလောကမှန်ကူသွန်းဘုရားကြီးအား သွားရောက်ဖူးမြော်ကြည်ညိုကြပြီး နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က သွန်းဘုရားကြီးအတွက် အလှူငွေများ ပေးအပ်လှူဒါန်းသည်။

ထိုမှတစ်ဆင့် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် ကော့မှူးမြို့သို့ ရောက်ရှိကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် မွန်းလွဲ ၁ နာရီခွဲတွင် ကော့မှူးမြို့ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း ဒစ်ဂျစ်တယ် အော်တိုအိတ်ချိန်းသစ်ဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်ချီးမြှင့်သည်။

အခမ်းအနားတွင် ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့် ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်တို့က ကော့မှူးမြို့ ဒစ်ဂျစ်တယ် အော်တိုအိတ်ချိန်းသစ်ကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က ကော့မှူးမြို့ ဒစ်ဂျစ်တယ် အော်တိုအိတ်ချိန်းသစ် ဖွင့်ပွဲအထိမ်းအမှတ် ကမ္ပည်းကျောက်စာတိုင်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

ဆက်သွယ်ပြောကြား

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အဖွဲ့ဝင်များသည်ဒစ်ဂျစ်တယ် အော်တိုအိတ်ချိန်းသစ်အဆောက်အအုံအတွင်းရှိ Switching Room အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ကော့မှူးမြို့ ဒစ်ဂျစ်တယ် အော်တိုအိတ်ချိန်းသစ်မှ ပြည်တွင်းရှိ မြို့ကြီးများသို့လည်းကောင်း၊ ပြည်ပနိုင်ငံများသို့လည်းကောင်း တယ်လီဖုန်းဖြင့် ဆက်သွယ်ပြောကြားသည်။

ယခုဖွင့်လှစ်သော ကော့မှူးမြို့ ဒစ်ဂျစ်တယ် အော်တိုအိတ်ချိန်းသစ်သည် KX-TD 500 အမျိုးအစားဖြစ်ပြီး ဒစ်ဂျစ်တယ် အော်တိုတယ်လီဖုန်းအလုံး ၄၀၀ တပ်ဆင်အသုံးပြုနိုင်၍ လက်ရှိတယ်လီဖုန်းအလုံး၂၀၀ တပ်ဆင်ထားပြီးဖြစ်သည်။အဝေးဆက်သွယ်မှုအနေဖြင့် C.O Line ၁၂ လိုင်းပါရှိပြီး မြန်မာနိုင်ငံတစ်နိုင်ငံလုံးသို့သာမက ပြည်ပနိုင်ငံများသို့ပင် ဆက်သွယ်ပြောဆိုနိုင်ကြောင်း သိရသည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အဖွဲ့ဝင်များသည် တွံတေးမြို့နယ် ဘုန်းတော်ကြီးသင်ပညာရေးကျောင်း မိဘမဲ့လူငယ်ဖွံ့ဖြိုးရေးမင်္ဂလာ ပရဟိတဂေဟာသင်တန်းကျောင်းသို့ ရောက်ရှိကြပြီး ကျောင်းအုပ် ဘုရားကြီး မင်္ဂလာ တိုက်ကျောင်းဆရာတော် ဘဒ္ဒန္တစန္ဒိမာအား ပူဇော်ကန်တော့ကြသည်။

ထို့နောက် ဆရာတော် ဘဒ္ဒန္တစန္ဒိမာက ဘုန်းတော်ကြီးသင် ပညာရေးကျောင်း၊ မိဘမဲ့လူငယ်ဖွံ့ဖြိုးရေး မင်္ဂလာပရဟိတဂေဟာသင်တန်းကျောင်း၏ အခြေအနေနှင့်ပတ်သက်၍ ရှင်းလင်းမိန့်ကြားတော်မူသည်။

အလှူငွေပေးအပ်

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က ဘုန်းတော်ကြီးသင်ပညာရေးကျောင်းကို အစိုးရ အခြေခံပညာမူလတန်းကျောင်းအဆင့် တိုးမြှင့်ပေးပြီး မိဘမဲ့လူငယ်ဖွံ့ဖြိုးရေးမင်္ဂလာပရဟိတဂေဟာအတွက် အလှူငွေများ ပေးအပ်လှူဒါန်းသည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အဖွဲ့ဝင်များသည် ဒလမြို့ဆိပ်ကမ်းသို့ရောက်ရှိကြသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အဖွဲ့ဝင်များသည် ရေယာဉ်ဖြင့် ရန်ကုန်မြစ်အတွင်း လှည့်လည်၍ ရန်ကုန်မြစ်တွင်း ပြည်တွင်း ပြည်ပ ရေယာဉ်များ ဝင်ထွက်မှု၊ ရန်ကုန်ဆိပ်ကမ်းသန့်ရှင်းသာယာရေး ဆောင်ရွက်ထားမှုကို ကြည့်ရှုကြသည်။ ထိုမှတစ်ဆင့် ရန်ကုန်မြို့သို့ ညနေပိုင်းတွင် ပြန်လည်ရောက်ရှိကြသည်။ **(သတင်းစဉ်)**

ချစ်သူငယ်ချင်း ခင်သီတာအတွက် မွေးနေ့ဆုမွန်

ခင်သီ–

ဘဝတစ်လျှောက်မှာ ပျော်ရွှင်မှု၊ အောင်မြင်မှုတွေနဲ့ စိတ်အေးချမ်းသာစွာနေနိုင်ပါစေ။

မိုးဝင်း–မေပုလဲ။

သာယာမည်

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့သာယာမည်။

မင်္ဂလာဧည့်ခံပွဲကျေးဇူးတင်လွှာ

ရန်ကုန်မြို့နေ ဦးစိန်လှိုင်(လက်ထောက်အထွေထွေမန်နေဂျာ၊ မြို့ပြ–မြန်မာ့မီးရထား)–ဒေါ်နန်းခင်ဌေးတို့၏သား

စိုင်းမြတ်သူလှိုင် (LL.B) နှင့်

ရန်ကုန်မြို့နေ ဦးနေထွန်း(ခ)ဦးမင်းမောင်(နိုင်ငံ့ဂုဏ်ရည်ပထမဆင့်)–(ဒေါ်မေသိန်း)၊
ဦးတင်မောင်(ကရမက်)စန္ဒာဆေးတိုက်–(ဒေါ်စန်းမြင့်)တို့၏မြေးဦး၊
ဦးကျော်သိန်းထွန်း(မိုးမောက်ပုံနှိပ်တိုက်)–ဒေါ်အေးအေးခိုင်တို့၏သမီး

မစုရတနာကျော် B.A(Eco),B.C.Sc (UCSY), I.D.C.S (NCC,UK)

တို့၏ ၈–၂–၂၀၀၄ရက်တွင် Yuzana Garden Hotel ၌ ကျင်းပပြုလုပ်သော မင်္ဂလာဧည့်ခံပွဲ အခမ်းအနားတွင် မင်္ဂလာအောင်စံပယ်ပန်းကုံးချီးမြှင့်ပေးသော ကာကွယ်ရေးဝန်ကြီးဌာန စခန်းမှူးရုံးမှ စခန်းမှူး ဗိုလ်ချုပ်လှအောင်သိန်းနှင့်ဇနီး ဒေါ်အေမီခိုင်၊မင်္ဂလာလက်စွပ် ချီးမြှင့်ပေးသော ပါမောက္ခ ဒေါက်တာဦးကိုကိုလှ (ဌာနမှူး၊ ဆေးပညာဌာန–ဆေးတက္ကသိုလ်–၂၊ငြိမ်း)နှင့်ဇနီး ဒေါ်စိန်မြမေတို့အားလည်း ကောင်း၊ မင်္ဂလာဧည့်ခံပွဲ အခမ်းအနားသို့ကိုယ်တိုင်ကြွရောက်ချီးမြှင့်ပေးသော ဝန်ကြီး ဗိုလ်ချုပ်အောင်မင်း (ရထားပို့ဆောင်ရေးဝန်ကြီးဌာန)၊ ဒုတိယဝန်ကြီး သူရဦးသောင်းလွင် (ရထားပို့ဆောင်ရေးဝန်ကြီးဌာန)နှင့်ဇနီး၊ ဦးလှမြင့်ဦး (ဝန်ထမ်းရွေးချယ်ရေးအဖွဲ့၊ အဖွဲ့ဝင်)နှင့်ဇနီးတို့အားလည်းကောင်း၊မေတ္တာဖြင့်လက်ဖွဲ့ပို့ပေးသော ဒုတိယဝန်ကြီး ဦးဖေသန်း (ရထားပို့ဆောင်ရေးဝန်ကြီးဌာန)နှင့်ဇနီးအားလည်းကောင်း၊ဦးမင်းဆွေ (ဦးဆောင်ညွှန်ကြားရေးမှူး၊မြန်မာ့မီးရထား)နှင့်ဇနီးတို့အားလည်းကောင်း၊ ကြွရောက်ချီးမြှင့်ပေးသော စစ်ဘက်နယ်ဘက်မှ ဂုဏ်သရေရှိလူကြီးမင်းများ၊ ဌာနဆိုင်ရာမှဂုဏ်သရေရှိလူကြီးမင်းများနှင့် ဆွေမျိုး မိတ်သင်္ဂဟများအားလည်းကောင်း၊ အခမ်းအနားမှူးအဖြစ်ဆောင်ရွက်ပေးသော ဦးကျော်စိုးဦး၊ မင်္ဂလာပန်းကြဲပေးသော မဖူးသန့်စင်၊ မင်္ဂလာပန်းကုံးကိုင်ဆောင်ပေးသော မပြည့်ဖြိုးမြင့်၊ မင်္ဂလာလက်စွပ် ဗန်းကိုင်ဆောင်ပေးသော မအိရွှေရည်အောင်၊ မင်္ဂလာသတို့သားအရန်များဖြစ်သော စိုင်းဆိုင်လင်း၊ စိုင်းမြတ်ဖြိုးလှိုင်၊ မင်္ဂလာသတို့သမီးအရန်များဖြစ်သော မခိုင်ဝတ်ရည်ကျော်၊ မသန့်သစ္စာတို့အားလည်းကောင်း၊ မင်္ဂလာအခါတော်ပေးသီဆိုပေးသော ဒေါ်တင်တင်မြအားလည်းကောင်း၊ သတို့သမီးဝတ်စုံနှင့် လက်ဝတ်ရတနာများအား မေတ္တာဖြင့်ဆင်မြန်းပေးသော မချို(ဟန်နီစိုး–မြိတ်)အားလည်းကောင်း၊ မိတ်ကပ်ခင်စန်းဝင်း၊ဓာတ်ပုံနှင့် ဗီဒီယိုမှတ်တမ်းတင်ပေးသော(MRTV)အဖွဲ့အားလည်းကောင်း၊ Yuzana Garden Hotelမှ မန်နေဂျာနှင့် ဝန်ထမ်းများအားလည်းကောင်း၊ မင်္ဂလာပွဲဖြစ်မြောက်ရေးအတွက် အဘက်ဘက်မှဝိုင်းဝန်းကူညီပံ့ပိုးပေးကြသော ဆွေမျိုးမိတ်သင်္ဂဟများနှင့် သူငယ်ချင်းများအားလည်းကောင်း လှိုက်လှဲစွာကျေးဇူးဥပကာရတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့် စိုင်းမြတ်သူလှိုင်–မစုရတနာကျော်။

မင်္ဂလာဦးဆုတောင်း

ကိုမြတ်သူ နှင့် မစု တို့၏ ၈–၂–၂၀၀၄ ရက်တွင် Yuzana Garden Hotel ၌ ကျင်းပပြုလုပ်သော မင်္ဂလာရက်မြတ်မှသည် သက်ဆုံးတိုင် ချစ်ကြင်မြတ်နိုးစွာ လက်တွဲလျှောက်လှမ်းနိုင်ပါစေ။

ဘိုးဘိုး – ဦးမင်းမောင်၊ ဦးတင်မောင်(ကရမက်)
ဖေဖေ – ဦးစိန်လှိုင် – မေမေ ဒေါ်နန်းခင်ဌေး
ဖေဖေ – ဦးကျော်သိန်းထွန်း – မေမေ ဒေါ်အေးအေးခိုင်
ဦးလေးနှင့်အဒေါ်များ။
ဦးမောင်မောင်ချို–ဒေါ်အေးအေးသန်း(ဌာနမှူး၊မြန်မာစာဌာန၊တိ/မွေးကု)
ဗိုလ်မှူးကြီး သန်းမြင့်(ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ်)–ဒေါ်နီနီစိုး
ဒေါက်တာနိုင်စိုး(Senior Medical Superintendent, ခေတ္တ South Africa)–ဒေါ်စန္ဒာတင်လေး
ဗိုလ်မှူး ဝင်းရွှေ(ယာယီတပ်ရင်းမှူး)–ဒေါ်အေးအေးနိုင်
ဗိုလ်ကြီးစန့်ထွန်းအောင်(ငြိမ်း)[လက်ထောက်အထွေထွေမန်နေဂျာ၊စက်မှု–၁]–ဒေါ်ငြိမ်းငြိမ်းအေး
ကိုကြီး – စိုင်းမြတ်ဇော်လှိုင်–မသိမ့်သိမ့်
ညီလေး – စိုင်းမြတ်ထွဋ်လှိုင် (3rd Yr Eco. UDE,)
ညီလေး – စိုင်းမြတ်ဖြိုးလှိုင် (3 rd Yr Eco. UDE,)
ညီမလေး – ခိုင်ဝတ်ရည်ကျော် (3 rd Yr MB,IM-1)
မောင်လေး – ဗိုလ်လောင်း ဟိန်းစိုးကျော် (3 rd Yr DSMA)
မောင်၊ညီမများ– သစ္စာ၊ ပြည့်ဖြိုး၊ ကိုရဲ၊သီရိ၊ကိုဝေ၊အိစံ၊မြတ်သူ၊ကိုခန့်၊ပုတု၊ချာချာ
တူ၊တူမများ – ဖိုးပြည့်၊နွေးနွေး၊အိပို

ကျန်းမာရေးအဆင့်အတန်းမြှင့်တင်ပေးလျက်ရှိသည့် တိုင်းတနင်္သာရီမှ ခုတင်(၂၀၀)ဆံ့ မြိတ်ဆေးရုံ

သတင်းဆောင်းပါး - သန်းဇော်

ဓာတ်ပုံ-ထွေးကြည် (မြန်မာ့အလင်း)

တနင်္သာရီတိုင်း မြိတ်မြို့ ခုတင် (၂၀၀)ဆံ့ဆေးရုံအုပ်ကြီး ဦးထွန်းလွင်က မြန်မာ့အလင်းသို့ ရှင်းလင်းပြောကြားစဉ်။

ရန်ကုန် ဖေဖော်ဝါရီ ၈

နိုင်ငံတော်အစိုးရအနေဖြင့် လမ်းပန်းဆက်သွယ်ရေး၊ ပညာရေး၊ ကျန်းမာရေး ကဏ္ဍများ ပိုမိုတိုးတက်ဖြစ်ထွန်းပြီး တိုင်းရင်းသားပြည်သူအားလုံး ဆူကြွနိမ့်မြင့် ကွာဟချက် နည်းပါးပြီး လူနေမှုအဆင့်အတန်း၊ စီးပွားရေးဘဝတိုးတက် ဖြစ်ထွန်းလာအောင် ဆောင်ရွက်ပေးလျက်ရှိပေသည်။

ကျန်းမာရေးကဏ္ဍနှင့် ပတ်သက်၍ အမျိုးသားကျန်းမာရေးကော်မတီက **"ကျန်းမာရေးလုပ်ငန်းများ တိုးချဲ့ဆောင်ရွက်ရာမှာ ကျေးလက်ဒေသများ၊ နယ်စပ်ဒေသများကိုပါ ဦးစားပေးဆောင်ရွက်ရန် "**ဆိုသည့် အမျိုးသားကျန်းမာရေးမူဝါဒ တစ်ရပ်ကိုချမှတ်ပြီး နယ်စပ်ဒေသနှင့် ကျေးလက်ဒေသများကို အထူးအလေးပေး ဆောင်ရွက်လျက်ရှိရာ တနင်္သာရီတိုင်း မြိတ်မြို့ ရေပုန်းရပ်ကွက်တွင် ခေတ်မီ သပ်ရပ်လှပသော ခုတင်(၂၀၀) ဆံ့ ဆေးရုံကြီးကို နိုင်ငံတော်အေးချမ်းသာယာရေး နှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၏ လမ်းညွှန်ချက်ဖြင့် ၁၉၉၉ခုနှစ် ဧပြီလ၁၅ရက်နေ့မှာ စတင်ဆောက်လုပ်ပြီး ၂၀၀၃ခုနှစ် အောက်တိုဘာလ ၂၅ ရက်တွင် ဖွင့်လှစ်နိုင်ခဲ့သည်။

အကုန်အကျခံ

၁၉၈၈ခုနှစ်မတိုင်မီ ခုတင် (၁၀၀)ဆံ့ဆေးရုံသာရှိ၍ ဆေးရုံနှင့်လူနာမမျှတဘဲ ရှိနေခဲ့သည်။ ယနေ့နိုင်ငံတော်က ငွေသုံးထောင့်ခုနှစ်ရာ လေးဆယ့်နှစ်သိန်း အကုန်အကျခံကာ ဆောက်လုပ်ပေးထားခြင်းဖြစ်သည်။

ယခုအခါ သမားတော်ကြီးများ၊ တော်ဝင်ခွဲစိတ်ဆရာဝန်ကြီးများ၊ ရိုးရိုး ဆရာဝန်ကြီးများ၊ တိုင်းအဆင့်ဆရာဝန်ကြီးများ၊ ခရိုင်အဆင့်ဆရာဝန်ကြီးများ၊ လက်ထောက်ဆရာဝန်များဖြင့် ဘာသာရပ်၁၂ခုဖြစ်သော (၁) ဆေးကုသရေး လုပ်ငန်း၊ (၂) ခွဲစိတ်ကုသရေးလုပ်ငန်း၊ (၃) အရိုးရောဂါကုသခြင်းလုပ်ငန်း၊ (၄) သားဖွားမီးယပ်ရောဂါကုသရေးလုပ်ငန်း၊ (၅) ကလေးရောဂါကုသရေး လုပ်ငန်း၊ (၆)မျက်စိရောဂါကုသရေးလုပ်ငန်း၊ (၇) နား၊နှာခေါင်း၊ လည်ချောင်း ကုသရေးလုပ်ငန်း၊ (၈) ဓာတ်ခွဲလုပ်ငန်း၊ (၉) ဓာတ်မှန်လုပ်ငန်း၊ (၁၀) မေ့ဆေး လုပ်ငန်း၊ (၁၁) သွားဘက်ဆိုင်ရာကုသရေးလုပ်ငန်း၊ (၁၂) စိတ်ရောဂါကု လုပ်ငန်းများကို ကုသပေးလျက်ရှိပေသည်။

ကုသနိုင်

ယခင်က ရောဂါကြီးလျှင် ရန်ကုန်သို့ တက်ရောက်ကုသကြရပြီး ယခုအခါ ဆေးရုံသစ်ကြီးတွင် ဆရာဝန်၊ ဆေး၊ စက်ကိရိယာပြည့်စုံစွာရှိသဖြင့် စရိတ်ကုန် ကျမှုနှင့် လူပင်ပန်းမှုပါ သက်သာစွာဖြင့် မိမိဒေသတွင်ပင် ကုသနိုင်ပြီဖြစ် ပေသည်။

အထူးအရေးကြီးရောဂါကြီးများဖြစ်သော ဦးနှောက်ပိုင်းဆိုင်ရာ ခွဲစိတ်ကုသခြင်း၊ နှလုံးခွဲစိတ်ကုသခြင်းနှင့် ကျောက်ကပ်အစားထိုးကုသခြင်းမျိုးကဲ့သို့ ရောဂါများမှအပ ကျန်ရောဂါအားလုံးကို မြိတ်မြို့ ခုတင် (၂၀၀)ဆံ့ အထွေထွေ ရောဂါကုဆေးရုံကြီးတွင်ပင် ကုသနိုင်ပြီ ဖြစ်ပေသည်။

လှူဒါန်းထား

ဤဆေးရုံကြီးတွင် ခေတ်မီအဆင့်မြင့်ခွဲစိတ်ကုသမှုဆိုင်ရာ စက်ကိရိယာ ပစ္စည်းများကို နိုင်ငံတော်မှပံ့ပိုးသည့်အပြင် ပြင်သစ်နိုင်ငံ 'အင်ဖာ' အဖွဲ့ အစည်းမှ ခွဲစိတ်ခန်းပစ္စည်းများ၊ မေ့ဆေးပစ္စည်းများ၊ ကလေးကုသရေးစက်ပစ္စည်း၊ ဓာတ်မှန်စက်ပစ္စည်း၊ အရေးပေါ်လူနာတွေကိုကုသပေးသော အထူးကြပ်မတ်ကုသ ရန် ပစ္စည်းအသုံးအဆောင်များကို လှူဒါန်းထားပေသည်။

ခွဲစိတ်ကုသခြင်းများကိုလည်း မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းက ရန်ပုံငွေ အကူအညီဖြင့် အခမဲ့ကုသပေးလျက်ရှိသည်။

၎င်းအပြင် ဆေးရုံကြီး၏ မူဝါဒအရ ကျန်းမာရေးအဆင့်အတန်း မြှင့်တင်နိုင်ရန်စီမံ၍ ဆေးရုံနှင့်ပြင်ပကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများသည် တံတိုင်းမခြားသင့်၊ ကုသရေး၊ ကာကွယ်ရေးအပိုင်း၌ နံရံမရှိစေရ၊ အတား အဆီးမရှိစေရ ဟူသော မူအတိုင်း ကုသပေးရုံသာမက (Health Promotion)ကျန်းမာရေးအဆင့် အတန်းမြင့်မားအောင်လည်း အကောင်အထည် ဖော်လျက် ရှိပေသည်။

မြိတ်မြို့ ခုတင်(၂၀၀)ဆံ့ဆေးရုံကြီးတွင် သန့်ရှင်းသပ်ရပ်ပြီး ခေတ်မီ ကုသရေး အထောက်အကူပြု စက်ကိရိယာပစ္စည်းများ တပ်ဆင်ပေးထားသည်ကို တွေ့ရစဉ်။

အခမဲ့ကုသပေး

ထူးထူးခြားခြားအနေဖြင့် နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲရောဂါရှင်များကို ဆေးရုံကြီး၏ ရန်ပုံငွေအပြင် တိုင်းမှူး၏ ဇနီးနှင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းတို့ ပူးပေါင်းရန်ပုံငွေဖြင့်ကူညီပံ့ပိုးကာ ဝေဒနာရှင်ပေါင်း၃၈ ယောက်ကို ကုသပေးခဲ့ပြီးဖြစ်ပေသည်။ ထိုသို့ကုသရာတွင် အမှန်တကယ်ကုန်ကျစရိတ်မှာ ငါးသောင်းမှတစ်သိန်းအထိ ကုန်ကျမည်ဖြစ်သော်လည်း လူနာများ မိမိတတ်နိုင် သလောက်ငွေကြေးသာကုန်ကျခံစေ၍ ကျန်ကုန်ကျစရိတ်ကို ဆေးရုံမှ အခမဲ့ကုသ ပေးသည်။ ချို့တဲ့နွမ်းပါးသော သက်ကြီးရွယ်အိုများ၏ မျက်စိရောဂါ၊ မျက်စိတိမ်

ကျန်းမာရေးအဆင့်အတန်း မြင့်မားရေးအတွက် ခရိုင်ဆရာဝန်များနှင့်တွဲ၍ ကျန်းမာရေးဆိုင်ရာလုပ်ငန်းများဖြစ်သော လွှဲပြောင်းလူနာများနှင့် အထူးကု အဖွဲ့များ နယ်ဆင်း၍ ခရိုင်အတွင်းတွင်ရှိသော ချို့တဲ့နွမ်းပါးသည့်လူနာများကို အခမဲ့ ကုသပေးခြင်းများနှင့် အခြားနိုင်ငံတော်က ချမှတ်ပေးသော ကျန်းမာရေး ဆိုင်ရာလုပ်ငန်းများကို လုပ်ဆောင်ရပေသည်။

၎င်းပြင် ဤဆေးရုံကြီး၏ ထူးခြားမွန်မြတ်မှုမှာ အရေးပေါ်လူနာမှန်သမျှ၊ ဆေးရုံတက်သည့် လူနာမှန်သမျှငွေကြေးမပြည့်စုံ၍ ဆေးဝါးကုသမှုမခံရ မရှိစေရန် ဆေးရုံကြီးဖွင့်လှစ်စဉ်က အလှူငွေများမှလည်းကောင်း၊ ဆေးရုံတွင် ဖွင့်လှစ်ထားသော ဆေးဝါးလည်ပတ်မှုရန်ပုံငွေဆေးဆိုင်မှရရှိသော ဆေးပဒေသာ ပင်မှ လည်းကောင်း၊ မတတ်နိုင်လည်း မတတ်နိုင်သရွေ့ ထောက်ပံ့ကုသပေးပြီး ဆွေမရှိမျိုးမရှိ လုံးဝမတတ်နိုင်သူ လူနာများကို လုံးဝအခမဲ့ကုသပေးပေသည်။

ဤဆေးရုံကြီး၏ ထူးခြားချက်တစ်ခုမှာ အခြားဆေးရုံများတွင်မရှိသော (Reception) ဧည့်ကြိုဌာနကို ဆေးရုံအဆောက်အုံအဝင်ဝတွင် အချိန်နှင့် ထားရှိပြီး ဆေးလူမှု ဆက်ဆံရေး အကူအညီပေးခြင်း၊ လူမှုရေးအကူအညီပေးခြင်း၊ ငွေကြေးနှင့် ပတ်သက်သည့် အကူအညီများ စသည့် ဆေးရုံနှင့် ပတ်သက်သည့် ကိစ္စများကို တတ်နိုင်သမျှဖြေရှင်းပေးနေသည်မှာလည်း လာရောက်ကုသသည့် လူနာများအတွက် စိတ်ချမ်းမြေ့စရာ တစ်ခုပင် ဖြစ်ပေသည်။

ဤဆေးရုံကြီးကဲ့သို့ အခြားကျန်းမာရေးကဏ္ဍအတွက် နိုင်ငံတော်မှ ဘဏ္ဍာ ငွေကျပ် ၁၄၆၁သန်းကျော် အကုန်အကျခံ၍ဆောင်ရွက်လျက်ရှိရာ ၁၉၈၈ခုနှစ် တွင် ဆေးရုံရှစ်ရုံ၊ ဆေးပေးခန်းခြောက်ခန်းသာရှိခဲ့ပြီး ယနေ့ဆိုလျှင် ဆေးရုံ ၅၂ရုံ၊ ဆေးပေးခန်း ၈၂ခန်း၊ ကျေးလက်ကျန်းမာရေးဌာန ၂၉ခုနှင့် ကျေးလက် ကျန်းမာရေးဌာနခွဲ၄၀ ဖွင့်လှစ်ပေးပြီး နယ်စပ်ဒေသများဖွံ့ဖြိုးမှုကို တိုးမြှင့် ဆောင်ရွက်ပြီးဖြစ်ရာ ဒေသခံများအနေဖြင့် ကျန်းမာရေးရှုထောင့်အတွက် အားရ စရာပင် ဖြစ်ပေသည်။

ဤကဲ့သို့ တနင်္သာရီတိုင်း မြိတ်မြို့ရှိ ခုတင် (၂၀၀)ဆံ့ အထွေထွေရောဂါကု ဆေးရုံသစ်ကြီးပေါ်ထွန်းလာစေသည့်နိုင်ငံတော်၏ စေတနာသည်လည်းကောင်း၊ ဤဆေးရုံကြီးတွင် အသက်ပေါင်းများစွာကယ်တင်ကုသပေးနေသော သမားတော် ကြီးများ၊ ဆရာဝန်များ၊ ဝန်ထမ်းများနှင့် ဆေးရုံအုပ်ကြီးတို့၏ လုပ်ငန်းဆောင် ရွက်မှုများသည် လူသာခု၊ နတ်သာခု ခေါ်စရာပင်ဖြစ်ပေတော့သည်။ ။

မြိတ်မြို့ ခုတင် (၂၀၀)ဆံ့ ဆေးရုံကြီးကို တွေ့ရစဉ်။

ဘဏ်ပိတ်ရက်ကြော်ငြာ

လွှဲပြောင်းနိုင်သော စာချုပ်စာတမ်းများ အက်ဥပဒေအရ ၂၀၀၄ ခုနှစ် ဖေဖော်ဝါရီ ၁၂ ရက် ကြာသပတေးနေ့သည် ပြည်ထောင်စုနေ့ဖြစ်ပြီး အများပြည်သူ အလုပ်ပိတ်ရက် ဖြစ်ပါသဖြင့် ၎င်းနေ့တွင် ဘဏ်အားလုံး ပိတ်ထားလိမ့်မည်ဖြစ်ပါကြောင်း။

မြန်မာနိုင်ငံတော်ဗဟိုဘဏ်

အမည်ပြောင်း

ဧရာဝတီတိုင်း မော်လမြိုင်ကျွန်းမြို့နယ်၊ ကျော်ဇန်ကျေးရွာနေ အဖ ဦးအေးသိန်း၏သမီး မမြင့်မူအေး ၁၄/မမက(နိုင်)၁၃၇၀၄၃ အား ယနေ့မှစ၍ မမြတ်ဇင်ကိုဟု ပြောင်းလဲခေါ်ပါရန်။ **မမြတ်ဇင်ကို**



ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရ
ပညာရေးဝန်ကြီးဌာန
ပညာရေးစီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာန
၁၂၃၊ နတ်မောက်လမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့
၂၀၀၄-၂၀၀၅ ပညာသင်နှစ်
မာလ်တီမီဒီယာ အတတ်ပညာဘွဲ့လွန် ဒီပလိုမာ (ပညာရေး)သင်တန်း
Post Graduate Diploma in Multi-media Arts (Education) (PGDMA) သင်တန်းသားများ ခေါ်ယူခြင်း

၁။ ၂၀၀၄-၂၀၀၅ ပညာသင်နှစ်အတွက် ရန်ကုန်ပညာရေးတက္ကသိုလ်နှင့် စစ်ကိုင်းပညာရေး တက္ကသိုလ်ရှိ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးမှုဌာနများ၏ အစီအစဉ်ဖြင့် အဆိုပါတက္ကသိုလ်များတွင် ဖွင့်လှစ်မည့် မာလ်တီမီဒီယာအတတ်ပညာဘွဲ့လွန်ဒီပလိုမာ (ပညာရေး)သင်တန်း Postgraduate Diploma in Multi-media Arts (Education) (PGDMA) အမှတ်စဉ် (၅)သို့ တက်ရောက်လိုသူများ လျှောက်ထားနိုင်ပါသည်။

၂။ သင်တန်းဝင်ခွင့် လျှောက်ထားသူများသည် အောက်ပါအချက်များနှင့် ပြည့်စုံရပါမည်-

(က) လျှောက်ထားသူများသည် မြန်မာနိုင်ငံသားဖြစ်ရမည်။

(ခ) တက္ကသိုလ်တစ်ခုခုမှ သင်္ချာ၊ ရူပ၊ ဓာတုဗေဒဘွဲ့ရရှိသူများ၊ အင်္ဂလိပ်ဘာသာ၊ ပထဝီ၊ ဘောဂ၊ ဝါဏိဇ္ဇဘွဲ့ရသူများဖြစ်ရမည်။

(ဂ) အခြေခံပညာဝန်ထမ်းဖြစ်ပါက ဘွဲ့တစ်ခုခုရရှိသူဖြစ်ပြီး အခြေခံကျောင်းများမှ တာဝန်ခံ၍ စေလွှတ်သူများဖြစ်ရပါမည်။ ၂၀၀၄ ခုနှစ် ဇွန်လ ၁၄ရက်နေ့တွင် အသက် ၃၀ နှစ်ထက်မကြီးသူဖြစ်ရမည်။

(ဃ) ရန်ကုန်ပညာရေးတက္ကသိုလ်နှင့် စစ်ကိုင်းပညာရေးတက္ကသိုလ် (မန္တလေးဌာနခွဲ) တို့တွင် တက်ရောက်နိုင်ရမည်။

(င) လျှောက်လွှာနှင့်အတူ ဘွဲ့လက်မှတ်ဓာတ်ပုံမိတ္တူ (သို့မဟုတ်) ဘွဲ့ရကြောင်း ထောက်ခံစာ ပူးတွဲတင်ပြရမည်။

(စ) မွေးသက္ကရာဇ် အထောက်အထားအတွက် လျှောက်လွှာနှင့်အတူ အခြေခံပညာ အထက်တန်းစာမေးပွဲ အောင်လက်မှတ် ဓာတ်ပုံမိတ္တူ ပူးတွဲတင်ပြရမည်။

(ဆ) သင်တန်းကာလမှာ ၂၀၀၄ ခုနှစ် ဇွန်လ ၁၄ရက်မှ ၂၀၀၅ ခုနှစ် ဧပြီ လဆန်းပိုင်းအထိဖြစ်သည်။

၃။ သင်တန်းတက်ရောက် အောင်မြင်ပြီးသူများကို အခြေခံပညာကျောင်းများတွင် အလယ်တန်းပြအဖြစ် ခန့်ထားပြီး လုပ်သက်ပြည့်မီချိန်တွင် ပညာရေးဘွဲ့ (B.Ed) သင်တန်းဝင်ခွင့်အစီအစဉ်အရ တက်ရောက်ခွင့်ပြုမည်ဖြစ်ပါသည်။

၄။ ကရင်ပြည်နယ်၊ တနင်္သာရီတိုင်း၊ ပဲခူး(အရှေ့)၊ ပဲခူး(အနောက်)၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ဧရာဝတီတိုင်းတို့မှ လျှောက်ထားသူများသည် လျှောက်လွှာများကို ရန်ကုန်မြို့ အမှတ် (၁) အခြေခံပညာဦးစီးဌာနသို့ လည်းကောင်း၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်း၊ မကွေးတိုင်း၊ မန္တလေးတိုင်း၊ ရှမ်းပြည်နယ် (တောင်/မြောက်/အရှေ့)တို့မှ လျှောက်ထားသူများသည် မန္တလေးမြို့ အမှတ် (၂) အခြေခံပညာ ဦးစီးဌာနသို့ လည်းကောင်း၊ ရန်ကုန်တိုင်းမှ လျှောက်ထားသူများသည် ရန်ကုန်မြို့ အမှတ် (၃) အခြေခံပညာဦးစီးဌာနသို့ လည်းကောင်း၊ ပညာရေးကောလိပ်/ပညာရေးတက္ကသိုလ်များနှင့် လေ့ကျင့်ရေးကျောင်းများမှ လျှောက်ထားသူများသည် ရန်ကင်းပညာရေးကောလိပ်ကျောင်းအုပ်ကြီးထံသို့လည်းကောင်း ပေးပို့ကြရမည်။

၅။ ဝန်ထမ်းဖြစ်ပါက ၂၀၀၄ ခုနှစ် ဇွန်လ ၁၄ ရက်နေ့တွင် အသက် ၃၅ နှစ်ထက်မကြီးသူ ဖြစ်ရမည်။ မိမိတာဝန်ထမ်းဆောင်နေသည့် ရုံးဌာနဆိုင်ရာအကြီးအကဲ၏ ဝန်ထမ်းဖြစ်ကြောင်းထောက်ခံစာကို ပူးတွဲ၍ သက်ဆိုင်ရာ ပြည်နယ်/တိုင်း ပညာရေးမှူးများ (တွဲဖက်ပြည်နယ်နှင့်တိုင်းခွဲအပါအဝင်)မှတစ်ဆင့် သက်ဆိုင်ရာ ဦးစီးဌာနသို့ ပေးပို့လျှောက်ထားရမည်။

၆။ လူတွေ့နှုတ်ဖြေကို ၂၀၀၄ ခုနှစ် မတ်လ ၂၉ ရက်နေ့တွင် သက်ဆိုင်ရာအခြေခံပညာဦးစီးဌာနများ၌ စစ်ဆေးမည်ဖြစ်ပါသည်။

၇။ ဘွဲ့လက်မှတ်မူရင်းနှင့် အခြေခံပညာအထက်တန်း အောင်လက်မှတ်မူရင်းတို့ကို တစ်ပါတည်း ယူဆောင်လာရမည်။

၈။ လျှောက်ထားသူများသည် ပူးတွဲပါသင်တန်းဝင်ခွင့် လျှောက်လွှာပုံစံအတိုင်း ကိုယ်တိုင် ပြုစုရေးသားဖြည့်သွင်းထားသော လျှောက်လွှာသုံးစုံတွင် ခြောက်လအတွင်းရိုက်ကူးထားသည့် ပတ်စပို့အရွယ်ဓာတ်ပုံ၊ (မျက်မှန်တပ်သူဖြစ်ပါက မျက်မှန်နှင့်ဓာတ်ပုံ၊ မျက်မှန်မပါ ဓာတ်ပုံ) တို့ကို ကပ်၍ ပူးတွဲရမည့် အထောက်အထားများနှင့်အတူ သက်ဆိုင်ရာဦးစီးဌာနများနှင့် ရန်ကင်းပညာရေးကောလိပ်သို့ ၂၀၀၄ ခုနှစ် မတ်လ ၂၃ ရက်နေ့ထက် နောက်မကျစေဘဲပေးပို့ရပါမည်။

ဘိုဝင်း

ရက်စွဲ။ ၂၀၀၄ခုနှစ်၊ဇန်နဝါရီ ၃၀ရက်။ **(ညွှန်ကြားရေးမှူးချုပ်)**

၂၀၀၄ -၂၀၀၅ ခုနှစ် ပညာသင်နှစ်
မာလ်တီမီဒီယာအတတ်ပညာဘွဲ့လွန်ဒီပလိုမာ (ပညာရေး)သင်တန်း
Postgraduate Diploma in Multi- media Arts (Education) (PGDMA)
အမှတ်စဉ် (၅) သင်တန်းဝင်ခွင့်လျှောက်လွှာ

ဓာတ်ပုံ

၁။ လျှောက်ထားသူ၏ အကြောင်းအရာ

အကြောင်းအရာ	အမည်	နိုင်ငံသားမှတ်ပုံတင်အမှတ်	ဝန်ထမ်းဖြစ်ပါက ရာထူး/ဌာန/ကျောင်း
လျှောက်ထားသူ			
ဖခင်			
မိခင်			

၂။ လျှောက်ထားသူ၏ မွေးသက္ကရာဇ် ----------ခုနှစ် ------------------လ ----------ရက်

၃။ အပထအောင်မြင်ခဲ့သည့် စာစစ်ဌာနနှင့် ပြည်နယ်/တိုင်း --------------------------------
----

၄။ ဘွဲ့အမည်နှင့် အဓိကယူခဲ့သည့် ဘာသာ --------------------------
အောင်မြင်ခဲ့သည့် တက္ကသိုလ်နှင့် ခုနှစ် --------------------------

၅။ ဆရာအတတ်ပညာ ဒီပလိုမာ သင်တန်း(PGDT)အမှတ်စဉ် (၆)သို့ ဝင်ခွင့်လျှောက်ထားခြင်း ရှိ/မရှိ-----
----

၆။ အိမ်ထောင်ရှိ/မရှိ (ရှိပါက)ဇနီး/ခင်ပွန်းအမည်နှင့် ------------------------------------
နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် --

၇။ လက်ရှိနေရပ်လိပ်စာ အပြည့်အစုံ ---

၈။ အလယ်တန်းပြဆရာအဖြစ် ခန့်ထားပါက ဒေသမရွေး သွားရောက်တာဝန်ထမ်းဆောင်နိုင်ခြင်း ရှိ/မရှိ ----
----

ရက်စွဲ။ ၂၀၀၄ခုနှစ်၊ မတ်လ (   )ရက်   လျှောက်ထားသူ လက်မှတ်

အမည်ပြောင်း

ဦးကျုံနှင်း၏ သားနှင့်သမီးများဖြစ်ကြသော အထက(၄)၊ (မ)ဒဂုံ နဝမတန်း(A)မှ မောင်ချမ်းရမ့်ကို ယနေ့မှစ၍ ချမ်းရမ့်နှင်း ဟူ၍ လည်းကောင်း၊ အဋ္ဌမတန်း(A)မှ မဆိုဖီယာတိရ်သင်းပါရ်ကို ယနေ့မှစ၍ တိရ်သင်းပါရ် ဟူ၍ ပြောင်းလဲခေါ်ဆိုပါရန်။

ချမ်းရမ့်နှင်း၊တိရ်သင်းပါရ်

သားအဖြစ်မှ စွန့်လွှတ်ခြင်း

၈/မဘန(နိုင်)၀၇၃၇၇၂ ကိုင်ဆောင်သူ မောင်ထင်လင်းအောင်သည် မိဘများ၏ဆိုဆုံးမမှုကို မနာခံပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှ စွန့်လွှတ်လိုက်သည်။

(စုံစမ်းမေးမြန်းခြင်းသည်းခံပါ)

ဖခင်-ဦးအောင်မောင်၊
မိခင်-ဒေါ်သန်းအေး

မော်တော်ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃)မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ဒ/၁၉၅၂ မော်တော်ယာဉ်လက်ဝယ်ရှိသူကမော်တော်ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃)မိတ္တူလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများသည် သတင်းစာတွင် ကြော်ငြာပါသည့်ရက်မှစ၍ ၁၅ ရက်အတွင်း ကညန၊တိုင်းရုံး(ရန်ကုန်)သို့ လာရောက်ဆက်သွယ်ဆောင်ရွက်ရန်။

ကညန၊ရန်ကုန်တိုင်း

Career Opportunity
(For Local Service only)
Urgently Requirement

Our Company is now urgently looking for the qualified employee in the trading fields.

(1) Project Development Department

(i) Asst: Manager over 30 yrs	B.E (Mech;)	Male	(1) Post
(ii) Executive over 25 yrs	B.E/ GTI/ AGTI (Mech;)	Male	(1) Post
(iii) Executive over 25 yrs	Any Graduate	Male	(1) Post

(2) Marketing Department

(i) Asst: Manager	B.E (Mech;)	Male	(1) Post
(ii) Sales Engineer	B.E / GTI (Mech;)	Male/ Female	(1) Post
(iii) Sales Engineer	B.E / GTI (EP)	Male	(1) Post
(iv) Computer	Any Graduate	Female	(1) Post

(3) Procurement

(i) Asst: Manager	MBA / DMA	Male / Female	(2) Posts
(ii) Executive	B.E / GTI (Mehc;) / AGTI	Male / Female	(1) Post
(iii) Executive	B.E / GTI (EP) / AGTI	Male / Female	(1) Post
(iv) Executive	Any Graduate	Male / Emale	(1) Post

(4) Admin Department

(i) Asst: Manager	Any Graduate	Male	(1) Post

All positions require a good command of both spoken & written English and Computer literate as compulsory.

For (1-II) At least 2 Yrs experience in Marketing for Earth Moving Equipments.

To be attached with C.V details of experienc, qualifications, age, contact telephone number with recent photograph, labour registration card and recommendation of good characters & free from criminal record by 23 February 2004 lastest attention to "**Manager, Admin Department, 22 (A), Kaba Aye Pagoda Road, Bahan Township, Yangon.**"

Please contact the following Telephone Number within 26 February to 27 February 2004 for personal interview. Ph No. 542711, 543443, 541533 Ext: (0, 34)



Mastiff နှင့် Rottweiler ခွေးရောင်းရန်

Old English Mastiff အဖြစ် လူသိများသော လိမ္မာယဉ်ကျေး အသိဉာဏ်မြင့်မား၍ အမြင့် ၃၂လက်မထိ ကြီးမားသော ခွေးကြီးမျိုး Importမှပေါက်သော သုံးလသား Mastiff သားပေါက်လေးများနှင့် စံချိန်မီ Rottweiler(Import) အထီးအမမှ ပေါက်သော ကျန်းမာသန်စွမ်းသော နှစ်လသား Rottweiler သားပေါက်လေးများ ဦးရာလူရောင်းမည်။ **အမှတ် ၁၁၉၆၊ ခ/၁ လမ်း၊ အင်းစိန်မြို့သစ်**

ဦးတင်ဝင်း(၁၀/ဘလန(နိုင်)၀၂၁၃၃၃)အား ပေးအပ်ထားသောကိုယ်စားလှယ်လွှဲစာကို ပြန်လည်ရုပ်သိမ်းကြောင်းကြေညာခြင်း

ဘီးလင်းမြို့နယ်၊ တောင်စွန်းကျေးရွာ၊ မြို့မရပ်ကွက်၊ အမှတ် ၄၀ မင်းလမ်းနေ ဦးတင်ဝင်း(၁၀/ဘလန(နိုင်)၀၂၁၃၃၃)အား ဒေါ်ကျင်လွမ်(၁၂/ကတတ(နိုင်)၀၁၇၈၂၇)က ၁၉၉၄ ခုနှစ် ဇူလိုင်လထဲတွင် အထွေထွေကိုယ်စားလှယ်လွှဲစာကို ပြုလုပ်ပေးအပ်ထားခဲ့ပါသည်။ ဦးတင်ဝင်းအား ထိုသို့ကိုယ်စားလှယ်လွှဲစာဖြင့် လွှဲအပ်ခဲ့ခြင်းကို ယနေ့မှစ၍ အပြီး အပိုင်ပြန်လည်ရုပ်သိမ်းကြောင်း ဒေါ်ကျင်လွမ်ကကြေညာအပ်ပါသည်။

(ဒေါ်ကျင်လွမ်)
အမှတ် ၁၂၅၊ ဒုတိယထပ်၊ ၃၉ လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့



မော်တော်ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃)မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် သ/၁၃၁၇ မော်တော်ယာဉ်လက်ဝယ်ရှိသူကမော်တော်ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃)မိတ္တူလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများသည် သတင်းစာတွင် ကြော်ငြာပါသည့်ရက်မှစ၍ ၁၅ ရက်အတွင်း ကညန၊တိုင်းရုံး(ရန်ကုန်)သို့ လာရောက်ဆက်သွယ်ဆောင်ရွက်ရန်။

ကညန၊ရန်ကုန်တိုင်း





အမည်ပြောင်း ဦးကျော်ကျော်မိုး၏သမီး အမှတ်(၂)အခြေခံပညာအလယ်တန်းကျောင်း ကျောက်ဖြူမြို့ တတိယတန်း(A)မှ မသင်းသက်ထားမိုးအား မမိုးသက်ထားဟု ပြောင်းလဲခေါ်ဆိုပါရန်။

မမိုးသက်ထား

ပြည်ထောင်စုမြန်မာနိုင်ငံ စီးပွားရေးဦးပိုင် လီမိတက်၏ ရာနှုန်းပြည့် အစုရှယ်ယာဖြင့် ဖွဲ့စည်းတည်ထောင်ထားသော

မြဝတီဘဏ်လီမိတက်

MYAWADDY BANK LTD.

မြဝတီဘဏ်တွင် အများပြည်သူများယုံကြည်စိတ်ချစွာ ဆက်သွယ်၍ ငွေစာရင်းဖွင့်ခြင်း နှင့် ငွေလွှဲခြင်းလုပ်ငန်းများကို လျင်မြန်စွာ ဆောင်ရွက်ပေးပါသည်။

- စာရင်းရှင်အပ်ငွေစာရင်းကို အကန့်အသတ်မရှိ ငွေသွင်းငွေထုတ် ပြုလုပ်နိုင်ပါသည်။
- ငွေစုဘဏ် အပ်ငွေကို တစ်ပတ်လျှင်တစ်ကြိမ် အကန့်အသတ်မရှိ ထုတ်ယူနိုင်ပြီး အတိုးနှုန်းမှာ တစ်နှစ်လျှင် ၁၀% ဖြစ်ပါသည်။ (၃) လ တစ်ကြိမ် အတိုးထည့်ပေးပါသည်။
- စာရင်းသေအပ်ငွေကို အကန့်အသတ်မရှိ အပ်နှံနိုင်ပြီး တစ်နှစ်လျှင် ၁၀% အတိုးဖြင့် (၃)လ၊ (၆)လ၊ (၉)လ နှင့် (၁၂)လ အပ်နှံနိုင်ပါသည်။
- ငွေလွှဲပို့ခြင်း လုပ်ငန်းများကို မြဝတီဘဏ်ခွဲများအပြင် မြန်မာ့စီးပွားရေးဘဏ် အားလုံးသို့ ငွေလွှဲလက်မှတ်ဖြင့် အကန့်အသတ်မရှိ ငွေလွှဲပို့နိုင်ပါသည်။
- အစိုးရဌာနများသို့ ငွေပေးချေရန်အတွက် (**Payment Order**) များဝယ်ယူနိုင်ပါသည်။
- တင်ဒါအာမခံ (**Tender Bond**) ကြိုတင်ငွေပေးချေမှုအာမခံ (**Advance Payment Guarantee**) ဆောင်ရွက်ပြီးမြောက်မှုအာမခံ (**Performance Guarantee**) စသည့် အခြားဘဏ်အာမခံများ ရယူနိုင်ပါသည်။
- အချိန်ကျလျှင် အလိုအလျောက် ဆောင်ရွက်ပေးရန် (**Standing Instruction**) များဘဏ်သို့ ပေးနိုင်ပါသည်။
- မိမိအပ်နှံထားသော ငွေပမာဏကို အကန့်အသတ်မရှိ စိတ်တိုင်းကျ ပြန်လည်ထုတ်ယူနိုင်ပါသည်။

စိတ်ချရတာ မြဝတီဘဏ်
လုံခြုံ လျှို့ဝှက် ၊ ဆောင်ရွက် မြန်မှန် ၊ မြဝတီဘဏ်
အတိုးများစွာ ရဖို့ရာ ၊ မြဝတီဘဏ်မှာ ငွေစုပါ။

မြဝတီဘဏ် (ရုံးချုပ်) - ၂၄ / ၂၆ ဆူးလေဘုရားလမ်း ၊ ရန်ကုန်မြို့ ။
Tel : ၂၅၆၀၅၇ ၊ ၂၅၆၀၅၉ ၊ ၂၅၆၀၆၂
Fax : ၂၄၃၃၃၂ ၊ ၂၅၀၀၉၃ ၊ ၃၇၁၆၇၅ ၊ ၃၇၁၆၇၆ ၊ ၃၇၁၆၇၇
Email : mwdbankygn@mptmail.net.mm

မြဝတီဘဏ်ခွဲများ - မန္တလေး ၊ ရုံးရှာ ၊ တောင်ကြီး ၊ မကွေး ၊ ပုသိမ် ၊ ဘုရင့်နောင်

ထိမ်းမြားမင်္ဂလာ ကျေးဇူးတင်လွှာ

ရန်ကုန်မြို့ လသာမြို့နယ် လမ်း ၂၀၊ အမှတ် ၁၁၆(ဘီ)နေ
ဦးနန်းမြင့်-ဒေါ်ကေသီတို့၏ တတိယသား

မောင်နိုင်လင်း B.Sc (Maths:)

Lighthouse Enterprises Ltd

နှင့်

ရန်ကုန်မြို့ စမ်းချောင်းမြို့နယ် ဇလွန်လမ်း အမှတ်(၁၇)နေ
ဦးထွန်းရွှေ(အငြိမ်းစားရဲအုပ်ကြီး)-ဒေါ်သန်းနုတို့၏သမီးထွေး

မသန္တာ B.Sc (Botany)

U Kyu Family Flour Mill

တို့၏ ၈-၂-၂၀၀၄ ရက်တွင် Panda Hotel(ပတ္တမြားခန်းမ)၌ ကျင်းပပြုလုပ်သော မင်္ဂလာဧည့်ခံပွဲအခမ်းအနားတွင် မင်္ဂလာလက်စွပ်ချီးမြှင့်ပေးသော ဦးကြူနှင့် ဇနီး ဒေါ်သန်းသန်းဌေး၊ မင်္ဂလာပွဲဖြစ်မြောက်ရေးအတွက် အဘက်ဘက်မှ ဝိုင်းဝန်းကူညီပံ့ပိုးပေးကြသော Panda Hotel မန်နေဂျာနှင့် ဝန်ထမ်းများ၊ မင်္ဂလာဧည့်ခံပွဲသို့ ကြွရောက်ချီးမြှင့်ပေးသော ဂုဏ်သရေရှိ လူကြီးမင်းများနှင့် ဆွေမျိုးမိတ်သင်္ဂဟများအား လှိုက်လှဲစွာကျေးဇူးတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
မောင်နိုင်လင်း-မသန္တာ။

မင်္ဂလာဆုတောင်း

Dr. မင်းကြည် M.B.B.S (Rgn).Ph.D

နှင့်

ကွာရော့မြင့် (ခ) အဲလက် B.Sc

တို့၏ ၃၁-၁-၂၀၀၄ရက်တွင် ပြုလုပ်သော မင်္ဂလာရက်မြတ်မှသည် ရွှေရတု၊ စိန်ရတုတိုင်အောင် ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာစွာဖြင့် ပြီးပြည့်စုံသော ဘဝကို ဆက်လက်လျှောက်လှမ်းနိုင်ပါစေလို့ ဆုမွန်ကောင်း တောင်းအပ်ပါသည်။

ကြန့်တီတ်အသင်းသားများ
ဘိုကလေးမြို့

အမည်ဖြည့်စွက်

ဒေါ်ကျော့ကေသာစိုးစံ ၁၂/ရကန(နိုင်)၀၂၆၁၈၉အား ဒေါ်ကျော့ကေသာစိုးစံ(ခ) ဒေါ်ခင်ခင်မြင့်ဟု ဖြည့်စွက်ခေါ်ဆိုပါရန်။

အကြောင်းပြရန်ပေးသည့်အကြောင်းကြားစာ

ရန်ကုန်အရှေ့ပိုင်းခရိုင်တရားမရုံး၌

၂၀၀၃ ခုနှစ်၊ တရားမအထွေထွေမှုအမှတ် ၁၂၅

ဒေါ်စန်း(ခ)ဒေါ်စန်းမြင့် **နှင့်** ၁။ ဦးအုံးကျော်
၂။ ဦးဝင်းမောင်
၃။ ဒေါ်မြင့်မြင့်စိန်

လျှောက်သူ **အလျှောက်ခံရသူများ**

ယခင်တာမွေမြို့နယ်၊မလွကုန်း ကျောက်မြောင်း အမှတ်(၇၇)နေ ဦးဝင်းမောင်၊ ဒေါ်မြင့်မြင့်စိန် (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

အထက်အမည်ပါလျှောက်ထားသူ ဒေါ်စန်း(ခ)ဒေါ်စန်းမြင့်က ဤရုံးသို့ တရားမကျင့်ထုံးအမိန့် ၂၁၊ နည်း ၁၀၀(၁)အရ လက်လွတ်ဆုံးရှုံးခဲ့ရသော တိုက်ခန်းအား လက်ရောက်ပေးအပ်စေရန် လျှောက်ထားသည့်အကြောင်းနှင့် လျှောက်ထားသည်ဖြစ်၍ သင်ကဤအလွှာအတိုင်း အမိန့်မချသင့်ကြောင်းနှင့် အကြောင်းပြရန် ၂၀၀၄ခုနှစ် ဖေဖော်ဝါရီလ၂၀ရက်(၁၃၆၅ခုနှစ် တပေါင်းလဆန်း၁ ရက်)နေ့ မွန်းမတည့်မီ ၁၀နာရီအချိန်တွင် သင်ကိုယ်တိုင်ဖြစ်စေ၊ နေရာတကျ ကြားပြောပြီး သင့်ရှေ့နေဖြစ်စေ ဤရုံးသို့လာရောက်ရမည်။ မလာမရောက်ရှိခဲ့လျှင် အဆိုပါလျှောက်ချက်ကို သင့်ကွယ်ရာတွင် တစ်ဖက်သတ်မှုပြုလုပ်၍ ကြားနာစစ်ဆေးဆုံးဖြတ်လိမ့်မည်။

၂၀၀၄ ခုနှစ် ဖေဖော်ဝါရီလ ၃ ရက်နေ့ ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

ဒေါ်ခင်နှင်းဦး(တ/၁၆၀၆)
ဒုတိယခရိုင်တရားသူကြီး(၂)
အရှေ့ပိုင်းခရိုင်တရားရုံး

နှစ်(၄၀)ပြောက် မင်္ဂလာဆုတောင်း

ချစ်သောဖေဖေ ဦးညွန့်ဝင်း (ခြောက်ထပ်ဆင့် အကယ်ဒမီ)နှင့် ချစ်သောမေမေ ဒေါ်ခင်မကြီး (ခ) ဒေါ်မော်လီတို့၏ ၈-၂-၂၀၀၄ ရက်နေ့တွင် ကျရောက်သော မင်္ဂလာရက်မြတ်မှသည် နောင်နှစ်ပေါင်းများစွာတိုင် စိတ္တသုခ၊ ကာယသုခနှစ်ဖြာ ပြည့်စုံစွာဖြင့် ဘဝခရီးလမ်းကို ပျော်ရွှင်စွာ လျှောက်လှမ်းနိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းလျက်–

သား – ဝင်းမော်

သမီးများ – ရွှေယဉ်ဝင်း– ဟန်ဝင်းအောင်၊ ရွှေစင်ဝင်း–သန့်စင်သင်း ရွှေသီဂီဝင်းနှင့်ချစ်သောမြေးများ

မွေးနေ့မင်္ဂလာဆုမြတ်မွန်

၉-၂-၂၀၀၄ ရက်တွင် ကျရောက်သော ဇနီးမိစု၏ မွေးနေ့မင်္ဂလာ နှစ်ပတ်လည်မှသည် နောင်နှစ်ပေါင်းများစွာတိုင်အောင် ချစ်သောမိသားစုနှင့်အတူ ကျန်းမာ၊ ပျော်ရွှင်ချမ်းမြေ့သော ဘဝခရီးကို လျှောက်လှမ်းနိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းလျက်။

ခင်ပွန်း

ချစ်သားသမီးများ–အိနှင်း၊ ဇေယျာ၊ ဝင့်ဝင့်ကြွယ်။

FAME

NEURogin®

GMP & ISO 9001:2000

■ NEUROGIN ဆေးတစ်တောင့်လျှင် Ginkgo biloba standard leaf extract (EGb 761) 60 mg ပါဝင်သဖြင့် တစ်နေ့လျှင် ဆေးတောင့်နှစ်တောင့်သာ သောက်ရန်လိုပါသည်။

FAME Pharmaceuticals မှထုတ်လုပ်ဖြန့်ချိသည်။

(Germany) (France) (Switzerland) (China) (Myanmar)

holiday in paradise

Sunny Paradise Resort
ngwe saung beach



now open !

TMW Enterprise Ltd.

Yangon office: No.90 (A/B), Kabar Aye Pagoda Road, Bahan Township.
Tel.: 546002-7, Fax: 546001/9
email: tmwlwynn@mptmail.net.mm

Ngwe Saung : Tel./Fax: 581100-03 ex. 227-9
Direct Line: 4481095

သန့်ရှင်းတဲ့ ကမ်းခြေ၊ အဆင့်မြင့်မြင့် နေထိုင်မှု၊ အကောင်းဆုံးဝန်ဆောင်မှု၊ အရသာရှိတဲ့ ပင်လယ်စာနဲ့ သင့်တင့်တတ်နိုင်တဲ့ဈေးနှုန်း

ရပ်ကွက်ရေရရှိရေးကော်မတီ
(ချိပ်ပိတ်ဈေးနှုန်းလွှာတင်သွင်းရန်)

သုဝဏ္ဏ၂၉ နှင့် ၃၀ ရပ်ကွက်တို့တွင် စည်ပင် ရေသန့်သွယ်ရန်အတွက် ဈေးနှုန်းတင်သွင်းလွှာကို ၁၄-၂-၂၀၀၄ ရက် နောက်ဆုံးထား၍ အမှတ်(၁၁၅) နှင်းဆီဖြူလမ်း ၃၀ ရပ်ကွက် သုဝဏ္ဏသို့ ချိပ်ပိတ်ဆက်သွယ်တင်သွင်းပါရန်နှင့် အသေးစိတ် သိလိုသော အချက်များရှိပါက ဖုန်း–၅၆၁၉၁၆၊ ၅၆၀၉၄၄ သို့ ဆက်သွယ်မေးမြန်း နိုင်ပါသည်။





အမှတ်(၁)စက်မှုဝန်ကြီးဌာန

မြန်မာ့အထွေထွေနှင့်ပြုပြင်ထိန်းသိမ်းရေးစက်မှုလုပ်ငန်း

မှ

ဖောင်မြန်မာအပ်ချုပ်စက်များကို မြန်မာပြည်အနှံ့ ဖြန့်ဖြူးရောင်းချပေးနေပါပြီ

(၁) မြန်မာပြည်တွင် နှစ်ပေါင်းများစွာကျော်ကြားသည့် Singer အပ်ချုပ်စက်နည်းပညာနှင့် ဒီဇိုင်းအတိုင်း အရည်အသွေးမီ ထုတ်လုပ်ထားပါသည်။

(၂) ခေါ်တာဖြင့် တွဲစက်အသုံးပြုနိုင်၍ ပေါ်ပါ်လွှက်လက်စွာ ချုပ်နိုင်ပါသည်။

(၃) မြန်မာဆန်သော ပန်းဒီဇိုင်းများဖြင့် အလှဆင်ထားပါသည်။

(၄) ဈေးနှုန်းချိုသာပြီး လူတန်းစားမရွေး အသုံးပြုနိုင်ပါသည်။

အသေးစိတ်ဆက်သွယ်စုံစမ်းဝယ်ယူနိုင်သောနေရာများ

* ဝင်းသုစာအရောင်းဆိုင်များ
* ရုံးချုပ် ဖုန်း - ၀၁-၅၆၀၈၈၇၊ ၀၁-၅၆၈၀၅၉၊ ၀၁-၂၉၀၀၂၈
* အပ်ချုပ်စက် စက်ရုံ (ကျောက်ဆည်) ဖုန်း - ၀၆၆-၅၀၅၃၃

အမည်ပြောင်း

စောမန်းဒေး၏ သမီးဖြစ်သူ အထက(၂) မြိတ် အဋ္ဌမတန်း(င)မှ နော်ကလီယာဝင်းအား နော်အိကလျာဝင်း ဟု ပြောင်းလဲခေါ်ပါရန်။

နော်အိကလျာဝင်း

မွေးသက္ကရာဇ်မှန်

လှိုင်မြို့နယ်(၁၆)ရပ်ကွက် အလက(၆) အဋ္ဌမတန်း(A)မှ ကျောင်းသူ မချိုမေမီဇင်၏ မွေးသက္ကရာဇ်အမှန်မှာ ၁၃-၅-၁၉၉၁ ဖြစ်ပါသည်။

အမြန်အလိုရှိသည်
(ပြည်တွင်းဌာနခန့်ထားရန်)

၁။ Sales and Marketing ကျား/မ (၁)ဦး

၂။ On Call Guide ကျား/မ(၈)ဦး

၃။ လက်ထောက်စာရင်းကိုင် မ(၁)ဦး

၄။ ဆံပင်ညှပ်၊ လျှော်၊ ကောက်၊ မျက်နှာသစ် မိတ်ကပ်၊ ဆံထုံး ကျွမ်းကျင်သူ မ (၂)ဦး

၁။ English စာ အရေး၊ အပြော ကျွမ်းကျင်ပြီး ခရီးသွားလုပ်ငန်း နားလည်တတ်ကျွမ်း၍ Commission Basic ဖြင့် အကျိုးတူပူးပေါင်းလိုသူ မည်သူမဆို လက်ခံစဉ်းစားမည်။

၃။ စာရင်းအင်းနှင့် ကွန်ပျူတာ ကျွမ်းကျင်သူ ကြော်ငြာပါသည့်နေ့မှစ၍ အလုပ်သမားမှတ်ပုံတင်မိတ္တူနှင့် အတူ တစ်ပတ်အတွင်း လျှောက်ထားပါရန်။

ဆက်သွယ်ရန်– တိုက် ၁၂(က)၊ပထမထပ် အနော်ရထာအိမ်ရာ၊ ပြည်လမ်း၊ လှည်းတန်း မီးပွိုင့်အနီး၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။

ချိပ်ပိတ်တင်ဒါခေါ်ယူခြင်း

၁။ အမှတ်(၁)စက်မှုဝန်ကြီးဌာန၊ မြန်မာ့စက္ကူနှင့်ဓာတုဗေဒလုပ်ငန်း ကြီးကြပ်မှုအောက်ရှိ တစ်နေ့တန်(၂၀၀)ပျော့ဖတ်စက်ရုံစီမံကိန်း(သာပေါင်း)အတွက် အောက်ပါပစ္စည်းများအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုကြောင်း ကြော်ငြာအပ်ပါသည်။

စဉ်	အကြောင်းအရာ	အရေအတွက်
၁။	BULL Dozer	1 Unit
၂။	Shovel Loader	2 Units
၃။	Dump Truck	3 Units

၂။ တင်ဒါပိတ်မည့်ရက်၊ အချိန် ၁၈-၂-၂၀၀၄ ရက်၊ မွန်းတည့် ၁၂:၀၀ နာရီ

၃။ သိရှိလိုသည့်အချက်များရှိပါက ရောင်းဝယ်ရေးဌာန ဖုန်း–၅၄၃၃၆၅ သို့ ဆက်သွယ်နိုင်ပါသည်။

မြန်မာ့စက္ကူနှင့်ဓာတုဗေဒလုပ်ငန်း

နိုင်ငံတကာသတင်းဂျာနယ်

သတင်းဆောင်းပါးများဝေဝေဆာဆာပါရှိ

သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းမှ အပတ်စဉ် (တနင်္လာနေ့)တိုင်း ထုတ်ဝေလျက်ရှိသော နိုင်ငံတကာသတင်းဂျာနယ် အမှတ် (၄၃၇)ကို ဖြန့်ချိလိုက်ပြီဖြစ်သည်။

"မီဒီယာခေတ်မကျန်ရစ်ဖို့"ဟူသော ဂျာနယ်ဦးတည်ချက်ဖြင့် နိုင်ငံတကာသတင်းများကို ဦးဦးဖျားဖျား ထူးထူးခြားခြား အချိန်နှင့်တစ်ပြေးညီ တင်ဆက်လျက်ရှိသည့် နိုင်ငံတကာသတင်းဂျာနယ်၏ ယခုအပတ်ထုတ်ဂျာနယ်တွင် နျူကလီးယားလျှို့ဝှက်ချက်များ ပေါက်ကြားမှု၊ နီပေါနိုင်ငံအကြောင်း သိမှတ်ဖွယ်ရာ၊ တစ်ပတ်အတွင်း သတင်းမှတ်စု၊ ကမ္ဘာ့နိုင်ငံပေါင်း ၄၀ခန့်အထိသို့ တင်ပို့ရောင်းချနေသည့် ကင်မ်ချီချဉ်ဖတ်သမိုင်းကြောင်း၊ နာကြည်းချက်ကို မျှော်လင့်ချက်ဖြင့် အစားထိုးမည့် ကတ်ရှ်မီးယား၊ နိုင်ငံတကာအဏုမြူစွမ်းအင်အေဂျင်စီအကြီးအကဲ၏ သုံးသပ်ဖြေကြားချက်များ၊ အာရှမှာဖျိုးဟစ်စရာ ကြက်ငှက်တုပ်ကွေးရောဂါ၊ နှစ်၅၀ကြာပြီးမှ နေအိမ်ပြန်ရောက်လာသည့် စစ်သုံ့ပန်းတစ်ဦး၏ ရင်နင့်ဖွယ်ဇာတ်လမ်း၊ နိုင်ငံတကာဟာသ၊ ပြည်သူ့ကာကွယ်ရေးအဖွဲ့များအကြောင်းသုတ၊ ကမ္ဘာ့တပ်မတော်တို့၏ ဝိသေသလက္ခဏာများ၊ ပေါလ်ဘရီမာ၏ဒုက္ခ၊ တိုနီဘလဲ၏ပြဿနာ၊ ဦးခေါင်းနှစ်လုံးပါကလေး စသည့်သတင်းများနှင့် ဆောင်းပါးများကို ဝေဝေဆာဆာဖော်ပြပါရှိသည်။

ဘုရား၊ရဟန်း၊ သိမ်၊ ကျောင်းဒါယကာကြီး
ဖျာပုံ ဦးစိုးမြင့်
အသက်(၈၆)နှစ်

ဖျာပုံမြို့နေ(ဦးထွန်း-ဒေါ်ပန်းအိ)တို့၏သားကြီး၊(ဦးမောင်ကြီး-ဒေါ်သိန်း)တို့၏သားသမက်၊ ရန်ကုန်မြို့၊ အမှတ် ၁၁၇၊တက္ကသိုလ်ရိပ်သာလမ်း၊ ကမာရွတ်မြို့နယ်နေ (ဒေါ်မြမြကြီး)၏ခင်ပွန်း၊ (ဦးသိန်းလွင်)-ဒေါ်သီတာမြင့်၊ ပါမောက္ခ ဒုတိယဗိုလ်မှူးကြီးဥာဏ်ထိန်လင်း(အမှတ်-၂၊တပ်မတော်ဆေးရုံ)- ဒေါက်တာ စန္ဒာမြင့်၊ ကပ္ပတိန်မော်ဦးမြင့် (Lizstar Company)-ဒေါ်မိုမိုအောင်၊ ဦးကျော်ဦးမြင့်၊ ဦးမြင့်သိန်းထွန်း၊ ဒေါ်မာလာမြင့်တို့၏ဖခင်၊ ဇင်နွယ်လင်း (M.Sc, Oxford)၊ သဥ္ဇာသိန်းလွင် (Final Part II, IM.I)၊ ဝေမာလင်း (3rd M.B. IM.I)၊ မေသူမြင့်(Final Yr. English)၊ မြင့်သူထွန်း (2nd M.B. IMM)၊ မိုးဆက်မြင့်၊ စိုပြေထွန်းတို့၏ဘိုးဘိုးကြီးသည် ၈-၂-၂၀၀၄ ရက် (တနင်္ဂနွေနေ့) နံနက် ၈:၁၀ နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၂-၂-၂၀၀၄ရက် မွန်းလွဲ ၂ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊သိမ်၊ကျောင်းဒါယကာကြီး
ဦးအုန်းကြည်
ချမ်းမြေ့အောင်သစ်သီးရောင်းဝယ်ရေးပွဲရုံ (သီရိမင်္ဂလာဈေး)
အသက်(၈၃)နှစ်

မော်လမြိုင်မြို့နေ (ဦးစံလွင်-ဒေါ်သန်းတင်) တို့၏သား၊ (ဒေါ်မေရီ)၏ခင်ပွန်း၊ ဦးကျော်တိုး-ဒေါ်ကျင်ဌေး၊ ဒေါ်သန်းဝေ၊ ဦးစိုးလွင်-ဒေါ်ညွန့်ဝေတို့၏ဖခင်၊ မောင်မျိုးဝင့်စိုး၊ မအိထက်မွန်၊ မောင်ဇော်မျိုးထွန်း၊ မနန္ဒာအေး၊ မသီရိလှိုင်တို့၏အဘိုးသည် ၇-၂-၂၀၀၄ ရက် နံနက် ၆:၄၅ နာရီတွင် တိုက်ကြီးမြို့ သီဟိုဠ်သရက်ခြံနေအိမ်တွင် ကွယ်လွန်သွားပါသဖြင့် ၉-၂-၂၀၀၄ ရက် မွန်းလွဲ ၁ နာရီတွင် ၎င်းနေအိမ်မှ တိုက်ကြီးမြို့ သုသာန်သို့ ပို့ဆောင်သဂြိုဟ်မည် ဖြစ်ပါကြောင်း။ ကျန်ရစ်သူမိသားစု။

ဘဝနတ်ထံပျံလွန်တော်မူခြင်း
နိုင်ငံတော်သြဝါဒါစရိယ
ဘဒ္ဒန္တ ရာဇိန္ဒ(အဂ္ဂမဟာပဏ္ဍိတ)
(ထားဝယ်)
သက်တော်(၉၃)နှစ်၊ ဝါတော်(၇၃)ဝါ

ယခင်သာသနာ့ဝိပုလာရာမ မန္တလေးအနောက်တိုက်၏ ဂဏ္ဍဝါစက၊ ယခုတနင်္သာရီတိုင်း ထားဝယ်မြို့ ပိန္နဲတောရပ် ရွှေဘုန်းပွင့်ကျောင်း ပဓာနနာယက ဆရာတော် ဘဒ္ဒန္တ ရာဇိန္ဒ(အဂ္ဂမဟာပဏ္ဍိတ)သည် (၁၃၆၅ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၂ရက်)၇-၂-၂၀၀၄ရက်(စနေနေ့) ညနေ၄:၂၀နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူပြီးဖြစ်ပါ၍ ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်တော်မြတ်ကို (၁၃၆၅ခုနှစ်၊ တပို့တွဲလပြည့်ကျော်၁၂ရက်) ၁၇-၂-၂၀၀၄ရက်(အင်္ဂါနေ့)တွင် အန္တိမအဂ္ဂိစျာပနပူဇာသဘင် ဆင်ယင်ကျင်းပမည်ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။

စျာပနကျင်းပရေးကော်မတီနှင့် တပည့်ဒါယကာ၊ ဒါယိကာမများ။

ဘဝနတ်ထံပျံလွန်တော်မူခြင်း
ဘဒ္ဒန္တဝိမလ
သက်တော်(၈၂)နှစ်၊ သိက္ခာတော်(၃၁)ဝါ

ပဲခူးတိုင်း၊ ဝေါမြို့နယ်၊ အဗျားဘိုတဲရွာ၊ ဘုရားလေးကမ္မဋ္ဌာန်းကျောင်းတိုက်တွင် သီတင်းသုံးတော်မူသော ကျေးဇူးတော်ရှင် ဘဒ္ဒန္တဝိမလ ဆရာတော်ကြီးသည် (၁၃၆၅ ခုနှစ် တပို့တွဲလဆန်း ၁၂ ရက်) ၂-၂-၂၀၀၄ ရက် (တနင်္လာနေ့) ည ၇:၄၀ နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ကြွင်းကျန်ရစ်သော ဆရာတော်၏ ဥတုဇရုပ်ကလာပ်တော်အား (တပို့တွဲလပြည့်ကျော် ၅ ရက်) ၁၀-၂-၂၀၀၄ ရက်(အင်္ဂါနေ့) မွန်းလွဲ ၁ နာရီတွင် အန္တိမအဂ္ဂိစျာပန သာဓုကီဠနသဘင် ဆင်ယင်ကျင်းပ ကန်တော့ကြမည်ဖြစ်ပါ၍ အဗျားဘိုတဲဘုရားလေး ကမ္မဋ္ဌာန်းကျောင်းသို့ ကြွရောက်ပါရန် ရပ်ဝေးရပ်နီးမှ တပည့်ဒါယကာ ဒါယိကာမအပေါင်း သူတော်ကောင်းတို့အား ဖိတ်ကြားအပ်ပါသည်။

တပည့်ဒါယကာ-ဒါယိကာမများနှင့် အကျိုးတော်ဆောင်အဖွဲ့။

ဝမ်းနည်းကြေကွဲခြင်း
ဦးစောလွင် (စစ်တွေ)
B.Sc(Engg)Civil;M.S.C.E(Mich)
ဒုတိယအင်ဂျင်နီယာချုပ်(ရေအားလျှပ်စစ်)(ငြိမ်း)
အကြံပေးအရာရှိ(ငြိမ်း)
အသက်(၇၂)နှစ်

ဒုတိယအင်ဂျင်နီယာချုပ်(ရေအားလျှပ်စစ်၊ငြိမ်း)၊ အကြံပေးအရာရှိ(ငြိမ်း) ဦးစောလွင် အသက်(၇၂)နှစ်သည် ၈-၂-၂၀၀၄ ရက်တွင် ကွယ်လွန်ကြောင်း သိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

ညွှန်ကြားရေးမှူးချုပ်နှင့် ဝန်ထမ်းများ၊ရေအားလျှပ်စစ်ဦးစီးဌာန။

ဗိုလ်ကြီးအုံးရွှေ(အငြိမ်းစား)
လွတ်လပ်ရေးမော်ကွန်းဝင်
(မအူပင်)
အသက်(၇၃)နှစ်

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ (၁၅)ရပ်ကွက်၊ အဝေရာလမ်း၊ အမှတ်၁၄နေ ဦးသာဗျော-ဒေါ်စောညွန့်တို့၏သား၊ ဦးလှရင်-ဒေါ်စိန်မေတို့၏သားသမက်၊ ဒေါ်မြမြ၏ခင်ပွန်း၊ ဒေါ်စန်းစန်းဦး၊ ဒေါ်ခင်အေးမော်၊ ဦးကျော်ကျော်ညွန့်-ဒေါ်တင်တင်အေး၊ ဦးခင်မောင်ညွန့်-ဒေါ်ခင်လေးမြင့်၊ ဒေါ်ဌေးဌေးကြွယ်၊ မောင်အောင်မျိုး၊ မောင်သိန်းဇော်၊ မောင်ထိန်လင်းတို့၏ဖခင်၊ ဗိုလ်ကြီးဉာဏ်သိန်းဦး(ရမခ)၊ မောင်ငြိမ်းချမ်းဇော်၊ မဝင်းနီလာကျော် (အထက-၃၊ ဗဟန်း)၊ မောင်သန်းအေး(အလက-၂၊ ဗဟန်း)၊မောင်အောင်မြတ်ကို (အထက-၂၊တ/ဥက္ကလာ)တို့၏ အဘိုးသည် ၈-၂-၂၀၀၄ရက် မွန်းလွဲ၂:၁၅နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၀-၂-၂၀၀၄ရက် နံနက်၁၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၀နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဒေါ်ခင်ရှိန် (အိုင်သပြု)
M.E.P.E (ရုံးချုပ်)
အသက်(၅၈)နှစ်

ရန်ကုန်တိုင်း ကွမ်းခြံကုန်းမြို့နယ် ဝန်ထမ်းကွက်သစ်နေ ဦးထွန်းမြိုင် (မြို့/ယာ-ငြိမ်း)၏ ဇနီး၊ ရန်ကုန်မြို့နေ (ဒေါ်တင်ကြည်)၊ ဦးညွန့်လှိုင်-ဒေါ်သန်းမြင့်၊ ဦးအောင်ခင် (တိုင်း/ယာ-ငြိမ်း)-ဒေါ်ခင်ဌေးမာ (အထပြ-ငြိမ်း)တို့၏ ညီမထွေး၊ မောင်တင့်ဆန်း(အင်/ယာ OLP Co., Ltd.)-မခင်မာစီ (MEPE အလုံစက်ရုံ)၊ မောင်သန်းနိုင်ဦး-မအေးအေးလွင်(အမက၊တော်ပုလွဲ)၊ မောင်သန့်ဇင် (MEPE တိုင်းစတို)-မဝါဝါလွင်တို့၏ မိခင်၊ မောင်ရဲသူဇင်၊ မောင်အောင်သူဇင်၊ မောင်ဆန်းညီညီအောင်၊ မအိမြတ်မွန်၊ မောင်မြတ်သူဇင်၊ မမီးငယ်တို့၏ ဘွားဘွားကြီး၊ တူ တူမ ၁၈ ယောက်တို့၏ ကြီးဒေါ်ဖြစ်သူ ဒေါ်ခင်ရှိန်သည် ၇-၂-၂၀၀၄ ရက် ည ၈ နာရီတွင် ကွမ်းခြံကုန်းမြို့နယ် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၉-၂-၂၀၀၄ ရက် မွန်းလွဲ ၂ နာရီတွင် ကွမ်းခြံကုန်းသုသာန်သို့ ပို့ဆောင်သဂြိုဟ်မည်ဖြစ်ပါကြောင်း။ ကျန်ရစ်သူမိသားစု။

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
ဖျာပုံ ဦးစိုးမြင့်
အသက်(၈၆)နှစ်

ဖျာပုံမြို့(ဦးထွန်း-ဒေါ်ပန်းအိ)တို့၏ သားကြီး၊ ရန်ကုန်မြို့၊ အမှတ် ၁၁၇၊ တက္ကသိုလ်ရိပ်သာလမ်း၊ ကမာရွတ်မြို့နယ်နေ (ဒေါ်မြမြကြီး)၏ ခင်ပွန်း၊ (ဦးမောင်မောင်ကျော်ဝင်း-ဒေါ်စိန်သန်း) တို့၏မောင်၊ (ဦးဘရှမ်း-ဒေါ်ခင်ပြုံးထွန်း)၊ ဦးကျော်စိုး-(ဒေါ်ရီရီထွန်း)၊ ဦးလှအောင်၊ ဒေါ်မြမြထွန်း၊ ဒေါက်တာဦးလှသိန်း-(ဒေါ်လှလှထွန်း)၊ ဦးကျော်ရှိန်၊ ဒေါ်မြိုင်မြိုင်ထွန်း၊ ဦးတင်မောင်ထွန်း-ဒေါ်သီတာထွန်း၊ (ဒေါ်ရှင်မင်းထွန်း)၊ ဦးကျော်ဝင်း-ဒေါ်သောင်းသောင်း၊ ဦးမောင်မောင်လွင်-ဒေါ်ခင်အေးသန်းတို့၏အစ်ကိုကြီးသည် ၈-၂-၂၀၀၄ရက် နံနက် ၈:၁၀ နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၂-၂-၂၀၀၄ရက် မွန်းလွဲ ၂ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင်ထွက်ခွာပါမည်။)ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊
သိမ်၊ကျောင်းဒါယကာကြီး
ဦးအုန်းလှိုင်
(မော်လမြိုင်၊လှည်းကူး)
အသက် (၉၃)နှစ်

ရန်ကုန်တိုင်း၊ လှည်းကူးမြို့၊ ရွှေဘုံသာ လမ်းနေ (ဒေါ်အေးခင်)၊(ဦးဟိရား-ဒေါ်ရှုကြည်)တို့၏သား၊ (ဒေါ်သန်းမြ)၏ခင်ပွန်း၊ ဒေါ်အုန်းရင်၏ အစ်ကို၊ (ဒေါက်တာဦးလှထွန်း)-ဒေါ်သိန်းဌေး (အထက-၁၊လမ်းမတော်၊ငြိမ်း)၊ ဦးထွန်းရွှေ(R.I.T၊ငြိမ်း)-(ဒေါ်ရီရီလှ)တို့၏ ဖခင်၊ ဦးအေးကျော်-ဒေါ်တင်အုန်း (အလက၊မြို့မ)၊ ဦးအေးကြူ (ဥက္ကဋ္ဌ၊ ရပ်ကွက် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ၊ ဈေးကြီး)-ဒေါ်တင်တင်မြင့်၊ ဒေါ်လှလှရွှေ၊ ဦးသိန်းထွန်း-ဒေါ်အေးအေး၊ ဒေါ်ထားထားရီ၊ ဦးကျော်ဌေးတို့၏ဘဘ၊ ဒေါက်တာအောင်ကျော်မိုး၊ မနီလာထွန်းနှင့် မြေးခုနစ်ယောက်တို့၏အဘိုးသည် ၈-၂-၂၀၀၄ ရက်တွင် ကွယ်လွန်သွားပါ၍ ၁၀-၂-၂၀၀၄ရက် (အင်္ဂါနေ့) မွန်းလွဲ ၁ နာရီတွင် လှည်းကူးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု။

ရဟန်း၊သိမ်၊ကျောင်းဒါယကာကြီး
ဦးဖုးလင်(ခ)လျှူဖုးလင်
(ရွှေစားသောက်ဆိုင်) ဓနိကုန်း
အသက်(၈၂)နှစ်

ပဲခူးတိုင်း၊ ဓနိကုန်းမြို့၊ ရုံးလမ်းနေ ဒေါ်ကျင်မြ၏ခင်ပွန်း၊ ဦးကျော်ဝင်း-ဒေါ်ခင်သန်းဦး၊ ဦးကံညွန့်-ဒေါ်ခင်မြင့်၊ ဦးသန်းရွှေ-ဒေါ်မြမြဝင်း၊ ဦးအောင်မောင်း-ဒေါ်ချိုချိုဆွေ၊ ဦးသန်းလွင်၊ ဦးမြသန်း-လင်စုမေ၊ ဦးထင်ကျော်ထွန်း- ဒေါ်ကေသီထွေးတို့၏ဖခင်၊ မြေး ၁၀ ယောက်၊ မြစ်တစ်ယောက်တို့၏ အဘိုးသည် ၈-၂-၂၀၀၄ ရက် (တနင်္ဂနွေနေ့) နံနက် ၁၁:၁၅ နာရီတွင် တိုက်အမှတ် (၇၉၇)၊ အခန်း B-၃၀၄၊ ဝါးတန်းလမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၀-၂-၂၀၀၄ ရက် (အင်္ဂါနေ့) နံနက် ၁၁ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၉:၃၀နာရီတွင် ထွက်ခွာပါမည်။

ကွယ်လွန်သူအား ရည်စူး၍ ၁၄-၂-၂၀၀၄ ရက် နံနက် ၇ နာရီမှ ၁၀ နာရီထိ အထက်ပါနေအိမ်တွင်ရက်လည်ဆွမ်းကျွေးတရားနာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု။

ဦးစောလွင်(စစ်တွေ)
B.Sc°(Engg)°Civil; M.S.C.E(Mich:)
ဒုတိယအင်ဂျင်နီယာချုပ်
ရေအားလျှပ်စစ်(ငြိမ်း)
အကြံပေးအရာရှိ(ငြိမ်း)
အသက်(၇၂)နှစ်

ရန်ကုန်မြို့၊ အလုံမြို့နယ်၊ နှင်းဆီကုန်းလမ်း၊ အိမ်အမှတ်၆၃(A)နေ (ဦးဖျော-ဒေါ်အေးရှင်)တို့၏သား၊ ဦးလှရွှေ-ဒေါ်စန်းစန်းလွင်(ရှယ် လီ)တို့၏အစ်ကို၊ မောင်နေလင်းအောင်၏ ဘကြီးသည် ၈-၂-၂၀၀၄ရက်(တနင်္ဂနွေနေ့) နံနက် ၀၆:၂၀နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၂-၂-၂၀၀၄ ရက် (ကြာသပတေးနေ့)တွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည် ဖြစ်ပါကြောင်း။

(သဂြိုဟ်မည့်အချိန်အား ထပ်မံအကြောင်းကြားပါမည်။)

ကျန်ရစ်သူမိသားစု။

ဦးကျော်ရှိန်
အသက်(၆၂)နှစ်

(ဦးလှတင်-ဒေါ်အေးမေ)တို့၏သား၊ (ဦးလှမောင်-ဒေါ်အေးမြင့်) တို့၏ သားသမက်၊ ဒေါ်သန်းညွန့်၏မောင်၊ ဒေါ်ခင်ကြွေ (ကျောင်းအုပ်၊အမက-၂၅၊ မရမ်းကုန်း)၏ ခင်ပွန်း၊ ဦးဇော်မင်းရှိန်-ဒေါ်သင်းသင်းစိုး၊ ဦးညီလွင်စိုး-ဒေါ်ယဉ်ညိုရှိန်၊ ကိုအောင်မင်းထိုက်-မဥမ္မာရှိန်၊ ကိုစိုးလှိုင်ရှိန်(ခ)ထူးအယ်လင်း-နော်ခူမူးဖော် (ခ) မမီးမီးခဲ၊ ဒေါ်စန္ဒာဝင်းရှိန် (ထပြ၊နတ်စင်ကုန်းအထက)၊ ဒေါ်စန္ဒာလင်းရှိန် (ထပြ၊ နတ်စင်ကုန်း အထက)၊ မောင်အောင်ဖြိုးရှိန်၊ မောင်ဖြိုးကိုကိုရှိန်တို့၏ဖခင်၊ မြေးခြောက်ယောက် တို့၏ အဘိုးသည် ၇-၂-၂၀၀၄ရက် (စနေနေ့) တွင် ကွယ်လွန်သွားပါ၍ ၉-၂-၂၀၀၄ ရက် (တနင်္လာနေ့) နံနက် ၁၀ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှ ကားများ နံနက် ၉ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

ဦးဝင်းစိန် (သရက်)
ဒု-စက်ရုံမှူး (ငြိမ်း)၊
သံမဏိစက်ရုံ၊ ရွာမ
အသက်(၇၁)နှစ်

ရန်ကုန်တိုင်း၊ အင်းစိန်မြို့နယ်၊ အမှတ် ၉၁၊သီရိမင်္ဂလာလမ်းသွယ် ၈နေ (ဦးအေး၊ သဟာယ)-ဒေါ်သိန်းတို့၏ သား၊ (ဦးအုန်းရွှေ၊ တရားရုံးချုပ်ရှေ့နေ-ဒေါ်သန်းတင်)တို့၏သားသမက်၊ ဒေါ်ရီရီအုန်း၏ခင်ပွန်း၊ ဒေါ်အေးအေးမြင့် (JAT၊ အမက-၂၊ အင်းစိန်)-ဦးဝင်းသိန်း၊ ဒေါ်လဲ့လဲ့ဝင်း(ကထိက ဓါဝနည်းပညာမဟာဌာန)-ဦးအေးမြင့်၊ ဒေါ်တင်မိုးဝင်း(လ/ထကထိက၊ သတ္တဗေဒဌာန၊ ရန်ကုန်တက္ကသိုလ်)၊ (ဒေါက်တာမောင်မောင်စိုး)၊ ဒေါ်နုနုလွင် M.Sc (Computer Science)-ဦးသန်းဝင်း (2/E Maersk Line)၊ ဦးကျော်ကျော်ဝင်း (E/E, East Wind)တို့၏ဖခင်၊ မနန်းငြိမ်းလှ(IV-H, TTC)၊ မောင်မြတ်ထက်ကျော်တို့၏ အဘိုးသည် ၈-၂-၂၀၀၄ ရက် (တနင်္ဂနွေနေ့) နံနက် ၇:၂၀ နာရီတွင် အာရှတော်ဝင်ဆေးခန်း၌ ကွယ်လွန်သွားပါ၍ ၁၀-၂-၂၀၀၄ ရက် (အင်္ဂါနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများမွန်းလွဲ ၁ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

ဦးတင်ဝင်း
ချမ်းမြေ့မော်တယ်(ကလောမြို့)
အသက်(၇၈)နှစ်

ကလောမြို့၊ အမှတ်(၅)ရပ်ကွက်၊ သီရိမင်္ဂလာလမ်းနေ (ဦးရှမ်းစင်-ဒေါ်တင်)တို့၏သား၊ (ဒေါ်မမကြီး)၏ခင်ပွန်း၊ ဦးအေးသိန်း-ဒေါ်ညွန့်ညွန့်ဝင်း၊ (ဦးကျော်ဝင်း) - ဒေါ်မြင့်မြင့်ဝင်း၊ (ဦးဒေါလ်ကလပ်)-ဒေါ်မိမိဝင်း၊ ဦးရဲကျော်-ဒေါ်မျိုးမျိုးဝင်း၊ ဒေါ်သန်းသန်းဝင်း၊ ဦးဆန်နီ-ဒေါ်ဥမ္မာအေး၊ ဒုတိယဗိုလ်မှူးကြီးကျော်သက်ထွန်း-ဒေါ်ကေသီဝင်း၊ဦးစိုးမင်း-ဒေါ်ခင်လေးမူတို့၏ဖခင်၊ မြေး ၁၇ ယောက်၊ မြစ်ရှစ် ယောက်တို့၏ အဘိုးသည် ၈-၂-၂၀၀၄ရက် (တနင်္ဂနွေနေ့) နံနက်၃:၁၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၀-၂-၂၀၀၄ရက်(အင်္ဂါနေ့) မွန်းလွဲ၂နာရီတွင် ကလောမြို့ သုသာန်သို့ ပို့ဆောင်ဂူသွင်း သဂြိုဟ်မည်ဖြစ်ပါကြောင်း။ ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊သိမ်၊ကျောင်း၊ဒါယကာကြီး
(ရှင်ဥပဂုတ္တစံကျောင်းတော်နာယက)
ဦးလှတင်
အသက်(၈၁)နှစ်

ကျိုက်လတ်မြို့(ဦးဘိုးထီ-ဒေါ်ငယ်)တို့၏သား၊ရန်ကုန်တိုင်း၊တောင်ဥက္ကလာပမြို့နယ်၊ (၁၃)ရပ်ကွက်၊ ဂုလမ်း၊ အမှတ် ၇၈၁နေ ဒေါ်စော၏ခင်ပွန်း၊ ဦးညွန့်သောင်း(ဈေးဝတီတိုင်း၊ ပုသိမ်မြို့နယ်၊ ငပုတောကျေးရွာ၊ စခန်းမှူး)-ဒေါ်သိန်းရှင်တို့၏ဖခင်၊ ဝင်းပပမိုး၊ ဝင်းလှလှမိုး၊ ဝင်းမြမြမိုးတို့၏ အဘိုးသည်၈-၂-၂၀၀၄ရက်(တနင်္ဂနွေနေ့) နံနက်၁၀:၄၅နာရီတွင် ကွယ်လွန်သွားပါ၍ ၁၀-၂-၂၀၀၄ရက် ညနေ ၃နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ မွန်းလွဲ၂:၃၀နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဦးချိုထွန်း
B.A(History)
စိန်ဂျွန်းကျောင်းသားဟောင်း
(ကျိုက်လတ်)
အသက်(၄၁)နှစ်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ပဒုမ္မာလမ်း၊ အမှတ် ၁၅၊ (ငါးလွှာ)နေ [ဦးမြသိန်း(မော်ကွန်းဝင် တတိယဆင့်)-ဒေါ်ကျင်]တို့၏သားငယ်၊ ဦးစန်းမြင့်-ဒေါ်သန်းသန်းဝင်းတို့၏ညီ၊မောင်အောင်မျိုးမြင့်-မသန်းသန်းဦး၊ မအေးအေးသော် (တတိယနှစ်၊ စီးပွားရေး)၊ မခင်ချိုဇင် (X-G၊ အထက-၂၊ စမ်းချောင်း) တို့၏ ဦးလေးသည် ၇-၂-၂၀၀၄ ရက် (စနေနေ့) နံနက် ၃:၃၅ နာရီတွင် အာရှတော်ဝင်အထူးကုဆေးခန်း၌ ကွယ်လွန်သွားပါ၍ ၉-၂-၂၀၀၄ ရက် (တနင်္လာနေ့) မွန်းလွဲ ၂ နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (အထက်ပါ နေအိမ်မှကားများ မွန်းလွဲ ၁၂:၃၀ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

ဦးသိန်းနု
B.A(Law)LLB
ဥပဒေအရာရှိအဆင့်(၁)(ငြိမ်း)
တရားရုံးချုပ်ရှေ့နေ
အသက်(၅၈)နှစ်

ရန်ကုန်မြို့၊ဗဟန်းမြို့နယ်၊ကိုယ့်မင်းကိုယ့်ချင်းရပ်ကွက်၊ ရွှေဂုံရိပ်မွန်အိမ်ရာ၊ တိုက်အမှတ် ၉၊ အခန်း ၃၆ နေ (ဦးကောင်းစံဦး) (ဒေါ်မြသံဒါ) တို့၏ သားကြီး၊ ဦးရွှေစောဖြူ- ဒေါ်ကျော့စိန်တို့၏ သားသမက်၊ ဦးဘသိန်း၏ (မြန်မာ့သစ်လုပ်ငန်း)၊ ဦးသိန်းထွန်းအောင် (Chief Officer)-ဒေါ်လှမေတို့၏အစ်ကိုကြီး၊ ဒေါ်သိန်းနွဲ့ (တရားရုံးချုပ်ရှေ့နေ)၏ ခင်ပွန်း၊ ဒေါ်ဝေနုစံ (နည်းပြ၊ကိုရီးယားဘာသာဌာန၊မန္တလေးနိုင်ငံခြားဘာသာတက္ကသိုလ်)၊ မောင်ထွန်းမင်း [2nd Year Law(UDE)] တို့၏ဖခင်သည် ၇-၂-၂၀၀၄ ရက် မွန်းလွဲ ၁၂:၁၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၉-၂-၂၀၀၄ ရက် ညနေ ၄ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည် ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ ညနေ ၃ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

ဦးအုန်းကျော်
ကမ္ဘာအေးဘုရားလေးဂေါပကအဖွဲ့နှင့် ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင်-၁၊
ရွှေနံ့သာရပ်ကွက်၊
ရောင်းဝယ်ရေးသမဥက္ကဋ္ဌ
ရွှေနံ့သာရပ်ကွက် ဗဟန်းမြို့နယ်
အသက်(၅၇)နှစ်

ကမ္ဘာအေးနေ (ဦးမောင်တင်)-ဒေါ်တင်လှိုင်တို့၏သား၊ ဗဟန်းမြို့နယ်၊ ရွှေနံ့သာရပ်ကွက်၊ အုတ်လမ်း၊ အမှတ် ၅၁နေ ဒေါ်ခင်မှီ၏ ခင်ပွန်း၊ မိုးကုတ်မြို့နေ ဦးလှရွှေ-(ဒေါ်ဌေး) တို့၏ညီ၊ ဒေါ်မြမေ၏အစ်ကို၊ ဦးမြဟန်-ဒေါ်ခင်အုန်းကြည်တို့၏ဖခင်၊ မကြည်ကြည်ဟန်၊ မောင်သက်ဦးဟန်၊ မောင်ညီညီဟန်တို့၏ အဘိုးသည် ၈-၂-၂၀၀၄ရက် နံနက် ၂:၃၀ နာရီတွင် ရွှေဂုံတိုင် အထူးကုဆေးခန်း၌ ကွယ်လွန်သွားပါသဖြင့် ၁၀-၂-၂၀၀၄ရက် မွန်းလွဲ ၁ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည် ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းတည့်၁၂နာရီတွင်ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဦးကျင်တင်(ခ)အင်ကင်တင်
တိုက်ကြီးမြို့၊ကျန်းတိတ်ဥက္ကဋ္ဌ
(တိုက်ကြီးမြို့နယ်အသင်းဝင်)
အသက် (၈၃)နှစ်

တိုက်ကြီးမြို့၊ မြို့လယ်လမ်း၊ အမှတ် ၄၀နေ ဦးစွိရာ-ဒေါ်ဂေါ်ဘောက်(ခ) ဂေါ်ဘောက်ဂွမ်တို့၏သား၊ ဦးအောင်ခင်-ဒေါ်လေဝါးတို့၏အစ်ကို၊ ဦးအောင်စိုး-ဒေါ်လှလှမော်၊ ဦးမြင့်စိုး-ဒေါ်ရှုတင်၊ ဦးကျော်ဝင်း-ဒေါ်မာမာမြင့်၊ ဦးသန်းဇော်-ဒေါ်စန်းမြင့်၊ ဦးထင်ကျော်-ဒေါ်စန်းဝင်း၊ ဦးသန်းစိုး၊ ဦးစိုးဝင်း-ဒေါ်သင်းသင်းရီတို့၏ဖခင်၊ မြေး ၁၈ ယောက်တို့၏အဘိုးသည် ၈-၂-၂၀၀၄ ရက်တွင် ကွယ်လွန်သွားပါ၍ ၁၂-၂-၂၀၀၄ ရက်မွန်းလွဲ ၁နာရီတွင် တိုက်ကြီးမြို့ သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု။

ဒေါ်တင်တင် (မြိတ်)
ကျောင်းအုပ်ဆရာမကြီး
(အထက-ဆိပ်ကြီး၊ခနောင်တို)
အသက်(၅၉)နှစ်

မြိတ်မြို့၊ ဈေးတန်းရပ်၊ ဈေးဟောင်းလမ်းနေ (ဦးငွေညွန့်-ဒေါ်စောရီ)တို့၏ သမီး၊ အလုံ မြို့နယ်၊ နှင်းဆီကုန်းလမ်း၊ အမှတ် ၃၁၊ ပထမထပ်နေ ဦးခင်မောင်ညို(အထပြ၊ ငြိမ်း) ၏ဇနီး၊ ဦးခင်ဝေ-ဒေါ်အေးအေးသီ၊ ဒေါ်အေးအေးသီ၊ ဦးအောင်ချစ်(R/O)-ဒေါ်လှလှဝေ၊ ဦးဝေကြူ-ဒေါ်အေးအေးမာ၊ ဦးငွေအောင်တို့၏အစ်မကြီး၊ မောင်ညိုမင်းသက် (2nd Mate M.T.M Co., Ltd.)၊ မညို ဝင်းလဲ့(ကျိုက်ထိုဟိုတယ်)၊ မောင်ညိုမိုးသက်တို့၏ မိခင်ကြီး၊ တူတူမရှစ်ယောက်တို့၏ ကြီးကြီးသည် ၇-၂-၂၀၀၄ရက်(စနေနေ့) ညနေ ၃:၁၅ နာရီတွင် ရွှေဂုံတိုင်အထူးကုဆေးရုံ (S.S.C) တွင် ကွယ်လွန်သွားပါသဖြင့် ၁၁-၂-၂၀၀၄ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁၁ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၉ နာရီတွင်ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဦးဝင်းစိန် (သရက်)
ဒု-စက်ရုံမှူး(ငြိမ်း)
(သံမဏိစက်ရုံ၊ရွာမ)
အသက်(၇၁)နှစ်

ရန်ကုန်တိုင်း၊အင်းစိန်မြို့နယ်၊ အမှတ် ၉၁၊ ရွာမအရှေ့ရပ်ကွက်၊ သီရိမင်္ဂလာလမ်းသွယ်၈နေ (ဦးအေး-သဟာယ)-ဒေါ်သိန်းတို့၏သား၊ (ဦးအုန်းရွှေ တရားရုံးချုပ်ရှေ့နေ-ဒေါ်သန်းတင်)တို့၏ သားသမက်၊ ဒေါ်ရီရီအုန်း၏ခင်ပွန်း၊ ဦးလှဝမ်း (စက်ရုံမှူး၊ငြိမ်း၊ တပ်မတော်ပရိဘောဂစက်ရုံ) - ဒေါ်မြမိုးနှင်း (အင်္ဂတေပစ္စည်းစက်ရုံ)၊ (ဦးလှသန်း မြို့နယ် ပညာရေးမှူး၊ ငြိမ်း)-ဒေါ်ငွေလှိုင်၊ ဦးဇော်ဝင်း (ဦးစီးမှူး၊ မြို့နယ်သ/မ၊ မကွေး)-ဒေါ်ခင်စန်းဝေ၊ ဒေါ်မြမြစန်း (အလုပ်ရုံခွဲမှူး၊ ငြိမ်း) - ဦးစိုင်းထွန်း (Trusty Construction Services)၊ ဒေါ်မြင့်မြင့်သန်း(မူကြို)-ဦးစိုးဝင်းတို့၏ အစ်ကိုကြီးသည် ၈-၂-၂၀၀၄ရက် (တနင်္ဂနွေနေ့) နံနက်၇:၂၀နာရီတွင် အာရှတော်ဝင်အထူးကုဆေးခန်း၌ ကွယ်လွန်သွားပါ၍ ၁၀-၂-၂၀၀၄ ရက်(အင်္ဂါနေ့)မွန်းလွဲ၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (အထက်ပါ နေအိမ်မှကားများ မွန်းလွဲ၁နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမောင်နှမများ။

ဘုရား၊ရဟန်း၊ကျောင်းဒါယိကာမကြီး
ဒေါ်အေးအေးသွင်
အသက်(၅၃)နှစ်

မန္တလေးမြို့၊ အကွက်(၄၄)၊ ဒေါနပွားရပ်ကွက်၊ နန်းတော်ရှေ့အောင်မြေသာစံမြို့နယ်၊ ရန်ကုန်မြို့၊ အမှတ် ၄၃၊ အောင်သိဒ္ဓိလမ်း၊ မရမ်းကုန်းမြို့နယ်နေ (ဦးကျင်ကြိုင်-ဒေါ်ကျင်စိန်)တို့၏သမီးငယ်၊ (ဦးတုန်စိန်-ဒေါ်ဒေါ်ရှင်) တို့၏ သမီးချွေးမ၊ ဦးစိန်ဝင်း(ရွှေလရောင်ရေခဲစက်၊ ရွှေဥသြဂုံစက်၊ မန္တလေး)တို့၏ ဇနီး၊ ဦးလင်း (ဥက္ကဋ္ဌ၊ ရသာချိုစက်မှုလုပ်ငန်းလီမိတက်)-(ဒေါ်နုနုစိန်)တို့၏ ညီမ၊ ဒေါက်တာဇော်အောင်-ဒေါ်သူဇာထွန်းတို့၏ အစ်မ၊ မလဲ့ယုဝါ၏ မိခင်၊ ကိုဝေဖြိုးလင်း- မနွေဦးလွင်၊ မောင်သူဇော်၊ မောင်ခန့်ဇော်တို့၏ အဒေါ်သည် ၈-၂-၂၀၀၄ ရက် (တနင်္ဂနွေနေ့) နံနက် ၇:၂၀ နာရီတွင် မန္တလေးမြို့၌ ကွယ်လွန်သွားပါ၍ ၁၀-၂- ၂၀၀၄ရက် (အင်္ဂါနေ့) မွန်းလွဲ၁နာရီတွင် မန္တလေးမြို့ ကြာနီကန်သုသာန်သို့ ပို့ဆောင် မီးသဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု။

ဒေါ်ခင်ဝင်း
(ဗဟိုအမျိုးသမီးဆေးရုံ)
အသက်(၅၇)နှစ်

(ဦးကျော်-ဒေါ်တင်ရွှေ)တို့၏သမီး၊ (ဦးသိန်း)-ဒေါ်တင်ကြီးတို့၏ချွေးမ၊ ဒေါ်ခင်ခင်ဌေး(L.H.V ကျောက်တန်း)၊ ဦးသိန်းဇံ-ဒေါ်ခင်မြင့်မူ၊ ဒေါ်ဘုတ်ဘုတ်၊ ဦးမြသိန်းတို့၏အစ်မသည် ၇-၂-၂၀၀၄ ရက် နံနက် ၈:၁၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၉-၂-၂၀၀၄ရက် မွန်းလွဲ ၁နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်သဂြိုဟ်မည်ဖြစ်ပါကြောင်း။

(နေအိမ်မှကားများ နံနက် ၁၁:၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမောင်နှမ။

ဘုရား၊သိမ်၊ကျောင်း၊ဒါယကာကြီး
ဦးဌေးမောင် (မန္တလေးမြို့)
အသက်(၇၇)နှစ်

မန္တလေးမြို့၊ ဆိုင်းတန်းနဘဲကြူးရပ်နေ (ဘုရား၊ ကျောင်းဒါယကာကြီး ဦးစော-ဘုရားအမ၊ ကျောင်းအမ ဒေါ်ခင်သိန်း)တို့၏သား၊ မန္တလေးမြို့၊ ပိုက်ကျုံးရပ်နေ ဒေါ်အေးမြင့်၏ မောင်၊ ထိပ်စုကုန်းရွာနေ ဦးသိန်းမောင်-ဒေါ်ဌေးမေ၊ နဘဲကြူးရပ်နေ ဒေါ်မြရင်၊ ဒေါ်မြထွေးတို့၏အစ်ကိုကြီးသည် ၇-၂-၂၀၀၄ရက် (စနေနေ့) ညနေ ၃:၀၅ နာရီတွင် မန္တလေးမြို့ ဆိုင်းတန်းနဘဲကြူးရပ်နေအိမ်၌ ကွယ်လွန်သွားပါ၍ ၉-၂-၂၀၀၄ရက် (တနင်္လာနေ့) မွန်းတည့်၁၂နာရီတွင် အထက်ပါနေအိမ်မှ ကြာနီကန်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု။

ကိုလှစိုး (ဒါးပိန်)
B.Sc(Bot:)
အသက်(၄၀)

ရန်ကုန်တိုင်း၊ လှည်းကူးမြို့နယ်၊ ဒါးပိန်မြို့မြောက်ပိုင်း၊ ကျွဲကူးလမ်းနေ (ဦးအုန်းမြ)-ဒေါ်သန်းမြိုင်တို့၏သား၊ ဦးညိုဝင်း-ဒေါ်တင် မြင့်၊ ဦးမောင်စန်း-ဒေါ်ရင်၊ ဦးမောင်အေး-ဒေါ်ဌေးဌေးမြင့်၊ ဦးမောင်စိုး-ဒေါ်ယဉ်ဌေးတို့၏ ညီမောင်၊ (ကိုအောင်မိုး)-မမြင့်မြင့်၊ ကိုဝင်းဗိုလ်-မသီသီခိုင်၊ (မောင်သန်းဇော်)တို့၏ အစ်ကိုသည် ၈-၂-၂၀၀၄ရက်(တနင်္ဂနွေနေ့)နံနက်၁:၃၀နာရီတွင် ဒါးပိန်နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၀-၂-၂၀၀၄ ရက်(အင်္ဂါနေ့) မွန်းလွဲ ၁ နာရီတွင် ဒါးပိန်မြို့ မြောက်ပိုင်းသုသာန်သို့ ပို့ဆောင်သဂြိုဟ်မည်ဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု။

ဘုရားဒါယိကာမကြီး
ဒေါ်အုံးကြည်(ခ)ဒေါ်ကြည်
အသက်(၅၆)နှစ်

မိတ္ထီလာမြို့၊ သန်းကုန်းကျေးရွာနေ (ဦးညီငယ်-ဒေါ်စိန်တင့်)တို့၏ သမီး၊ ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၈) ရပ်ကွက်၊ အိမ်အမှတ် ၅၇၆၊ ဘုရားကြီးလမ်းနေ ခွဲတကက စိန်မောင်၏ ဇနီး၊ မတင်တင်မာ၊ မကြည်ကြည်စိန်၊ မောင်ကျော်စိုးမိုးတို့၏မိခင်သည် ၈-၂-၂၀၀၄ ရက် ညနေ ၅:၂၀နာရီတွင်ကွယ်လွန်သွားပါသဖြင့် ၁၀-၂-၂၀၀၄ရက် မွန်းလွဲ ၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေး သုသာန်သို့ ပို့ဆောင်သဂြိုဟ်ပါမည်။ (အထက်ပါနေအိမ်မှကားများ မွန်းလွဲ ၁၂:၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရ ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းက ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ နတ်မောက်လမ်းသွယ်(၁)၊ အမှတ်(၅၃)၊ မြန်မာ့အလင်းသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ် ၄၀၊ ကြေးနန်းလိပ် မြန်/လင်း၊ စာတည်းမှူး ၅၄၄၃၁၃၊ မန်နေဂျာ ၅၄၄၃၁၄၊ စာတည်းအဖွဲ့ ၅၄၄၃၀၉၊ စီမံ ၅၄၄၃၁၅၊ ငွေစာရင်း ၅၄၄၃၁၆၊ ဖြန့်ချိ ၅၄၄၃၁၇၊ ကြော်ငြာ ၅၄၅၈၃၄၊ ပုံနှိပ် ၅၄၄၃၁၈။

R. 488

ကွမ်းခြံကုန်းမြို့နှင့် ကော့မှူးမြို့ ဒစ်ဂျစ်တယ်အော်တိုအိတ်ချိန်းသစ်ဖွင့်ပွဲ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် တက်ရောက်ချီးမြှင့် နိုင်ငံတစ်ဝန်းလုံးအော်တိုအိတ်ချိန်း ၁၃၁ ခုနှင့်ဖုန်းလိုင်းပေါင်းလေးသိန်းတပ်ဆင်နိုင်

ရန်ကုန် ဖေဖော်ဝါရီ ၈

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများလိုက်ပါလျက် ယနေ့နံနက် ၇ နာရီခွဲတွင် ရန်ကုန်မြို့မှ ဒလမြို့ဆိပ်ကမ်းသို့ ပြည်တွင်းရေကြောင်းပို့ဆောင်ရေးရေယာဉ်ဖြင့် ရောက်ရှိရာ ရန်ကုန်တောင်ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် ဒလ၊ တွံတေး၊ ကော့မှူးနှင့် ကွမ်းခြံကုန်းမြို့နယ်များမှ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများ၊ အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများက ကြိုဆိုကြသည်။

စာမျက်နှာ ၁၀ ကော်လံ ၁ ✻



နိုင်ငံရေးဦးတည်ချက် (၄)ရပ်

- ✻ နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာ အေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- ✻ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ✻ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ✻ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက် (၄)ရပ်

- ✻ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✻ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ✻ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✻ နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက် (၄)ရပ်

- ✻ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
- ✻ အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- ✻ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- ✻ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ကမ္ဘည်းကျောက်စာတိုင် စက်ခလုတ်နှိပ်ဖွင့်လှစ်ပေး

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ကွမ်းခြံကုန်းမြို့ ဒစ်ဂျစ်တယ်အော်တိုအိတ်ချိန်းဖွင့်ပွဲ ကမ္ဘည်းကျောက်စာတိုင်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးစဉ်။

(သတင်းစဉ်)

အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် (၅၇)နှစ်မြောက် ပြည်ထောင်စုနေ့ပြပွဲ ဖွင့်ပွဲတက်ရောက်ချီးမြှင့်

(၅၇)နှစ်မြောက် ပြည်ထောင်စုနေ့ကျင်းပရေး ဗဟိုကော်မတီ ဒုတိယဥက္ကဋ္ဌများဖြစ်ကြသော နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်တို့ (၅၇)နှစ်မြောက် ပြည်ထောင်စုနေ့ပြပွဲ ဖွင့်ပွဲအခမ်းအနားအပြီးတွင် ပြခန်း ပြကွက်များကို လှည့်လည်ကြည့်ရှုကြစဉ်။

(မြန်မာ့အလင်း)

ရန်ကုန် ဖေဖော်ဝါရီ ၈

၂၀၀၆ ခုနှစ် (၅၇)နှစ်မြောက် ပြည်ထောင်စုနေ့ပြပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်၉နာရီတွင် ရန်ကုန်မြို့ ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမဦးကျင်းပရာ (၅၇)နှစ်မြောက် ပြည်ထောင်စုနေ့ကျင်းပရေးဗဟိုကော်မတီ ဒုတိယဥက္ကဋ္ဌများဖြစ်ကြသော နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်တို့ တက်ရောက် ချီးမြှင့်ကြသည်။

စာမျက်နှာ ၂ ကော်လံ ၄ ✡

ပထမအကြိမ် အသက်(၁၈)နှစ်အောက် ဘင်းမ်စတက်လူငယ်ဘောလုံးပြိုင်ပွဲ နောက်ဆုံးဗိုလ်လုပွဲတွင် အိန္ဒိယလူငယ်အသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိပြီး ချန်ပီယံဆုဖလားရရှိသွားသော မြန်မာလူငယ် လက်ရွေးစင်ဘောလုံးအသင်း။

(မြန်မာ့အလင်း)

ဘင်းမ်စတက်ချန်ပီယံမြန်မာ

သတင်းဆောင်းပါး-ကျော်မျိုးနိုင်၊ ဓာတ်ပုံ-ဘောလုံးအဖွဲ့ချုပ်နှင့်မြန်မာ့အလင်း

ရန်ကုန် ဖေဖော်ဝါရီ ၈

၈-၂-၂၀၀၆ရက်နေ့ ညနေ ၅ နာရီခန့်တွင် ဘောလုံးအဖွဲ့ချုပ်မှ ဖုန်းဝင် လာသည်။ ပထမအကြိမ် အသက်(၁၈)နှစ်အောက် ဘင်းမ်စတက် (BIMST.EC) လူငယ်ဘောလုံးပြိုင်ပွဲတွင် မြန်မာလူငယ်အသင်း ဗိုလ်စွဲသွားပြီဆိုသည့်အကြောင်း၊ ထို့နောက် ၆နာရီခွဲတွင် အိုလံပစ်ဟိုတယ် (သုဝဏ္ဏ)တွင် ဘောလုံးအဖွဲ့ချုပ် အမှုဆောင်အစည်းအဝေးရှိသဖြင့် တက်ရောက်ပါရန် ဖိတ်ကြားသည့်အကြောင်း၊ ယခုတလော ထိုအိုလံပစ်ဟိုတယ်(သုဝဏ္ဏ)သို့ မကြာခဏ ရောက်နေရသည်။ သို့သော် ယခုအကြိမ်က မင်္ဂလာအရှိဆုံး။

မြန်မာလူငယ်အသင်းကို ပြိုင်ပွဲမသွားမီ တစ်ရက်အလိုကလည်း ပဒုမ္မာကွင်းတွင် နံနက်စောစော တွေ့ခဲ့ရသည်။

စာမျက်နှာ ၁၁ ကော်လံ ၄ ■

မြန်မာလူငယ်အသင်းနှင့် အိန္ဒိယလူငယ်အသင်းတို့၏ နောက်ဆုံးဗိုလ်လုပွဲတွင် မြန်မာလူငယ်အသင်းအတွက် တစ်လုံးတည်းသော အနိုင်ဂိုးသွင်းယူပေးခဲ့သူ အောင်ဝင်းနိုင် (ခ)အောင်ဇော်မျိုး။ (မြန်မာ့အလင်း)

9-2 (20).p65 1 3/24/05, 10:13 PM